ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ

ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၁၃၀၀၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ**

**ပုံနှိပ်ထုတ်ဝေသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ပြည်ထောင်စုတရားသူကြီးချုပ် နှင့်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A.(Law).,LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| | ( ၃၀-၃-၂၀၁၁ ရက်နေ့မှ ၂-၈-၂၀၂၃ ရက်နေ့အထိ) | | |
| ၂။ | ဦးသာဋ္ဌေး | LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| | ( ၃-၈-၂၀၂၃ ရက်နေ့မှ ယနေ့အထိ) | | |
| ၃။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | ( ၃၀-၃-၂၀၁၁ ရက်နေ့မှ ၄-၈-၂၀၂၃ ရက်နေ့အထိ ) | | |
| ၄။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမျိုးမောင် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးကြည်သိန်း | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးခင်မောင်ကြီး | LL.B, M.P.A<br>D.B.L, D.I.L, D.I.R | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးတင်ဟုန် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဒေါ်ခင်မေရီ | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

| | | | |
|---|---|---|---|
| ၁၀။ | ဦးသောင်းနိုင် | LL.B, LL.M | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၁။ | ဦးသိန်းကိုကို | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၂။ | ဒေါ်သင်းသင်းနွဲ့ | LL.B, LL.M | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၃။ | ဒေါ်ပြုံးပြုံးအေး | LL.B, LL.M | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

( ၂၈-၈-၂၀၂၃ ရက်နေ့မှ ယနေ့အထိ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး<br>( ၃၀-၃-၂၀၁၁ ရက်နေ့မှ ၄-၈-၂၀၂၃ ရက်နေ့အထိ ) | B.A(Law),LL.B | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ဟုန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | LL.B | အဖွဲ့ဝင် |
| ၃။ | ဦးသိန်းကိုကို<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | LL.B | အဖွဲ့ဝင် |
| ၄။ | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | | အဖွဲ့ဝင် |
| ၅။ | ဦးစိုးသိန်း<br>တရားလွှတ်တော်ရှေ့နေ<br>တရားလွှတ်တော်ရှေ့နေများကောင်စီ | B.Com, M.P.A,R.L,<br>D.M.L | အဖွဲ့ဝင် |
| ၆။ | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | LL.B, LL.M,<br>M.A. Asian Law | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | LL.M, Ph.D | အဖွဲ့ဝင် |

၈။ ဒေါ်အေးအေးမော် LL.B, LL.M အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ်

(တရားစီရင်ရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၆-၄-၂၀၂၃ ရက်နေ့မှ ယနေ့အထိ)

၉။ ဒေါ်သင်းသင်းချို LL.B အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ်

(လုပ်ထုံး/အငြင်းပွား/စစ်ဆေးရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၂၀-၅-၂၀၂၂ ရက်နေ့မှ ၂၆-၆-၂၀၂၃ ရက်နေ့အထိ)

၁၀။ ဒေါ်ဥမ္မာအေး LL.B, LL.M, M.IL အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ်

(လုပ်ထုံး/အငြင်းပွား/စစ်ဆေးရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၂၈-၆-၂၀၂၃ ရက်နေ့မှ ယနေ့အထိ)

၁၁။ ဦးစောမျိုးမျိုး LL.B, LL.M အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

ပြစ်မှုတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၅-၂-၂၀၂၁ ရက်နေ့မှ ၇-၇-၂၀၂၃ ရက်နေ့အထိ)

| | | | |
|---|---|---|---|
| ၁၂။ | ဦးအောင်မြင့်<br>ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၁၃-၇-၂၀၂၃ ရက်နေ့မှ ယနေ့အထိ) | LL.B | အဖွဲ့ဝင် |
| ၁၃။ | ဒေါ်အေးအေးမော်<br>ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၃-၅-၂၀၂၁ ရက်နေ့မှ ၂၄-၄-၂၀၂၃ ရက်နေ့အထိ) | LL.B, LL.M | အဖွဲ့ဝင် |
| ၁၄။ | ဒေါ်ခင်နှင်းထွဋ်<br>ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၂၅-၄-၂၀၂၃ ရက်နေ့မှ ယနေ့အထိ) | LL.B, LL.M | အဖွဲ့ဝင် |
| ၁၅။ | ဒေါ်ခင်အုန်းတင့်<br>ညွှန်ကြားရေးမှူး<br>စာချွန်တော်ဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၅-၅-၂၀၂၂ ရက်နေ့မှ ၁၂-၇-၂၀၂၃ ရက်နေ့အထိ) | LL.B | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၆။ | ဒေါ်မြတ်သီတာအောင်<br>ညွှန်ကြားရေးမှူး<br>စာချုပ်တော်ဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၁၂-၇-၂၀၂၃ ရက်နေ့မှ ယနေ့အထိ) | LL.B | အဖွဲ့ဝင် |
| ၁၇။ | ဒေါ်ဥမ္မာအေး<br>ညွှန်ကြားရေးမှူး<br>(လုပ်ထုံး/အငြင်းပွား/စစ်ဆေးရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၂၆-၄-၂၀၂၃ ရက်နေ့မှ ၂၈-၆-၂၀၂၃ ရက်နေ့အထိ) | LL.B, LL.M, M.IL | အတွင်းရေးမှူး |
| ၁၈။ | ဒေါ်သူဇာအောင်<br>ညွှန်ကြားရေးမှူး<br>(လုပ်ထုံး/အငြင်းပွား/စစ်ဆေးရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>(၁၀-၇-၂၀၂၃ ရက်နေ့မှ ယနေ့အထိ) | LL.B, LL.M | အတွင်းရေးမှူး |

“တရားစီရင်ရာတွင် အမှန်ကို

ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို

စီရင်ကြောင်း အများမြင်စေရာသည်”

**(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ )** [၁]

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ည |
| ဒေါ်သင်းသင်းမြတ် ပါ ၄ | နှင့် | ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် ပါ ၂ | ၁ |
| ဒေါ်အေးအေးကြည် ပါ ၃ | နှင့် | ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် ပါ ၂ | ၁၅ |
| ဒေါက်တာသန်းထွဋ် | နှင့် | ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် | ၃၁ |
| ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် | နှင့် | မဖြိုးစုလှိုင် | ၅၀ |
| မဝါဝါမြင့် | နှင့် | ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် ပါ ၂ | |
| ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် | နှင့် | ဦးခင်မောင်မြင့် ပါ ၃ | ၆၄ |
| ဦးတင်ထွန်း(ခ)လင်ဟုရန် | နှင့် | ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် ပါ ၃ | ၈၃ |

## မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | ကက-ကည |
| ဒေါ်ကလျာမိုး | နှင့် | Mr. Gerald Schreiber | ၁ |
| ဒေါ်ညွန့်ကြည် | နှင့် | ဒေါ်မြမြစန်း ပါ ၂ | ၁၇ |
| ဒေါ်ညွန့်ကြည် | နှင့် | ဒေါ်မြမြစန်း ပါ ၂ | |
| ဒေါ်မြမြစန်းပါ ၂ | နှင့် | ဒေါ်ညွန့်ကြည် | |
| ဒေါ်သက်ထားကြိုင် | နှင့် | ဒေါ်ခိုင်စန္ဒာဝင်း(ကွယ်လွန်သူ ဦးမြဝင်း၏ တရားဝင်ကိုယ်စားလှယ်) | ၃၉ |
| ဦးထက်ခိုင်ကြည်လင် | နှင့် | ဦးဇော်မိုးလေး(ကွယ်လွန်သူ ဒေါ်ကေသီခိုင်၏ တရားဝင်ကိုယ်စားလှယ်) | ၅၄ |
| ဦးမောင်မောင်လှ ပါ ၃ | နှင့် | ဒေါ်ရီတာတင်မောင်(ခ)ဒေါ်နုနုတင် ပါ ၆ | ၇၄ |

# ၂၀၂၂ ခုနှစ်

# ရာဇဝတ်ဆိုင်ရာအမှုများ

## ရာဇဝတ်ဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ -

- ရာဇဝတ်ကျင့်ထုံးဥပဒေ
- ရာဇသတ်ကြီး
- သက်သေခံအက်ဥပဒေ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

**ရဲစခန်းတွင် အမှုပိတ်သိမ်းခြင်းသည် အမှုမှအပြီးအပြတ်လွှတ်ခြင်း မဟုတ်၍ တရားရုံးသို့ ဦးတိုက်လျှောက်ထားမှုအပေါ် အရေးယူဆောင်ရွက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေက မူလမှုကို ရဲစခန်းက ဥပဒေအကြံပြုချက်နှင့်အညီ အမှုစွဲဆိုရန် မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ပါလျက် တရားလို၏ ဦးတိုက်လျှောက်လွှာအား မူလရုံးက လက်ခံစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း လျှောက်လဲတင်ပြခဲ့သည်။

ရဲစခန်းက အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ခြင်းသည် စာမျက်နှာ အမှုမှအပြီးအပြတ်လွှတ်ခြင်းမဟုတ်ပေ။ တရားလို၏ ဦးတိုက် လျှောက်လွှာအပေါ် တရားရုံးကအရေးယူခြင်းသည် ရာဇဝတ် ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ခြင်းမရှိ၍ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း လျှောက်ထားသူများ၏ရှေ့နေ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

ဒေါ်သင်းသင်းမြတ် ပါ ၄ နှင့် ပြည်ထောင်စုသမ္မတ ၁
မြန်မာနိုင်ငံတော် ပါ ၂

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းအကျိုးနှစ်ရပ်နှင့် ညီညွတ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အခွင့်အရေးတောင်းဆိုသူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တစ်ရပ်ရပ်ကို လက်လွှတ် (Dispossessed) ခဲ့ရသည်ဟု ပေါ်ပေါက် ရမည်ဖြစ်သည်။ ထိုသို့လက်လွှတ် (Dispossessed) ရခြင်း၏ အရင်းခံအကြောင်းတရားမှာ ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု

သို့မဟုတ် ရာဇဝတ်မကင်းသောခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံ စာမျက်နှာ တစ်ရာကြောင့်ဖြစ်ရပေမည်။ ထိုအကြောင်းတရား၏ အကျိုးဆက် အဖြစ် လက်လွတ် (Dispossessed) ခြင်း ဖြစ်ရပေမည်။ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ ဆောင်ရွက်ရန် ဤအကြောင်းအကျိုး နှစ်ရပ်နှင့် ညီညွတ်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားလို ဒေါ်ရွှေစဉ်စိုးသည် ထပ်မံစွဲဆို သည့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် ရာဇဝတ် မကင်းသော ခြောက်လှန့်မှုမြောက်သည့် ပြစ်မှုကျူးလွန်ခြင်းခံရ သည်မှာမှန်သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်နိုင်ရန် နောက်ထပ်အင်္ဂါရပ်ဖြစ်သည့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကြောင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်ကို လက်လွတ်ခဲ့ရခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြသရမည်ဖြစ် သော်လည်း ယခုမှု ထိုသို့သောအကြောင်းကြောင့် အကျိုးဆက် အဖြစ်လက်လွတ်ခဲ့ရခြင်းမျိုးမဟုတ်ဘဲ ယခင်ကတည်းက လက်လွတ် ခဲ့ရပြီးဖြစ်ကြောင်း အမှုတွင်ပေါ်ပေါက်နေသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်သည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် လက်လွတ်ခဲ့ရခြင်းမျိုးဖြစ်ကြောင်း မပေါ်ပေါက်ပေ။

တစ်နည်းအားဖြင့် ယခင်က လက်လွတ်ခဲ့ရပြီးဖြစ်သည်

(ဃ) ညွှန်းချက်

ဆိုခြင်းမှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် ပါရှိသော စာမျက်နှာ ပြစ်မှုတစ်စုံတစ်ရာမျိုးဖြင့် ကျူးလွန်ခြင်းမခံရမီက ဒေါ်ရွှေစဉ်စိုး သည် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် အချင်းဖြစ်မြေပေါ် တွင် "လက်ရှိ" မဟုတ်ဟုဆိုသောအဓိပ္ပါယ် ဖော်ဆောင်နေပေသည်။

ဒေါ်အေးအေးကြည် ပါ ၃ နှင့် ပြည်ထောင်စုသမ္မတ ၁၅
မြန်မာနိုင်ငံတော် ပါ ၂

**ပြစ်မှုမမြောက်လျှင် သက်သေခံပစ္စည်းကို ပစ္စည်းအပ်ပေးသူထံ ပြန်လည်ပေးအပ်ရန်ဖြစ်သော်လည်း ထူးခြားသောကိစ္စရပ် များတွင် ခြွင်းချက်ပြုစဉ်းစားရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လက်ခံကျင့်သုံး လျက်ရှိသောအခြေခံမူတစ်ရပ်မှာ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံ တင်ပြသောပစ္စည်းကို ပစ္စည်းတင်ပြသူထံ ပြန်လည်ပေးအပ်ရန်ဖြစ် သည်။ အဆိုပါမူမှာ အနီးစပ်ဆုံးဖြင့် မျှတမှုသို့ ရောက်ရှိစေရန်နှင့် မျှတမှုကို အနီးစပ်ဆုံးပေးစွမ်းနိုင်အောင် စဉ်းစားပေးထားခြင်းပင် ဖြစ်သည်။ သို့သော်အခါခပ်သိမ်း ထိုသို့လိုက်နာကျင့်သုံးရန်မဟုတ်။ ပုံသေကားကျတွေးခေါ်ရန်မဟုတ်။ အမှုများသည် တစ်မှုနှင့်တစ်မှု ထပ်တူကျနိုင်မည်မဟုတ်သဖြင့် အမှုသွားအမှုလာအရ ထူးခြား

သောအကြောင်းကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ထိုကဲ့သို့ စာမျက်နှာ ထူးခြားသောအကြောင်းကိစ္စများကို ခြွင်းချက်ပြုစဉ်းစားပေးရမည် ဖြစ်သည်။ ထိုသို့ခြွင်းချက်ပြုရခြင်းမှာ တရားရုံးသည် အကြောင်းခြင်းရာ အရ မှုတမှုအပေါ်အထောက်အကူပြုရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားနိုင်ရန်ဖြစ်သည်။

ဒေါက်တာသန်းထွန်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၃၁

**အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွားပြီးနောက် ပြုမူသည့် အခြေအနေကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် မရိုးမဖြောင့် သော သဘောရှိကြောင်း ပေါ်လွင်ပါက ထိုသူသည် လိမ်လည်မှုကို ပြုသည်ဟု ယူဆနိုင်မည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှုတို့၏ ခြားနားချက်မှာ သွေးဆောင်သည်ဟုစွပ်စွဲသည့်အချိန်တွင် စွပ်စွဲခံရသူ၏ ကြံရွယ်ချက်သည် မည်သို့ရှိသည်ဆိုသည့်အချက်ပေါ်တွင် မူတည်လျက်ရှိသည်။ သို့ရာတွင် ထိုကြံရွယ်ချက်မှာ လူတစ်ဦး၏စိတ်သဏ္ဌာန်တွင် ဖြစ်ပေါ်နေသောအခြေအနေဖြစ်၍ သာမန်အားဖြင့် မြင်လွယ်တွေ့လွယ်သောအရာမဟုတ်ပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၄ အရ စိတ်အခြေအနေကို

(စ) ညွှန်းချက်

ဖော်ပြသော ကြံရွယ်ချက်၊ ရိုးဖြောင့်သောသဘောနှင့် မရိုးမဖြောင့် သောသဘောတို့ကို ဖော်ပြသောအကြောင်းအရာများသည် စပ်ဆိုင်သောအကြောင်းခြင်းရာများဖြစ်သည်။ စိတ်အခြေအနေကို လေ့လာသုံးသပ်ရာတွင် သက်သေခံအက်ဥပဒေပုဒ်မ ၈ အရ ပြစ်မှုမတိုင်မီကဖြစ်စေ၊ နောင်တွင်ဖြစ်စေ ပြုမူသည့် အပြုအမူ၊ အမူအရာတို့ကို အခြေခံရမည်။ စာမျက်နှာ

အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွားပြီးနောက် ပြုမူသည့်လူ၏အခြေအနေကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် မရိုးမဖြောင့်သောသဘောရှိကြောင်းပေါ်လွင်ပါက ထိုသူသည် လိမ်လည်မှုကိုပြုသည်ဟုယူဆရပေမည်။

| | | | |
|---|---|---|---|
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | | မဖြိုးစုလှိုင် | ၅၀ |
| မဝါဝါမြင့် | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | |

**ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့်** စာမျက်နှာ

**အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကိုကျင့်သုံး၍ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အား ပယ်ဖျက်ခဲ့သည်ကို **မညွှန့်ခင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု** တွင် တွေ့ရှိရသည်။

ဝန်ခံသည့်တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ရာဇဝတ်ပြင်ဆင်မှုတွင် တရားရုံးချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ခဲ့သည်ကို **မောင်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်သိန်းပါ ၃ အမှု** တို့တွင် သာဓကအဖြစ်တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြင်ဆင်မှုအဖြစ်တင်သွင်းလျှောက်ထားမှုတွင်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်း ထင်ရှားသည်။ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမျိုးအစားတွင်သာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတအာဏာကိုကျင့်သုံးနိုင်သည်ဟု ကန့်သတ်ချက်မျိုး ပြဋ္ဌာန်း

ထားခြင်းမရှိပေ။ ထိုသို့ ကန့်သတ်မည်ဆိုလျှင်လည်း မူလဘူတ စာမျက်နှာ အာဏာကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းချက်နှင့် ရည်ရွယ်ချက်တို့မှာ အဟောသိကံဖြစ်ပေလိမ့်မည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ၏ ပြဋ္ဌာန်းချက်၌ပင်လျှင် မူလဘူတအာဏာကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်း၊ ထိခိုက်ခြင်းပြုနိုင်မည်မဟုတ်ဟု ရှင်းလင်းထားပြီးဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပြင်ဆင်မှုရုံးတွင် ပြင်ဆင်မှုအာဏာကျင့်သုံးသည်မှာမှန်သည်။ သို့သော် ပြင်ဆင်မှုအာဏာက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို အတားအဆီးပြု၍ မရပေ။ အကန့်အသတ်ပြု၍မရပေ။ အချုပ်အချယ်ပြု၍မရပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးခွင့်အပ်နှင်းခြင်းခံရသောတရားရုံးသည် ထိုအာဏာကို ကျင့်သုံးရန်လိုအပ်သည့်အခြေအနေပေါ်ပေါက်ပါက ကျင့်သုံးခွင့်ရှိသည်သာ ဖြစ်သည်။

ပြင်ဆင်မှုတွင် လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်း အထက်တွင် သာဓကပြဆိုခဲ့ပြီးဖြစ်သည်။ အမှုချေဖျက်ပေးရန်ဆိုသည်မှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာအရ

ဆောင်ရွက်နိုင်သည့်ဘောင်အတွင်း၌ပင်ဖြစ်ရာ ပြင်ဆင်မှုပင်ဖြစ်စေ စာမျက်နှာကာမှု အမှုချေဖျက်ရန်အထောက်အထားပေါ်ပေါက်ပါက မူလဘူတအာဏာကိုကျင့်သုံးခွင့်ရှိသောတရားရုံးအနေဖြင့် ထိုအာဏာကိုကျင့်သုံး၍ချေဖျက်ခွင့်ရှိရမည်သာဖြစ်သည်။ ချေဖျက်ခွင့်ရှိမည်လည်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် ဦးခင်မောင်မြင့် ပါ ၃ ၆၄

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ ပါ စကားရပ်များမှာ အလွန်ကျယ်ပြန့်သော်လည်း တရားစီရင်ရေးဆိုင်ရာမှုများအရသာ ဆုံးဖြတ်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ရာတွင်လိုအပ်သောစာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်တစ်ဦးတစ်ယောက်အားအမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မပါစကားရပ်များမှာ အလွန်ကျယ်ပြန့်သော်လည်း တရားစီရင်ရေးဆိုင်ရာမှုများအရသာ ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုတွင်အရေးပါအရာရောက်သော စပ်ဆိုင်မှု၊ ဆက်စပ်မှု၊ သက်သေခံအထောက်အထားအသုံးပြုမှုအတွက် အမှန်တကယ်လိုအပ်ခြင်းရှိ

| | |
|---|---|
| မရှိ ဆင်ခြင်ဆုံးဖြတ်ရန်ဖြစ်သည်။ | စာမျက်နှာ |
| ဦးတင်ထွန်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၃ | ၈၃ |
| (ခ)လင်ဟုရန် | |

+ ၂၀၂၂ ခုနှစ်

စက်တင်ဘာလ ၁၅ ရက်

**ရာဇဝတ်ပြင်ဆင်မှု**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဒေါ်သင်းသင်းနွဲ့ ရှေ့တွင်**

**ဒေါ်သင်းသင်းမြတ် ပါ ၄**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ ***

**ရဲစခန်းတွင် အမှုပိတ်သိမ်းခြင်းသည် အမှုမှ အပြီးအပြတ်လွှတ်ခြင်း မဟုတ်၍ တရားရုံးသို့ ဦးတိုက်လျှောက်ထားမှုအပေါ် အရေးယူဆောင်ရွက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက မူလမှုကို ရဲစခန်းက ဥပဒေအကြံပြုချက်နှင့်အညီ အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ပါလျက် တရားလို၏ဦးတိုက်လျှောက်လွှာအား မူလရုံးက လက်ခံစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း လျှောက်လဲတင်ပြခဲ့သည်။

ရဲစခန်းက အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ခြင်းသည် အမှုမှအပြီးအပြတ်လွှတ်ခြင်းမဟုတ်ပေ။ တရားလို၏ဦးတိုက်

* ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၉ (ခ)

\+ ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃ တွင် ချမှတ်သော ၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ ကရင်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

လျှောက်လွှာအပေါ် တရားရုံးက အရေးယူခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိ၍ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း လျှောက်ထားသူများ၏ရှေ့နေ တင်ပြချက်ကို လက်ခံရန်အကြောင်း မရှိပေ။

လျှောက်ထားသူများအတွက် - ဦးစိုးမြတ်သူလင်း၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် -(၁) ဒေါ်သန္တာဘကြည်၊
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေရေးရာဝန်ကြီးဌာန
(၂) ဒေါ်အေးနန္ဒာကျော်၊
တရားလွှတ်တော်ရှေ့နေ

လှိုင်းဘွဲ့မြို့နယ်တရားရုံး၊ ၂၀၂၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၈ တွင် လျှောက်ထားသူ ဒေါ်သင်းသင်းမြတ်၊ ဒေါ်ရွှေဥ၊ ဒေါ်နန်းမြသိန်း၊ ဦးစောလင်းတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲချက်တင်သည့်အမိန့်များအား ဘားအံခရိုင်တရားရုံး၊ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၊ ကရင်ပြည်နယ်တရားလွှတ်တော်၊

၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၃ တို့ဖြင့် အဆင့်ဆင့် တက်ရောက်ခဲ့သော်လည်း အောင်မြင်မှုမရသဖြင့် ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ဒေါ်နန်းခင်နှင်းပွင့်အေးက လှိုင်းဘွဲ့မြို့နယ်၊ သမ္ဘာန်ကျေးရွာအုပ်စုအတွင်းရှိ အကွက်အမှတ် ၁၄၁၈(ဃ)၊ ကွင်းအမည် သမ္ဘာန်ရွာကွင်း၊ ဦးပိုင်အမှတ် ၁၃/၁၊ ဧရိယာ (၉.၈၅) ဧကတွင် အလျား (၁၅၀) ပေ၊ အနံ (၁၀၀) ပေရှိသော မြေနေရာကို ကျပ်သိန်း (၂၇၀) ဖြင့် ဝယ်ယူပြီး မြေစာရင်းပုံစံ ၁၀၅ ရရှိထား ကြောင်း၊ တရားလိုသည် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေအရ ထောင် (၁) နှစ် ကျခံခဲ့ရကြောင်း၊ ထောင်မကျခင် ၂၄-၉-၂၀၁၉ ရက်နေ့က ဆရာမဒေါ်ဂျမ်းဘုံထံတွင် ၇-၁၂-၂၀၁၆ ရက်စွဲပါ ခြံမြေကွက်၏အရောင်းအဝယ်စာချုပ်အား အပေါင်အဖြစ်ထားရှိပြီး ငွေကျပ်သိန်း (၃၀) ကို အတိုးဖြင့်ချေးယူခဲ့ကြောင်း၊ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့သည် မိမိက ဆရာမဒေါ်ဂျမ်းဘုံထံတွင် ပေါင်နှံ ထားသောစာချုပ်အားရယူကာ မိမိခြံမြေကွက်မှ အနံ (၅၀) ပေ၊ အလျား (၀၁၀) ပေ အား ဒေါ်နန်းမြသိန်းတို့လင်မယားထံ ၁၄-၁-၂၀၂၀ ရက်နေ့က ငွေကျပ်သိန်း (၁၅၀) ဖြင့် ရောင်းချခဲ့သည်ကို ၁၇-၄-၂၀၂၀ ရက်နေ့ မိမိထောင်က လွတ်လာမှသိရှိခဲ့ရကြောင်း၊ မိမိထောင်ကျ

နေစဉ်အချိန်အတွင်း မိမိမသိရှိဘဲ မိမိပိုင်ခြံမြေကွက်အား မရိုးမဖြောင့်သော သဘောဖြင့် လိမ်လည်ရောင်းစားခဲ့ကြသူ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့အားလည်းကောင်း၊ ရောင်းချသူမူလပိုင်ရှင်မိမိမဟုတ်မှန်းသိလျက်နှင့် ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့အား အားပေးကူညီပြီးဝယ်ယူသူ၊ အချင်းဖြစ်ခြံမြေနေရာ၌ ကျူးကျော်ပြီးကွန်ကရစ်တိုင်စိုက်မြေဖို့ခဲ့ကြသူ ဒေါ်နန်းမြသိန်းတို့ လင်မယားအားလည်းကောင်း၊ ရောင်းချသူမူလပိုင်ရှင် မိမိမဟုတ်မှန်းသိလျက်နှင့်အားပေးကူညီပြီး အသိသက်သေနေရာများ၌ လက်မှတ်ရေးထိုးပေးခဲ့သူ ဦးစောလင်းအားလည်းကောင်း ဥပဒေအရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားသော အမှုဖြစ်သည်။

လျှောက်ထားသူများ၏ တရားလွှတ်တော်ရှေ့နေက တရားလိုဘက်ထွက်ဆိုချက်များအရ မည်သူ့ကိုမျှ ယုံကြည်အပ်နှံထားခြင်း၊ စီမံခန့်ခွဲရန်အပ်နှံထားခြင်းမရှိကြောင်း ပေါ်ပေါက်နေ၍ ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့် စွဲချက်တင်နိုင်မည်မဟုတ်ကြောင်း၊ တရားလို၏ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေကွက်အား ရောင်းချခဲ့ရာ မြေကွက်ရောင်းရငွေများအား ဦးစောလင်းထံသို့ အကြွေးဆပ်ခြင်း၊ ဒေါ်ရွှေဥနှင့် ၎င်း၏တူမဖြစ်သူတို့ထံ အကြွေးဆပ်ခြင်း၊ တရားလိုပြသက်သေဦးမင်းဝေက ငွေရယူခြင်းတို့သည် ခြံရောင်းချငွေများဟု

ပေါ်ပေါက်နေကြောင်း၊ အမှုဖြစ်အကြောင်းခြင်းရာအား တရားလိုဘက်မှ ခိုင်မာတိကျစွာစွပ်စွဲထွက်ဆိုနိုင်ခြင်းမရှိဘဲ တရားခံများအား ဖြေရှင်းစေသင့်သည်ဟု ခရိုင်တရားရုံးနှင့် ကရင်ပြည်နယ်တရားလွှတ်တော်တို့မှ အမိန့်ချမှတ်ခြင်းသည် တရားခံများအပေါ် တာဝန်လွှဲပြောင်းစေခြင်းမျိုးဖြစ်ပါကြောင်း၊ မူလမှုကို ရဲစခန်းတွင် တရားလိုက တိုင်ချက်ဖွင့်လှစ်စွဲဆိုခဲ့သော်လည်း ဥပဒေရုံးအကြံပြုချက်နှင့်အညီ အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ပါကြောင်း၊ သို့ပါလျက် မူလရုံးက တရားလို၏ဦးတိုက်လျှောက်လွှာအား လက်ခံစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါကြောင်း၊ လျှောက်ထားသူများအား စွဲချက်မတင်မီ တရားရှင်လွှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက မူလရုံးတရားလို ဒေါ်နန်းခင်နှင်းပွင့်အေးသည် ၎င်းပိုင်ခြံမြေအရောင်းအဝယ်စာချုပ်အား မူလရုံးတရားခံ ဦးစောလင်း၏ဇနီး ဒေါ်ဂျမ်းဘုံထံတွင် အပေါင်အဖြစ်ထားကာ ငွေကျပ်သိန်း (၃၀) ချေးယူခဲ့ကြောင်း၊ ဒေါ်နန်းခင်နှင်းပွင့်အေး ထောင်ကျနေစဉ်အတွင်း မူလရုံးတရားခံ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့က မူလရုံးတရားလိုပိုင် ခြံမြေအရောင်းအဝယ်စာချုပ်ကိုရယူပြီး မူလရုံး

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

တရားလိုမသိဘဲ မူလရုံးတရားခံ ဒေါ်နန်းမြသိန်းထံတွင် ငွေကျပ်သိန်း (၁၅၀) ဖြင့် ရောင်းချခဲ့ကြောင်း၊ ထိုသို့ရောင်းချစဉ် မူလရုံးတရားခံ ဒေါ်ရွှေဥ နှင့် ဦးစောလင်းတို့က အသိသက်သေအဖြစ်လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အဆိုပါခြံမြေ ရောင်းရငွေ ကျပ်သိန်း (၁၅၀) အား မူလရုံးတရားခံများဖြစ်သော ဒေါ်သင်းသင်းမြတ်က ငွေကျပ်သိန်း (၇၀)၊ ဒေါ်ရွှေဥက ငွေကျပ် (၃၉၈၀၀၀၀ိ/)၊ ဦးစောလင်းတို့က အတိုး၊ အရင်းပေါင်းငွေ (၄၀၂၀၀၀ိ/) တို့ကို အသီးသီးခွဲဝေသည်ဟုပေါ်ပေါက်ကြောင်း၊ မူလရုံးတရားခံများက မူလရုံးတရားလို၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ခုခံတင်ပြထား၍ ယင်းအချက်ကို လျှောက်ထားသူများက ဖြေရှင်းရန် ငြင်းစွန်းချက်များရှိနေကြောင်း၊ နှစ်ဘက်ထွက်ဆိုချက်များ ပြည့်စုံရန်လိုအပ်သည့်အတွက် စွဲချက်တင်ဖြေရှင်းစေသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ တရားလွှတ်တော်ရှေ့နေက မူလရုံးအမှုတွဲပါ သက်သေခံ(င) ၁၄-၁-၂၀၂၀ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ မူလရုံးတရားလို၏ခြံမြေကွက်အား အပေါင်အဖြစ်အပ်နှံထားသည့်စာချုပ်စာတမ်းကို လျှောက်ထားသူတို့သည် ဆရာမဒေါ်ဂျမ်းဘုံထံမှ ယူဆောင်သွားပြီး မရိုးမဖြောင့်သောသဘော

ဖြင့် လိမ်လည်၍ရောင်းစားခဲ့ကြသူ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥ တို့ကိုလည်းကောင်း၊ ရောင်းချသူ မူလပိုင်ရှင်မဟုတ်မှန်းသိလျက်နှင့် တရားလိုပိုင်ခြံမြေကွက်ကို လိမ်လည်ပြီးရောင်းချခဲ့ကြသူ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့အား အားပေးကူညီပြီး ဝယ်ယူသူနေရာတွင်လက်မှတ်ရေးထိုးသူ ဒေါ်နန်းမြသိန်းအားလည်းကောင်း၊ မြေရောင်းရာတွင် မူလပိုင်ရှင် တရားလိုမဟုတ်မှန်းသိလျက်နှင့် လိမ်လည်သူများကို အားပေးကူညီပြီး အသိသက်သေနေရာတွင် လက်မှတ်ရေးထိုးပေးခဲ့သူ ဦးစောလင်းအားလည်းကောင်း မူလရုံးက ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့် စွဲချက်တင်ခဲ့ခြင်းအား ဘားအံခရိုင်တရားရုံးနှင့် ကရင်ပြည်နယ်တရားလွှတ်တော်တို့က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်ပါကြောင်း လျှောက်လဲတင်ပြသည်။

ရာဇသတ်ကြီးပုဒ်မ ၄၀၅ တွင် မည်သူမဆို ပစ္စည်းကို သို့မဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့မဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလဲလျှင် သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန် နည်းလမ်းကိုပြဋ္ဌာန်းသည့် ဥပဒေညွှန်ကြားချက်ကို ဖောက်ဖျက်

ကျူးလွန်၍သော်လည်းကောင်း၊ ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သဘော သက်ရောက်စေခြင်းဖြင့်ဖြစ်စေ မိမိချုပ်ဆိုသောဥပဒေနှင့်ညီသည့် ပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်၍သော်လည်းကောင်း၊ ထိုပစ္စည်း ကို မရိုးမဖြောင့်သောသဘောဖြင့် သုံးစွဲခြင်းကို သို့မဟုတ် စီမံခန့်ခွဲ ခြင်းကို ပြုလျှင် သို့မဟုတ် အခြားသူက ထိုသို့ပြုသည်ကို တမင် ခွင့်ပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏ဟု ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုအား အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆို ထားသည်။

မူလမှုတွင် တရားလို ဒေါ်နန်းခင်နှင်းပွင့်အေးသည် ၎င်း ထောင်မကျခင် ၂၄-၉-၂၀၁၉ ရက်နေ့က တရားခံ ဦးစောလင်း၏ ဇနီး ဆရာမဒေါ်ဂျမ်းဘုံထံတွင် ၇-၁၂-၂၀၁၆ ရက်စွဲပါ ခြံမြေကွက် အရောင်းအဝယ်စာချုပ်ကို အပေါင်အဖြစ်ထားရှိပြီး ငွေကျပ်သိန်း (၃၀) ကို အတိုးဖြင့်ချေးယူခဲ့ကြောင်း၊ အဆိုပါစာချုပ်ကို တရားခံ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့က ရယူပြီး တရားလိုထောင်ကျ နေစဉ်ကာလအတွင်း ၁၄-၁-၂၀၂၀ ရက်နေ့က တရားခံ ဒေါ်နန်းမြသိန်း တို့ထံ ကျပ်သိန်း (၁၅၀) ဖြင့်ရောင်းချခဲ့ကြောင်း၊ ထိုသို့ ရောင်းချစဉ်

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သက်သေခံ(င) အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်၌ ရောင်းချသူနေရာတွင် တရားလို၏အမည် နန်းခင်နှင်းပွင့်အေး ဟုရေးသားဖော်ပြခဲ့သော်လည်း အဆိုပါနေရာ၌ တရားခံဒေါ်သင်းသင်းမြတ်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဝယ်သူနေရာတွင် တရားခံဒေါ်နန်းမြသိန်းကလည်းကောင်း၊ အသိသက်သေများနေရာတွင် ဒေါ်ရွှေဥနှင့် ဦးစောလင်းတို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ရောင်းချရငွေကို တရားခံဒေါ်သင်းသင်းမြတ်၊ ဒေါ်ရွှေဥ၊ ဆရာမဒေါ်ဂျမ်းဘုံ၏ခင်ပွန်း ဦးစောလင်းတို့မှ အသီးသီးခွဲဝေရယူခဲ့ကြောင်း၊ အဆိုပါကိစ္စများကို တရားလို ထောင်မှလွတ်လာသည့် ၁၇-၄-၂၀၂၀ ရက်နေ့ နောက်ပိုင်းမှသိရှိခဲ့ရကြောင်း တရားလိုဒေါ်နန်းခင်နှင်းပွင့်အေးက ထွက်ဆိုတင်ပြသည်။

မူလရုံးတရားခံများကလည်း တရားလိုထောင်ကျနေစဉ် ငွေကြေးလိုအပ်ချက်အရ တရားလိုကိုယ်တိုင် အချင်းဖြစ်ခြံမြေအား ရောင်းချပေးရန် တရားခံဒေါ်သင်းသင်းမြတ်နှင့် ဒေါ်ရွှေဥတို့ကို အကြိမ်ကြိမ်အကူအညီတောင်း၍ အချင်းဖြစ်ခြံမြေအရောင်းအဝယ်ကိစ္စဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ တရားလိုထောင်မှ လွတ်လာလျှင် ခြံမြေအရောင်းအဝယ်စာချုပ်ကို တရားလို၏အမည်ဖြင့် ပြန်လည်ချုပ်ဆိုပေးမည်၊ အမည်ပေါက်ပြောင်းပေးမည်ဟု တရားလို

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

က ပြောကြားခဲ့ကြောင်း၊ ခြံရောင်းရငွေများကို တရားလို ချေးငှား ပေါင်နှံထားသောငွေကြေးများနှင့် ကုန်ကျစရိတ်များရယူရန် တရားလို ကပင် ခွဲတမ်းချပေးခဲ့ကြောင်း တရားခံဘက်မှ တရားလိုအား ပြန်လှန်မေးမြန်းထားသည်။

တရားခံဘက် ပြန်လှန်မေးမြန်းချက်များအား တရားလိုက မဟုတ်မမှန်ကြောင်း ထွက်ဆိုထားသည့်အပြင် ထိုစဉ်က တရားလို နှင့်အတူထောင်ကျနေသော ဦးမင်းဝေ(လိုပြ-၅) ကလည်း ၎င်းအား တရားခံဘက်ပြန်လှန်စစ်မေးစဉ် တရားလို ထွက်ဆိုသည့်အတိုင်း ထောက်ခံထွက်ဆိုထားသည်။ ဦးမင်းဝေ (လိုပြ-၅) သည် တရားခံ ဒေါ်သင်းသင်းမြတ်၏ အစ်ကိုအရင်းဖြစ်ကြောင်း တရားလိုဘက် သက်သေခံချက်များအရ တွေ့ရှိရသည်။

မူလရုံးတရားလိုက ၎င်း၏ ခြံမြေကွက်အရောင်းအဝယ် စာချုပ်ကို တရားခံဦးစောလင်းနှင့် ဆရာမ ဒေါ်ဂျမ်းဘုံတို့လင်မယား ထံ အပေါင်အဖြစ်အပ်နှံခြင်းဖြင့် အဆိုပါပစ္စည်းကို တစ်နည်းနည်း ဖြင့်ယုံကြည်အပ်နှံထားခြင်းဖြစ်သည်။ တရားလို ထောင်ကျနေစဉ် အတောအတွင်း အဆိုပါအရောင်းအဝယ်စာချုပ်ကို တရားခံ ဦးစောလင်းတို့လင်မယားထံမှတစ်ဆင့် ဒေါ်သင်းသင်းမြတ်၊ ဒေါ်ရွှေဥ တို့ကရယူပြီး တရားခံ ဒေါ်နန်းမြသိန်းအား သက်သေခံ(င) အိမ်ခြံမြေ

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ယင်းစာချုပ် ချုပ်ဆိုသည့် ၁၄-၁-၂၀၂၀ ရက်နေ့တွင် ထောင်ကျနေသော တရားလို၏အမည်အား ရောင်းသူနေရာ၌ ဖော်ပြခဲ့သော်လည်း ယင်းနေရာ၌ တရားခံ ဒေါ်သင်းသင်းမြတ်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုသို့ အမှန်တကယ် ရောင်းသူ မဟုတ်မှန်းသိလျက်နှင့် ဝယ်ယူသူ တရားခံ ဒေါ်နန်းမြသိန်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးကြသူ တရားခံဦးစောလင်း၊ ဒေါ်ရွှေဥတို့သည် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်းဖြင့် မူလရုံးတရားလိုဘက်သက်သေခံချက်များက ညွှန်ပြနေသည်။

စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြသက်သေများ၏ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ စွပ်စွဲခံရသူသည် မည်သည့်ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန်လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန်အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရပေမည်။ **မောင်ဉာဏ်ထွန်း ပါ (၅) ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂) အမှု**[၁] ကိုကြည့်ပါ။

သို့ဖြစ်၍ လျှောက်ထားသူများအနေဖြင့် ဖြေရှင်းရန်ငြိစွန်းချက်များရှိနေ၍ စွဲချက်တင်ပြီး နှစ်ဖက်သက်သေများအား

၁။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၂

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄ နှင့်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂

ပြည့်စုံစွာတင်ပြစေခြင်းဖြင့် ပိုမိုမှန်ကန်သောဆုံးဖြတ်ချက်ကို ရရှိနိုင်မည်ဟု ခရိုင်တရားရုံးနှင့် ပြည်နယ်တရားလွှတ်တော်တို့၏ ကောက်ယူဆုံးဖြတ်ချက်များမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုသာပေ။

လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေက မူလမှုကို ရဲစခန်းက ဥပဒေအကြံပြုချက်နှင့်အညီ အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ပါလျက် တရားလို၏ ဦးတိုက်လျှောက်လွှာအား မူလရုံးက လက်ခံစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း လျှောက်လဲတင်ပြခဲ့သည်။

ပြစ်မှုဖြစ်မြောက်စေမည့် အကြောင်းခြင်းရာများပါရှိသည့် တိုင်တန်းချက်ကိုရရှိသည့်အခါ၊ အဆိုပါ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ရဲအရာရှိတစ်ဦးက စာဖြင့်ရေးသားအစီရင်ခံသည့်အခါ၊ အဆိုပါပြစ်မှုကျူးလွန်ခဲ့ကြောင်း ရဲအရာရှိမဟုတ်သူတစ်ဦးတစ်ယောက်ထံမှ သတင်းရရှိသည့်အခါ သို့မဟုတ် မိမိကိုယ်တိုင် သိရှိသည့်အခါ သို့မဟုတ် မိမိကိုယ်တိုင်သံသယဖြစ်သည့်အခါ အဆိုပါပြစ်မှုကို ရာဇဝတ်တရားသူကြီးများက အရေးယူနိုင်ကြောင်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၀ (၁) (က) (ခ) (ဂ) တွင် ပြဋ္ဌာန်း ထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင် စီရင်ပိုင်ခွင့်

အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက်တစ်ကြိမ် စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၊ သို့မဟုတ်အဆိုပါအမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရသူတစ်ဦးမှာ ဤကဲ့သို့ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက်၊ သို့မဟုတ်အမှုမှ အပြီးအပြတ်လွှတ် လိုက်သည့်စီရင်ချက်သည် အတည်ဖြစ်လျက်ရှိနေချိန်တွင် ၎င်းပြစ်မှု နှင့်ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်းမခံထိုက်စေရ။ ထို့ပြင် ထိုသူအပေါ် ၎င်းအမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ ပုဒ်မ ၂၃၆ အရ အခြားကွဲလွဲသည့်စွဲချက်တစ်ရပ် တင်နိုင်သော အခြားပြစ်မှုအတွက်ဖြစ်စေ၊ ပုဒ်မ ၂၃၇ အရ ပြစ်မှုထင်ရှားစီရင် နိုင်သည့်ပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးစီရင်ခြင်းလည်း မခံ ထိုက်စေရဟု ပြဋ္ဌာန်းထားပြီး ယင်းပုဒ်မ၏ ရှင်းလင်းချက်တွင် တိုင်တန်းချက်ကိုပလပ်ခြင်း၊ ပုဒ်မ ၂၄၉ အရ စစ်ဆေးစီရင်သည့် အမှုကို ပိတ်သိမ်းခြင်း၊ တရားခံကို စွဲချက်မတင်မီလွှတ်ထားခြင်း၊ သို့မဟုတ် စွဲချက်ပေါ်တွင် ပုဒ်မ ၂၇၃ အရ ရေးသွင်းချက်တစ်စုံတစ်ရာ သည် ဤပုဒ်မပါကိစ္စများ အလို့ငှာ အမှုမှအပြီးအပြတ်လွှတ်ခြင်း မဟုတ်ပေဟု ပြဋ္ဌာန်းထားသည်။

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂

ရဲစခန်းက အမှုစွဲဆိုရန်မသင့်ဟုဆိုကာ အမှုပိတ်သိမ်းခဲ့ခြင်း သည် အမှုမှအပြီးအပြတ်လွှတ်ခြင်း မဟုတ်ပေ။ တရားလို၏ ဦးတိုက်

၂၀၂၂ ခုနှစ်

ဒေါ်သင်းသင်းမြတ် ပါ ၄
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

လျှောက်လွှာအပေါ် တရားရုံးက အရေးယူခြင်းသည် အထက်ပါ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိ၍ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း လျှောက်ထားသူများ၏ ရှေ့နေ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

သို့ဖြစ်၍ မူလလှိုင်းဘွဲ့မြို့နယ်တရားရုံးက လျှောက်ထားသူများအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲချက်တင်ဖြေရှင်းစေရန် ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုသည့် တရားရုံးအဆင့်ဆင့်တို့၏အမိန့်များကို ဆက်လက်အတည်ပြုပြီး ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်သည်။

\+ ၂၀၂၂ ခုနှစ်

ဇူလိုင်လ ၄ ရက်

**ရာဇဝတ်အထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို**

**တို့ရှေ့တွင်**

**ဒေါ်အေးအေးကြည် ပါ ၃**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ ***

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းအကျိုးနှစ်ရပ်နှင့် ညီညွတ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အခွင့်အရေးတောင်းဆိုသူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ် (Dispossessed) ခဲ့ရသည်ဟု ပေါ်ပေါက်ရမည်ဖြစ်သည်။ ထိုသို့ လက်လွှတ် (Dispossessed) ရခြင်း၏

* ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၀

\+ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၅(ခ) တွင် ချမှတ်သော ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို တက်ရောက်သည့် အထူးအယူခံမှု

အရင်းခံအကြောင်းတရားမှာ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု သို့မဟုတ် ရာဇဝတ်မကင်းသောခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် ဖြစ်ရပေမည်။ ထိုအကြောင်းတရား၏အကျိုးဆက်အဖြစ် လက်လွှတ် (Dispossessed) ခြင်းဖြစ်ရပေမည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ ဆောင်ရွက်ရန် ဤအကြောင်းအကျိုးနှစ်ရပ်နှင့် ညီညွတ်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားလို ဒေါ်ရွှေစဥ်စိုးသည် ထပ်မံစွဲဆိုသည့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုမြောက်သည့် ပြစ်မှုကျူးလွန်ခြင်းခံရသည်မှာ မှန်သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်နိုင်ရန် နောက်ထပ်အင်္ဂါရပ်ဖြစ်သည့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကြောင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခဲ့ရခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြသရမည်ဖြစ်သော်လည်း ယခုမှု ထိုသို့သော အကြောင်းကြောင့်အကျိုးဆက်အဖြစ် လက်လွှတ်ခဲ့ရခြင်းမျိုးမဟုတ်ဘဲ ယခင်ကတည်းက လက်လွှတ်ခဲ့ရပြီးဖြစ်ကြောင်း အမှုတွင် ပေါ်ပေါက်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်သည့် ပြစ်မှုတစ်စုံတစ်ရာကြောင့်

လက်လွှတ်ခဲ့ရခြင်းမျိုးဖြစ်ကြောင်း မပေါ်ပေါက်ပေ။

တစ်နည်းအားဖြင့် ယခင်က လက်လွှတ်ခဲ့ရပြီးဖြစ်သည် ဆိုခြင်းမှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် ပါရှိသော ပြစ်မှုတစ်စုံတစ်ရာမျိုးဖြင့် ကျူးလွန်ခြင်းမခံရမီက ဒေါ်ရွှေစဉ်စိုး သည် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် အချင်းဖြစ်မြေပေါ် တွင် "လက်ရှိ" မဟုတ်ဟုဆိုသော အဓိပ္ပါယ်ဖော်ဆောင်နေပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးရဲလင်းအောင်၊<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်စိုးစိုးသွင်၊<br>ညွှန်ကြားရေးမှူး၊<br>ဥပဒေရေးရာဝန်ကြီးဌာန |
| အယူခံတရားခံ (၂) အတွက် | - | ဒေါ်ခင်သန်းမြင့်၊<br>တရားလွှတ်တော်ရှေ့နေ |

စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ် အထွေထွေမှုအမှတ် ၄၂ တွင် ဒေါ်ရွှေစဉ်စိုးက စမ်းချောင်းမြို့နယ် တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ မှ တရားခံ ဒေါ်အေးအေးကြည် ပါ ၃ ဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊

၂၀၂၂ ခုနှစ်

ဒေါ်အေးအေးကြည် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

၂၉၄(ခ)၊ ၅၀၆ (ပထမပိုင်း) တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ တရားခံများ ကျူးကျော်နေသည့် အချင်းဖြစ်မြေကွက်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ လက်ရောက်ပေးအပ်စေရန်လျှောက်ထားရာ ခွင့်ပြုပြီး တရားခံများ ကျူးကျော်နေသည့် အချင်းဖြစ်မြေအား တရားလိုသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အပေါ် မူလတရားခံ ဒေါ်အေးအေးကြည် ပါ ၃ ဦးက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၂ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅၃ (ခ) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၅(ခ) ဖြင့်လည်းကောင်း အဆင့်ဆင့်တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး)အမှတ် ၂၇ ကို တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"စမ်းချောင်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ

ပုဒ်မ ၅၂၂ (၁) အရ အချင်းဖြစ်မြေအား တရားလိုသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်အပေါ် တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ မရှိ။"

အမှုမှာ ၂၇-၄-၂၀၁၇ ရက်နေ့တွင် ဒေါ်ရွှေစည်စိုး ဝယ်ယူပိုင်ဆိုင်သည့်မြေကွက်ပေါ်သို့ ဒေါ်အေးအေးကြည်ပါ ၃ ဦးတို့က မတရားကျူးကျော် ဝင်ရောက်နေထိုင်သဖြင့် စမ်းချောင်းမြို့နယ်ရဲစခန်းသို့ တိုင်ကြားရာ စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၅၃ တွင် ဒေါ်အေးအေးကြည် ပါ ၃ ဦးတို့အပေါ် ၉-၃-၂၀၁၈ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ထို့နောက် ၂၄-၃-၂၀၁၈ ရက်နေ့တွင် ဒေါ်ရွှေစည်စိုးနှင့်အဖွဲ့သည် အချင်းဖြစ်ခြံတွင် ကားဖြင့်သဲများချရာ ဒေါ်အေးအေးကြည်ပါ ၃ ဦးတို့က ဆဲဆို၊ ခြိမ်းခြောက်သဖြင့် ဒေါ်ရွှေစည်စိုးသည် ၎င်းပိုင်ခြံအတွင်း ဝင်ရောက်မရဘဲ ခြံအားထပ်မံလက်လွှတ်ခဲ့ရသဖြင့် အရေးယူပေးပါရန် စမ်းချောင်းမြို့မရဲစခန်းသို့ တိုင်ကြားရာ စမ်းချောင်းမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် တရားခံ ဒေါ်အေးအေးကြည် ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၂၉၄(ခ)၊ ၅၀၆(ပထမပိုင်း) တို့ဖြင့်

၂၀၂၂ ခုနှစ်

ဒေါ်အေးအေးကြည် ပါ ၃ နှင့်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂

ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ၎င်းနောက် စမ်းချောင်းမြို့နယ် တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၄၂ တွင် ဒေါ်ရွှေစဉ်စိုးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ မှ တရားခံဒေါ်အေးအေးကြည် ပါ ၃ ဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၂၉၄(ခ)၊ ၅၀၆(ပထမပိုင်း) တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း နှင့်စပ်လျဉ်း၍ အဆိုပါတရားခံများ ကျူးကျော်နေသည့် အချင်းဖြစ် မြေကွက်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လက်ရောက်ပေးအပ်စေရန် လျှောက်ထားရာမှ ပေါ်ပေါက်လာ သောအမှု ဖြစ်သည်။

အယူခံတရားလိုများ၏ တရားလွှတ်တော်ရှေ့နေက ယခု အမှုတွင် ဒေါ်ရွှေစဉ်စိုးသည် ၎င်းလက်ရှိဖြစ်သည်ဟု အဆိုရှိသော မြေကွက်ကို စတင်လက်လွှတ်ခဲ့ရခြင်းသည် ပထမအကြိမ်စွဲဆိုသည့် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ စွဲဆိုချိန်ကပင်ဖြစ် ကြောင်းပေါ်ပေါက်လျက်ရှိပြီး အဆိုပါအမှုတွင် တရားခံ ဒေါ်အေး အေးကြည် ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ဒုတိယအကြိမ် ၂၀၁၈ ခုနှစ်၊ ရာဇဝတ် ကြီးအမှတ် ၁၈၄ အမှုစွဲဆိုမှသာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော ရာဇသတ်ကြီးပုဒ်မ ၂၉၄

နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၆(ပထမပိုင်း) တို့အရ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ကြရာတွင်လည်း တရားခံ ဒေါ်စန်းကြည်(ခ)ဒေါ်လုံးတင်မှာ ယခင် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ အမှုတွင် တရားခံအဖြစ် ပါဝင်ခဲ့ခြင်းမရှိဘဲ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ အမှုတစ်မှုတည်းတွင်သာ ပထမအကြိမ် တရားခံအဖြစ်တရားစွဲဆိုခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် အပြစ်ပေးခံခဲ့ရသူဖြစ်ကြောင်း၊ ဒေါ်စန်းကြည်သည် အချင်းဖြစ်မြေကွက်တွင် ၁၃-၅-၁၉၈၉ ရက်နေ့မှ ယနေ့အချိန်အထိ နိုင်ငံတော်မှချမှတ်ပေးထားသော ပုံစံ(၆၆/၆) အိမ်ထောင်စုလူဦးရေစာရင်း (သန်းခေါင်စာရင်း) နှင့် နေထိုင်လျက်ရှိသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းစွဲဆိုခံထားရသော ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ အမှုတွင် အိမ်ထောင်စုစာရင်းအား (သက်သေခံ-၁) အဖြစ် တင်သွင်းထားခဲ့ကြောင်း၊ ဒုတိယအကြိမ်စွဲဆိုခံရသည့်အမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော်လည်း တရားခံများသည် ပထမအကြိမ် တရားစွဲဆိုခံရကာ ပြစ်မှုထင်ရှားစီရင်ခံရပြီးချိန်ကတည်းက အချင်းဖြစ်မြေပေါ်မှထွက်ခွာသွားခဲ့ပြီး အချင်းဖြစ်မြေကွက်ပေါ်သို့ ထပ်မံဝင်ရောက်ကျူးကျော်၍ ဒုတိယအကြိမ် တရားစွဲဆိုခံရသည့်သဘော

မဟုတ်ကြောင်းနှင့် တရားခံများသည် အချင်းဖြစ်မြေကွက်မှ လက်လွှတ်ခဲ့ခြင်းမရှိဘဲ မူလနေထိုင်သည့်အတိုင်း ဆက်လက်နေထိုင်လျက်ရှိစဉ် ထပ်မံပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရခြင်းသာဖြစ်သည်ဟုပေါ်ပေါက်လျက်ရှိကြောင်း၊ ဤရာဇဝတ်အထူးအယူခံမှုကိုလက်ခံခွင့်ပြုပြီး စမ်းချောင်းမြို့နယ်တရားရုံးနှင့် တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့သည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ အချင်းဖြစ်မြေအား တရားလိုသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်များအား ပယ်ဖျက်ပေးရန် လျှောက်ထားတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက ယခုအမှုတွင် ပထမအကြိမ်အမှုစတင်စွဲဆိုသည့် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ စွဲဆိုချိန်၌ ဒေါ်ရွှေစဉ်စိုးသည် ၎င်းလက်ရှိဖြစ်သည့်မြေကိုစတင်လက်လွှတ်ခဲ့ရခြင်းဖြစ်ပြီး မူလရုံး တရားလိုက ဒုတိယအကြိမ်စွဲဆိုသည့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၈၄ အမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) ၏ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သောပြစ်မှုဖြင့် တရားခံများကို ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ဥပစာအတွင်းသို့ တရားခံများက မတရားကျော်နင်းဝင်ရောက်ခြင်းအတွက် တရားရုံးမှ ပြစ်မှုထင်ရှားစီရင်ပြီးသော်လည်း ထိုဥပစာမှထွက်ခွာခြင်းမပြုဘဲ ဆက်လက်နေထိုင်ခြင်း

ဖြင့် ပိုင်ရှင်အား ထပ်မံ၍စိတ်ပြိုငြင်မှုဖြစ်စေလျှင် ရာဇသတ်ကြီး ပုဒ်မ ၄၄၁ အရ ပြစ်မှုမကင်းသောကျော်နင်းမှုကို နောက်ထပ်ကျူးလွန်ရာရောက်သည့်အတွက် အချင်းဖြစ်အကြောင်းအရာအသစ်ပေါ်ပေါက်လာသည့်ပြစ်မှုကို အသစ်တစ်ဖန်ကျူးလွန်သဖြင့် အချင်းဖြစ်မြေကွက်အားပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်မှာ ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း **ဦးပြူး ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ အမှု**[1] နှင့် **ဒေါ်တင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၃ အမှု**[2] တို့ကိုကိုးကား၍ လျှောက်ထားတင်ပြသည်။

အယူခံတရားခံ(၂)၏ တရားလွှတ်တော်ရှေ့နေက ဒေါ်ရွှေစည်စိုးပိုင်ဆိုင်သော အချင်းဖြစ်မြေကွက်အား လျှောက်ထားသူ(၃)ဦးမှ ဝင်ရောက်ကျူးကျော်နေထိုင်ကြောင်း မူလမြို့နယ်တရားရုံးတွင် တင်သွင်းခဲ့သော သက်သေခံအထောက်အထားများအရ စမ်းချောင်းမြို့နယ်တရားရုံး၏ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရကြောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်ဝယ်ယူထားသော မြေအရောင်းအဝယ်စာချုပ်အရလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး

၁။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၅၆
၂။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၉

၂၀၂၂ ခုနှစ်

ဒေါ်အေးအေးကြည် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ကော်မတီ၊ မြေယာဌာနမှ ထုတ်ပေးထားသည့် ဒေါ်ရွှေစဉ်စိုးအမည် ပေါက်နှစ်(၆၀)မြေငှားဂရန်အရလည်းကောင်း ဒေါ်ရွှေစဉ်စိုး ဝယ်ယူလက်ရောက်ရရှိထားပြီး ခြံဝင်းခတ်ထားပါလျက် နောက်တစ်ဖန် ထပ်မံကျူးလွန်ပြီး ဒေါ်ရွှေစဉ်စိုးအား အနိုင်အထက်ပြုကျင့် ဆဲဆို၊ ခြိမ်းခြောက်သဖြင့် အဆိုပါခြံဝင်းကိုသွားရောက်၍ အုတ်သဲများချသော ဒေါ်ရွှေစဉ်စိုးနှင့် အလုပ်သမားများမှာ ဆက်လက်၍ အုတ်၊ သဲ၊ ကျောက်များမချနိုင်ဘဲ အသက်အန္တရာယ်ပြုမည်ကို စိုးရိမ်သဖြင့် လက်လွတ်ဆုံးရှုံးထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း၊ မူလရုံးမှ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ ချမှတ်ခဲ့သောအမိန့်မှာ ပစ္စည်းလက်ရှိဖြစ်သူကို ကြောက်ရွံ့အောင် လက်ရောက်မှုကျူးကျော်၍ ပစ္စည်းလက်လွတ်ဖြစ်စေလျှင်ဆိုသောပြဋ္ဌာန်းချက်ကို ဆန့်ကျင်ချမှတ်သောအမိန့်မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်နှင့် သာဓကလမ်းညွှန်စီရင်ထုံးများအရ မူလရုံးမှချမှတ်ခဲ့သောအမိန့်အပေါ် ဆက်လက်အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်တို့၏အမိန့်များသည် ပြန်လည်စိစစ်ပေးရန် အရေးယူလောက်သောပြဿနာမဟုတ်၍ ဤရာဇဝတ်အထူးအယူခံမှုကို ပလပ်ပေးရန် လျှောက်ထားတင်ပြသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အခွင့်အရေးတောင်းဆိုသူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို

"လက်လွတ်" (Dispossessed) ခဲ့ရသည်ဟု ပေါ်ပေါက်ရမည်ဖြစ်သည်။ ထိုသို့လက်လွတ်ရခြင်း၏ အရင်းခံအကြောင်းတရားမှာ ရာဇဝတ်မကင်းသောအနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု သို့မဟုတ် ရာဇဝတ်မကင်းသောခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် ဖြစ်ရပေမည်။ ထိုအကြောင်းတရား၏ အကျိုးဆက်အဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်ကို လက်လွတ်ခြင်းဖြစ်ရမည်ဆိုသော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းအကျိုးနှစ်ရပ်နှင့် ညီညွတ်ရမည်ဖြစ်ပေသည်။

တစ်ဖန် "**လက်လွတ်**" ဆိုသည့်စကားရပ်ကို အပြန်အလှန်ထောက်ရှုဆင်ခြင်သုံးသပ်ကြည့်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အခွင့်အရေးတောင်းဆိုသူသည် ထိုမတိုင်မီ ယခင်က အဆိုပါပစ္စည်းကို "လက်ရှိ" ဖြစ်နေကြောင်း ပေါ်ပေါက်ရမည်ဖြစ်သည်။

ယခုအမှုတွင် ဒေါ်ရွှေစဉ်စိုးသည် မှတ်ပုံတင်စာချုပ်ဖြင့် ၎င်းဝယ်ယူလက်ရှိထားသော အချင်းဖြစ်မြေကွက်ကို ဒေါ်အေးအေးကြည်တို့က ဝင်ရောက်သည်ဟုစွပ်စွဲ၍ ဒေါ်အေးအေးကြည်တို့အပေါ် စမ်းချောင်းမြို့နယ်တရားရုံးတွင် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်

ကြီးမှုအမှတ် ၄၅၃ ဖြင့်စွဲဆိုသောအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရ အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံ ဒေါ်အေးအေးကြည် ပါ ၃ ဦးတို့ကို ယင်းပုဒ်မဖြင့်ပင် ပြစ်မှုထင်ရှားစီရင်ခဲ့သည်။

ထို့နောက် အချင်းဖြစ်မြေပေါ်သို့ ဒေါ်ရွှေစဉ်စိုးက သဲများ ကားဖြင့် လာရောက်ချရာတွင်လည်း ဒေါ်အေးအေးကြည်တို့က သဲများချမရအောင် ဆဲဆိုကြိမ်းမောင်းသဖြင့် စမ်းချောင်းမြို့နယ် တရားရုံးတွင် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ ဖြင့် ထပ်မံ စွဲဆိုသောအမှုတွင် ဒေါ်အေးအေးကြည် ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၂၉၄၊ ၅၀၆(ပထမပိုင်း)တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံဒေါ်အေးအေးကြည်တို့ကို ယင်းပုဒ်မများဖြင့်ပင် ပြစ်မှုထင်ရှားစီရင်ခဲ့သည်။

တရားလိုဒေါ်ရွှေစဉ်စိုးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ ဖြင့် စွဲဆိုသည့်အမှု စီရင်ချက်အမိန့်ချမှတ်ပြီး ၂ ရက်အကြာတွင် ၎င်းလက်လွှတ်ခဲ့ရသည်ဟုဆိုသော အချင်းဖြစ်မြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ ပြန်လည်ပေးအပ်စေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုအပေါ် စမ်းချောင်းမြို့နယ် တရားရုံးက ခွင့်ပြုခဲ့ပြီး အထက်တရားရုံးအဆင့်ဆင့်ကလည်း ဆက်လက်အတည်ပြုခဲ့သည်။

ထိုသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ ခွင့်ပြုခဲ့သည့်အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ အင်္ဂါရပ်နှင့် အမှန်တကယ်ညီညွတ်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

တရားလိုဒေါ်ရွှေစဉ်စိုးက အချင်းဖြစ်မြေပေါ်သို့ တရားခံ ဒေါ်အေးအေးကြည် ပါ ၃ ဦးတို့က ယခင်ကျော်နင်းဝင်ရောက်ပြီး ဖယ်ရှားမပေးသည့်အတွက် ထပ်မံစွဲဆိုသည့်အမှုအား စီရင်ဆုံးဖြတ်ပြီး ၂ ရက်အကြာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

အမှုတွင်ပေါ်ပေါက်ချက်အရ တရားလို ဒေါ်ရွှေစဉ်စိုးသည် ၎င်းထပ်မံစွဲဆိုသည့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ မစွဲဆိုမီ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ စွဲဆိုစဉ်ကတည်းက အချင်းဖြစ်မြေကို လက်လွှတ်ထားရပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ ဖြင့် စွဲဆိုရာတွင် ဒေါ်ရွှေစဉ်စိုးက အချင်းဖြစ်မြေကို လက်လွှတ်ရခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု သို့မဟုတ် ရာဇဝတ်မကင်းသောခြောက်လှန့်မှုပါသည့်

၂၀၂၂ ခုနှစ်

ဒေါ်အေးအေးကြည် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ပြစ်မှုတစ်စုံတစ်ရာမျိုးကြောင့်မဟုတ်ဘဲ ရာဇဝတ်မကင်းသောကျော်နင်းမှုသက်သက်အတွက်ကြောင့်သာ လက်လွတ်ရခြင်းဖြစ်ကြောင်း ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် (သက်သေခံ-ဇ) အဖြစ်တင်ပြထားသည့် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၅၃ ၏စီရင်ချက်တွင်သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ တရားလိုဒေါ်ရွှေစဉ်စိုးသည် ထပ်မံစွဲဆိုသည့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် ရာဇဝတ်မကင်းသောခြောက်လှန့်မှုမြောက်သည့် ပြစ်မှုကျူးလွန်ခြင်းခံရသည်မှာမှန်သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်နိုင်ရန် နောက်ထပ်အင်္ဂါရပ်ဖြစ်သည့် ရာဇဝတ်မကင်းသောခြောက်လှန့်မှုကြောင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်လွတ်ခဲ့ရခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြသရမည်ဖြစ်သော်လည်း ယခုမှု ထိုသို့သောအကြောင်းကြောင့် အကျိုးဆက်အဖြစ် လက်လွတ်ခဲ့ရခြင်းမျိုးမဟုတ်ဘဲ ယခင်ကတည်းက လက်လွတ်ခဲ့ရပြီးဖြစ်ကြောင်း အမှုတွင်ပေါ်ပေါက်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် အကျုံးဝင်သည့် ပြစ်မှုတစ်စုံတစ်ရာကြောင့် လက်လွတ်ခဲ့ရခြင်းမျိုးဖြစ်ကြောင်း မပေါ်ပေါက်ပေ။

တစ်နည်းအားဖြင့် ယခင်က လက်လွတ်ခဲ့ရပြီးဖြစ်သည်

ဆိုခြင်းမှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင်ပါရှိသော ပြစ်မှုတစ်စုံတစ်ရာမျိုးဖြင့် ကျူးလွန်ခြင်းမခံရမီက ဒေါ်ရွှေစဉ်စိုးသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် အချင်းဖြစ်မြေပေါ်တွင် "**လက်ရှိ**" မဟုတ်ဟုဆိုသော အဓိပ္ပာယ်ဖော်ဆောင်နေပေသည်။

**ဦးပြူးပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂**၀ အမှုတွင် အချင်းဖြစ်ဥပစာအတွင်းသို့ မတရားကျော်နင်းဝင်ရောက်ခြင်းအတွက် တရားရုံးမှ ပြစ်မှုထင်ရှားစီရင်ပြီးသော်လည်း ထိုဥပစာမှ ထွက်ခွာခြင်းမပြုဘဲ ဆက်လက်နေထိုင်ခြင်းကြောင့် ထပ်မံစွဲဆိုသည့် ဒုတိယအမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ အမိန့်ချမှတ်သည်မှာ မှားယွင်းသည်ဟုမဆိုသာကြောင်း ထုံးဖွဲ့ထားခြင်းဖြစ်ပေရာ အဆိုပါအမှုသည် ရာဇသတ်ကြီးပုဒ်မ ၄၄၈ ဖြင့် စွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခံရခြင်းဖြစ်သော်လည်း ပထမအကြိမ် လက်လွတ်ရစဉ်ကပင် ရာဇဝတ်မကင်းသောအနိုင်အထက်ပြုမှု၊ ခြိမ်းခြောက်မှု၊ အနိုင်အထက်ပြုမှုတို့ကြောင့် အချင်းဖြစ်အိမ်ကိုလက်လွှတ်ခဲ့ရကြောင်း အမှုတွင်ပေါ်ပေါက်နေသဖြင့် ယခုအမှုနှင့် ဖြစ်ရပ်မတူပေ။

သို့ဖြစ်ရာ ဒေါ်ရွှေစဉ်စိုး၏ လျှောက်ထားမှုအပေါ်ခွင့်ပြုခဲ့ခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) ပါ အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရပေသည်။

၂၀၂၂ ခုနှစ်

ဒေါ်အေးအေးကြည် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည်-

" စမ်းချောင်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ အချင်းဖြစ်မြေအား တရားလိုသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်အပေါ် တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု မရှိကြောင်း။"

ထို့ကြောင့် ဤရာဇဝတ်အထူးအယူခံမှုကို ခွင့်ပြုသည်။ စမ်းချောင်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အချင်းဖြစ်မြေအားတရားလို ဒေါ်ရွှေစဥ်စိုးသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တရားရုံးအဆင့်ဆင့်၏အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။

+ ၂၀၂၂ ခုနှစ်

စက်တင်ဘာလ ၁၉ ရက်

**ရာဇဝတ်အထူးယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့**

**တို့ရှေ့တွင်**

**ဒေါက်တာသန်းထွဋ်**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** *

**ပြစ်မှုမမြောက်လျှင် သက်သေခံပစ္စည်းကို ပစ္စည်းအပ်ပေးသူထံ ပြန်လည်ပေးအပ်ရန်ဖြစ်သော်လည်း ထူးခြားသော ကိစ္စရပ်များတွင် ခြွင်းချက်ပြုစဉ်းစားရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လက်ခံကျင့်သုံးလျှက်ရှိသောအခြေခံမူတစ်ရပ်မှာ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသောပစ္စည်းကို ပစ္စည်းတင်ပြသူထံ ပြန်လည်ပေးအပ်ရန်

---

* ၂၀၂၂ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂

\+ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၇(ခ) တွင် ချမှတ်သော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို တက်ရောက်သည့် အထူးအယူခံမှု

ဖြစ်သည်။ အဆိုပါမူမှာ အနီးစပ်ဆုံးဖြင့် မျှတမှုသို့ ရောက်ရှိစေရန်နှင့် မျှတမှုကို အနီးစပ်ဆုံးပေးစွမ်းနိုင်အောင် စဉ်းစားပေးထားခြင်းပင်ဖြစ်သည်။ သို့သော် အခါခပ်သိမ်း ထိုသို့လိုက်နာကျင့်သုံးရန်မဟုတ်။ ပုံသေကားကျတွေးခေါ်ရန်မဟုတ်။ အမှုများသည် တစ်မှုနှင့်တစ်မှု ထပ်တူကျနိုင်မည်မဟုတ်သဖြင့် အမှုသွားအမှုလာအရ ထူးခြားသောအကြောင်းကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ထိုကဲ့သို့ ထူးခြားသောအကြောင်းကိစ္စများကို ခွင်းချက်ပြုစဉ်းစားပေးရမည်ဖြစ်သည်။ ထိုသို့ခွင်းချက်ပြုရခြင်းမှာ တရားရုံးသည် အကြောင်းခြင်းရာအရ မျှတမှုအပေါ် အထောက်အကူပြုရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားနိုင်ရန်ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်ခင်ခင်တော်၊ |
| | | တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်ယဉ်ယဉ်မွန်၊ |
| | | ညွှန်ကြားရေးမှူး၊ |
| | | ဥပဒေရေးရာဝန်ကြီးဌာန |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ဒေါက်တာသန်းထွဋ်အပေါ် အဂတိ

လိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ထောင်ဒဏ် ၄ နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ အဆိုပါအမိန့်အပေါ် တရားခံ ဒေါက်တာသန်းထွဋ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၃ ဖြင့် လျှောက်ထားသည်။ မူလ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တွင် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ခဲ့ခြင်း မရှိသဖြင့် ဥပဒေရေးရာဝန်ကြီးဌာနကလည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၇ (ခ) ဖြင့်တင်သွင်းသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် က အဆိုပါအမှု ၂ မှုလုံးကို တစ်ပေါင်းတည်းကြားနာ၍ ရာဇဝတ် အယူခံမှုကိုပလပ်သည်။ ရာဇဝတ်ပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး သက်သေခံ(ဈ) ရာဖွေပုံစံပါ ပုဗ္ဗသီရိမြို့နယ်၊ မီးလောင် ကုန်း၊ ရွာသစ်ကျေးရွာရှိ မြေ ၂.၃၇ ဧကရှိ မြေကွက် ၁ ကွက်အပါအဝင် အမှတ်စဉ် (၁) မှ အမှတ်စဉ် (၂၂) အထိ သတ်မှတ်ဖော်ပြထား သည့် ပစ္စည်းများအားလုံးကိုလည်းကောင်း၊ (သက်သေခံ-ဇ) ရာဖွေ ပုံစံပါ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ် အေ ၁၆၈ မြေကွက် ၁ ကွက် အပါအဝင်ဖြစ်သော တစ်ထပ်တိုက်တစ်လုံး၊ ကားဂိုဒေါင်တစ်လုံး နှင့် ပူးတွဲစာရင်းအမှတ်စဉ် (၁) မှ (၄၀) အထိ

ပါရှိသောပစ္စည်းများတွင် အမှတ်စဉ်(၁)ပါ MITSUBISHI အမျိုးအစား Split Type လေအေးပေးစက် ၈ လုံးအနက်မှ ၆ လုံးကိုလည်းကောင်း၊ အမှတ်စဉ် (၂) MITSUBISHI အမျိုးအစား Floor Stand Type လေအေးပေးစက် ၁ လုံး၊ အမှတ်စဉ် (၉) ပါ Elica အမျိုးအစား၂ ဖိုတွဲဂက်စ်မီးဖို ၁ လုံး၊ အမှတ်စဉ် (၁၀) ပါ Kangaroo အမျိုးအစား ဒစ်ဂျစ်တယ်မီးဖို ၂ လုံး၊ အမှတ်စဉ် (၂၀) ပါ Master Bedroom ရှိ ရေချိုးကန် ၁ ကန်၊ သက်သေခံ (ည) ရှာဖွေပုံစံ အမှတ်စဉ် (၂) ပါ ကြိတ်သားကုတင် ၂ လုံး၊ အမှတ်စဉ် (၃) ပါ HITACHI အမျိုးအစား တံခါး ၂ ခုပါ ရေခဲသေတ္တာ ၁ လုံး၊ အမှတ်စဉ် (၅) ပါ Sweety Home တံဆိပ်ပါမွေ့ယာ ၃ ခု နှင့် (သက်သေခံ-ဏ) ရှာဖွေပုံစံပါ Sony အမျိုးအစား ၅၅ လက်မ Curve TV ၁ လုံးတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန်နှင့် ကျန်ရှိသည့် သက်သေခံပစ္စည်းများအား မူလရုံးတရားခံ ဒေါက်တာသန်းထွန်းထံသို့ ပြန်လည်ထုတ်ပေးစေရန်ချမှတ်ခဲ့သည်ကို မူလရုံးတရားခံက အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် ၂၀၂၂ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁ ဖြင့် တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအားကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ရွာရှိမြေကွက်အပါအဝင် ယင်းနှင့်

သက်ဆိုင်သောပစ္စည်းများနှင့်ပတ်သက်၍ မူလမန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံအပေါ် စွဲချက်တင်ဖြေရှင်းစေခဲ့ခြင်းမရှိသည့်အမိန့်အပေါ် အထက်တရားရုံးအဆင့်ဆင့်က အတည်ပြုထားခြင်း၊ အဆိုပါပစ္စည်းများနှင့် စပ်လျဉ်းပြီး မူလရုံးက တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ထားမှုမရှိခြင်း စသည့်အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုတမှန်ကန်မှု ရှိ မရှိ။"

အမှုမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်သည် ဓာတ်ခွဲခန်းအဆောက်အအုံ ၂ လုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံး ၁၂ ခုတို့ကို တင်ဒါအောင်မြင်၍ ဆောက်လုပ်ခွင့်ရရှိခဲ့သည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများအား ၎င်းပိုင်ဆိုင်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်ရှိ မြေကွက်ပေါ်မှ ဆောက်လုပ်ဆဲနေအိမ်အတွက် ငွေ ၅၀၄၆၆၉၇၆/- ကျပ်တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပုဗ္ဗသီရိ

မြို့နယ်၊ ရွာသစ်ကျေးရွာအနောက်ဘက်ရှိ မြေကွက်ပေါ်တွင် ငွေကျပ် ၁၀၀၉၇၂၈၁၀၀/- တန်ဖိုးရှိ နေအိမ်၊ ဂိတ်တဲ၊ ရေကူးကန်၊ ရေပန်းများကို လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ တောင်းဆိုကမ်းလှမ်းခဲ့ရာ ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် လက်ခံခဲ့သဖြင့် ဦးသန်းဇော်ဝင်း၊ စစ်ဆေးရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး နေပြည်တော်က ဥပဒေအရအရေးယူရန် ဇမ္ဗူသီရိမြို့မရဲစခန်းသို့ တိုင်ချက်ရေးဖွင့်သောအမှု ဖြစ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက (သက်သေခံ-ဈ)ရှာဖွေပုံစံပါ ပုဗ္ဗသီရိမြို့နယ်၊ မီးလောင်ကုန်း ရွာသစ်ကျေးရွာမြေ (၂.၃၇) ဧက၊ မြေကွက် (၁) ကွက် အပါအဝင် အမှတ်စဉ် (၁) မှ (၂၂) အထိရှိပစ္စည်းများနှင့်စပ်လျဉ်း၍ မူလရုံး တရားခံအပေါ် စွဲချက်တင်ခဲ့ခြင်းမရှိကြောင်း၊ ယင်းအမိန့်နှင့်စပ်လျဉ်း၍ အထက်တရားရုံး အဆင့်ဆင့်က အတည်ပြုထားပြီးဖြစ်သဖြင့် (သက်သေခံ-ဈ) ရှာဖွေပုံစံပါပစ္စည်းများသည် အမှုတွင် သက်သေခံပစ္စည်းမဟုတ်သည်မှာ မြင်သာထင်ရှားကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ (က) တွင် အဂတိလိုက်စားမှုဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းဖြစ်သည်ဟု သက်သေထင်ရှားပေါ်ပေါက်လျှင်

အဆိုပါငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်ရမည်ဟုလည်းကောင်း၊ တဖန် ယင်းဥပဒေပုဒ်မ ၆၆ တွင်လည်း အဂတိလိုက်စားမှုနှင့်သက်ဆိုင်သည့်ပစ္စည်းဖြစ်လျှင် သက်ဆိုင်ရာတရားရုံးက စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် (သက်သေခံ-ဈ) ပါပစ္စည်းများသည် အဂတိလိုက်စားမှုမှ ပေါ်ပေါက်လာသောပစ္စည်းများမဟုတ်သည်မှာ မြင်သာနေသောကြောင့် ယင်းပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍မရနိုင်ပါကြောင်း၊ **ဦးမြမောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ ၂ အမှု**[၁] တွင် “ ပြစ်မှုဆိုင်ရာအမှုစစ်ဆေးကြားနာခြင်းပြီးဆုံးသောအခါ တရားရုံးက သက်သေခံပစ္စည်းနှင့်ပတ်သက်၍ သင့်တော်သည့်အမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရသည်။ ဤကဲ့သို့အမိန့်ချမှတ်ရာ၌ အမှုတွင် နှစ်ဖက်တင်ပြသောသက်သေခံချက်များကိုအလေးအနက်စဉ်းစားလျက် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားခြင်းမတွေ့ရှိပါက ယေဘုယျအားဖြင့် ယင်းပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန်ညွှန်ကြားနိုင်ကြောင်း၊ ယင်းအမိန့်ကို မကျေနပ်သူက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသည်” ဟု လမ်းညွှန်

၁။ ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၅

ထုံးဖွဲ့ထားကြောင်း၊ တဖန် **ပြည်ထောင်စုနှင့် ဦးကျော်လင်း အမှု**[၂] တွင် " ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ သည် ပြစ်မှုကျူးလွန်သောပစ္စည်းနှင့်ပတ်သက်၍သာ စီမံခန့်ခွဲခွင့်ပေးထားသည်"ဟု ထုံးပြုထားပါကြောင်း၊ ယခုအမှုတွင် (သက်သေခံ-ဈ) ရှာဖွေပုံစံပါပစ္စည်းများကို ပေးအပ်သူမှာ လိုပြ(၄)ဦးနေလင်းဖြစ်ကြောင်း၊ ၎င်းအပြင် ယင်းမြေကွက်အား ဝယ်ယူခဲ့သည့်စာချုပ်များ (သက်သေခံ-ထ) မှ (ထ-၇) တွင်လည်း ဦးနေလင်း၏အမည်များကို ဖော်ပြထားသဖြင့် ပိုင်ရှင်သည် ဦးနေလင်းဟုကောက်ယူပါက အဆိုပါ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းသည် ပြဋ္ဌာန်းဥပဒေများနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပါကြောင်း ဤအထူးအယူခံမှု၌ ကြားနာလျက်ရှိသော အရေးယူလောက်သောဥပဒေပြဿနာကို ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်မှုမရှိဟု ဖြေဆိုဆုံးဖြတ်သင့်ပါကြောင်းနှင့် သင့်မြတ်သောအမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက **V. PONNAYA Vs THE UNION OF BURMA (Maung Hla Maung (a) Maung Hla Aung) အမှု**[၃] တွင် **"Under section. 517, Criminal Procedure Code, the trial Magistrate has power to pass an**

၂။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ - ၃၁၇
၃။ 1962၊ B.L.R၊ P - 145

**order regarding the property produced before the Court even though no offence has been committed in respect of it.** တရားရုံးသည် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသောပစ္စည်းမဟုတ်စေကာမူ ရုံးရှေ့တင်ပြထားသောပစ္စည်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရန်အာဏာရှိသည်” ဟု စီရင်ထုံးဖွဲ့ထားကြောင်း၊ **ဦးသန်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ အမှု** [၄] တွင် တရားရုံးက “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ တရားခံအားအပြစ်မရှိ၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့လျှင် သက်သေခံပစ္စည်းကို သာမန်အားဖြင့်အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခံရသူထံ ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန်ဖြစ်သော်လည်း ယခုအမှုတွင်မူ အကြောင်းထူးရှိနေသဖြင့် ယင်းသို့အမိန့်ချမှတ်ရန်မသင့်ပေ” ဟု ထုံးဖွဲ့ထားပြီး၊ **ဒေါ်ခင်စု ပါ ၂ နှင့် ဦးအုန်းမောင် ပါ ၅ အမှု** [၅] တွင်လည်း အလားတူ စီရင်ထုံးဖွဲ့ထားကြောင်း၊ ယခုအမှုတွင် (လိုပြ-၄) ဦးနေလင်းထံမှ ရှာသစ်ရှာမြေကွက်အပါအဝင် ယင်းနှင့်သက်ဆိုင်သောပစ္စည်း ၂၂ မျိုးကို (သက်သေခံ-ဈ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းရာတွင် ဒေါက်တာသန်းထွန်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း ပြောဆိုပေးအပ်၍ အမှုနှင့်သက်ဆိုင်သဖြင့် သိမ်းဆည်းသည်ဟု

၄။ ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၁၅
၅။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၂၀

ဖော်ပြထားကြောင်း၊ ရွှာသစ်ကျေးရွာရှိမြေကွက်များကို တရားခံပေးသောငွေကြေးများဖြင့် ဦးနေလင်းက အမည်ခံကတိစာချုပ်ဖြင့် ဝယ်ယူပေးခဲ့ရခြင်းဖြစ်ကြောင်းနှင့် တရားခံ၏တောင်းဆိုချက်အရ အဆောက်အဦဆောက်လုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်းများဝယ်ယူ တပ်ဆင်ပေးရာတွင် ကုမ္ပဏီမှငွေကြေးများထုတ်ယူသုံးစွဲခဲ့သည်ဟု ထွက်ဆိုခဲ့ရာ တရားခံက ယင်းမြေကွက်များကို ဝယ်ယူခြင်းမဟုတ်ကြောင်း၊ သက်ဆိုင်မှုမရှိကြောင်းဖြင့် ငြင်းကွယ်ထွက်ဆိုထားကြောင်း၊ တရားခံအပေါ် စွဲချက်တင်ရာတွင် ရွှေကြာပင်ရပ်ကွက်နေအိမ်နှင့် စပ်လျဉ်း၍ စွဲချက်တင်ထားပြီး ရွှာသစ်ရွာမြေကွက်နှင့်စပ်လျဉ်း၍ စွဲချက်တင်ထားခြင်းမရှိကြောင်း၊ ဖော်ပြပါပစ္စည်းများကို ငွေကြေးစိုက်ထုတ်ပေးခဲ့သည့်ကုမ္ပဏီကလည်း ရထိုက်ပါသည်ဟု တင်ပြထားမှုမရှိကြောင်းတို့မှာ အမှု၏ထူးခြားသည့်အကြောင်းခြင်းရာများဖြစ်နေကြောင်း၊ ဒေါက်တာသန်းထွဋ်အပေါ် ရွှာသစ်ရွာမြေကွက်အပါအဝင် ယင်းနှင့်သက်ဆိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းမရှိသော်လည်း တရားရုံးသို့ တင်ပြထားသောပစ္စည်းဖြစ်ခြင်း၊ ထူးခြားသည့် အကြောင်းခြင်းရာများရှိနေခြင်းတို့ကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ချမှတ်ခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်မှာ ဥပဒေနှင့်ညီညွတ်မှု

ရှိပါသောကြောင့် ဤရာဇဝတ်အထူးအယူခံမှုတွင် ကြားနာမည့် အရေးယူလောက်သောဥပဒေပြဿနာနှင့်စပ်လျဉ်း၍ ဥပဒေနှင့် ညီညွတ်မှုတမှန်ကန်မှုရှိသည်ဟု ဖြေဆိုသင့်ကြောင်း လျှောက်ထားတင်ပြသည်။

အမှုတွင် (သက်သေခံ-ဈ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းထားသော ပုဗ္ဗသီရိမြို့နယ်၊ မီးလောင်ကုန်း၊ ရွာသစ်ကျေးရွာရှိ မြေ ၂.၃၇ ဧကရှိ မြေကွက်အပါအဝင် အမှတ်စဉ် ၁ မှ ၂၂ အထိ ပစ္စည်းများမှာ ဦးနေလင်း(လိုပြ-၄) က ဒေါက်တာသန်းထွန်းပိုင်ဆိုင်သောပစ္စည်းများဖြစ်ကြောင်းပြောဆို၍ အပ်ပေးထားသော ပစ္စည်းများဖြစ်သည်။

ရဲတိုက်မြို့တော်ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်(လိုပြ-၄) ဦးနေလင်းက ၎င်းအား ဒေါက်တာသန်းထွန်းက ငွေကျပ် သိန်း ၁၆၀၀ ထုတ်ပေးပြီး မြေဝယ်ခိုင်းသဖြင့် ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာတွင် မြေကွက်ကို သက်သေခံ(ထ မှ ထ-၇) အထိစာချုပ်များဖြင့် ဝယ်ယူပေးခဲ့ရပြီး ကိုင်ရိုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ (လိုပြ-၆) ဦးညီညီ၏တာဝန်ပေးချက်အရ ဒေါက်တာသန်းထွန်းအတွက် ထိုမြေကွက်ပေါ်တွင် အဆောက်အဆောက်လုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်းများဝယ်ယူတပ်ဆင်ပေးခြင်းတို့ပြုလုပ်ခဲ့ရကြောင်း ထွက်ဆိုချက်အပေါ် (လိုပြ-၆) ဦးညီညီကလည်း ထောက်ခံထွက်ဆိုထားသည်။

သို့သော် ဒေါက်တာသန်းထွဋ်က ၎င်းအနေဖြင့် (လိုပြ-၄) ဦးနေလင်းကို ထိုမြေများဝယ်ယူခိုင်းခြင်း၊ အဆောက်အဦဆောက်လုပ်စေခြင်းတို့ မပြုလုပ်ခဲ့ကြောင်း ငြင်းဆိုသည်။

ဒေါက်တာသန်းထွဋ်က စွဲချက်ကို ထုချေရာတွင်လည်း ထိုရွာသစ်ကျေးရွာမြေကွက်နှင့် စပ်လျဉ်း၍ ထည့်သွင်းထုချေခြင်း မပြုပေ။ ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ စွဲချက်တွင် ထိုမြေကွက်နှင့်အဆောက်အဦများကိုလည်း ထည့်သွင်းပေးရန် တရားလိုဘက်မှလျှောက်ထားရာတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ထိုမြေကွက်နှင့်စပ်လျဉ်းပြီး တရားလိုဘက်မှ တင်ပြလာသော စာရွက်စာတမ်းများတွင် ဒေါက်တာသန်းထွဋ်နှင့် ပတ်သက်၍ ငြိစွန်းချက်ပေါ်ပေါက်ခြင်းမရှိဟု သုံးသပ်ကာ လျှောက်ထားချက်ကို ပယ်ခဲ့သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ဆက်လက်အတည်ပြုခဲ့သည်။

သို့ဖြစ်ရာ ဒေါက်တာသန်းထွဋ်သည် ပြစ်မှုထင်ရှား ကျူးလွန်သည်ဆိုသည့်အချက်တွင် ရွာသစ်ရှိမြေကွက်အပါအဝင် ယင်းနှင့် သက်ဆိုင်သောပစ္စည်းများနှင့် စပ်ဆိုင်ခြင်းမရှိဆိုသည်မှာ ထင်ရှားသည်။

ထိုသို့ ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော

ပစ္စည်းကို တရားရုံးကစီမံခန့်ခွဲနိုင်ခြင်း ရှိ မရှိ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်နိုင်ခြင်း ရှိ မရှိတို့ကို စိစစ်ရန်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ သက်သေခံပစ္စည်းကို တရားရုံးက စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ယင်းဥပဒေ၏ ပြစ်မှုနှင့်ပြစ်ဒဏ်အခန်းတွင် သီးသီးခြားခြား ပြဋ္ဌာန်းထားခြင်း မရှိဘဲ **"အထွေထွေ"** ခေါင်းစဉ်အခန်းပါ ပုဒ်မ ၆၆ တွင် **"ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အဂတိလိုက်စားမှုနှင့်သက်ဆိုင်သည့်သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီစီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်"** ဟုပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၆၆ ၏ပြဋ္ဌာန်းချက်အရ သက်သေခံပစ္စည်းကို မည်သို့မည်ပုံစီမံခန့်ခွဲရမည်ဟု အတိအကျသတ်မှတ်ထားခြင်းမျိုး မရှိသဖြင့် ဥပဒေနှင့်ညီညွတ်သည့် စီမံခန့်ခွဲမိန့်ချမှတ်ရန်သာရှိ

ပေသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေပုဒ်မ ၆၃ တွင် **"ဥပဒေပါပြစ်မှုတစ်ရပ်ရပ်အတွက် ရှာဖွေမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်"** ဟု ဖော်ပြထားသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုသောအမှုများတွင် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်မဆန့်ကျင်ဘဲ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုရပေမည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) တွင် မည်သည့်ပြစ်မှုဆိုင်ရာတရားရုံးတွင်မဆို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတစ်မှုဆုံးခန်းသို့ရောက်ရှိသည့်အခါ တရားရုံးသို့ တင်ပြထားသော သို့မဟုတ် တရားရုံးကထိန်းသိမ်းထားသောပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုတစ်ခုခု ကျူးလွန်

ခြင်းနှင့်စပ်လျဉ်းသည်ဟု ယူဆရန်အကြောင်းရှိသော ပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အဆိုပါသက်သေခံပစ္စည်းကို ကိုယ်ထိလက်ရောက် မတင်ပြနိုင်သည့်အပြင် လွယ်လင့်တကူမတင်ပြနိုင်ပါက အစီရင်ခံစာနှင့်အတူ အခြားသက်ဆိုင်ရာ သက်သေခံစာတမ်းအမှတ်အသားကို တင်ပြသည့်အခါဖြစ်စေ တရားရုံးသည် ဖျက်ဆီးစေရန်၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် သို့မဟုတ် လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်စေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်သည်ထင်မြင်သည့် စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁) ပြဋ္ဌာန်းချက်အရဆိုလျှင် စစ်ဆေးစီရင်မှုဆုံးခန်းတိုင်ပြီးနောက် တရားရုံးက စီမံခန့်ခွဲနိုင်သော သက်သေခံပစ္စည်းဆိုရာတွင် ပြစ်မှုကျူးလွန်ရာတွင် သက်ဆိုင်သည့်ပစ္စည်းမဟုတ်စေကာမူ တရားရုံးသို့ တင်ပို့သော ပစ္စည်းနှင့် တရားရုံးက ထိန်းသိမ်းထားသော ပစ္စည်းများလည်း ပါဝင်ပြီး ၎င်းပစ္စည်းများကို တရားရုံးကစီမံခန့်ခွဲမှုပြုနိုင်ပေသည်။

အဆိုပါပြဋ္ဌာန်းချက်မူသဘောကို **V. PONNAYA Vs THE**

**UNION OF BURMA (Maung Hla Maung (a) Maung Hla Aung) အမှု**[၃] တွင်လည်း **"Under section. 517, Criminal Procedure Code, the trial Magistrate has power to pass an order regarding the property produced before the Court even though no offence has been committed in respect of it."** ဟုရှင်းလင်းပြဆိုထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ ယခုအမှုတွင် တရားရုံးသို့တင်ပို့လာသော (သက်သေခံ-ဈ)ဖြင့် သိမ်းဆည်းထားသည့် ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ရွာရှိမြေကွက်အပါအဝင် ယင်းနှင့်သက်ဆိုင်သောပစ္စည်းများသည် ပြစ်မှုထင်ရှားကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိစေကာမူ တရားရုံးက စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်မှာ ထင်ရှားသည်။

ဆက်လက်၍ ပြစ်မှုထင်ရှားကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိသော အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် စီမံခန့်ခွဲခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လက်ခံကျင့်သုံးလျက်ရှိသော အခြေခံမူတစ်ရပ်မှာ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသောပစ္စည်းကို ပစ္စည်းတင်ပြသူထံ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။ အဆိုပါမူမှာ အနီးစပ်ဆုံးဖြင့် မျှတမှုသို့ရောက်ရှိစေရန်

နှင့် မျှတမှုကို အနီးစပ်ဆုံး ပေးစွမ်းနိုင်အောင် စဉ်းစားပေးထားခြင်းပင်ဖြစ်သည်။ သို့သော်အခါခပ်သိမ်း ထိုသို့လိုက်နာကျင့်သုံးရန် မဟုတ်။ ပုံသေကားကျတွေးခေါ်ရန်မဟုတ်။ အမှုများသည် တစ်မှုနှင့်တစ်မှု ထပ်တူကျနိုင်မည် မဟုတ်သဖြင့် အမှုသွားအမှုလာအရ ထူးခြားသောအကြောင်းကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ထိုကဲ့သို့ ထူးခြားသောအကြောင်းကိစ္စများကို ခြွင်းချက်ပြုစဉ်းစားပေးရမည်ဖြစ်သည်။ ထိုသို့ ခြွင်းချက်ပြုရခြင်းမှာ တရားရုံးသည် အကြောင်းခြင်းရာအရ မျှတမှုအပေါ် အထောက်အကူပြုရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားနိုင်ရန်ဖြစ်သည်။

**ဒေါ်ခင်စု ပါ ၂ နှင့် ဦးအုန်းမောင် ပါ ၅ အမှု** [၇] တွင်လည်း အချင်းဖြစ်သက်သေခံ ပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုမမြောက်လျှင် ထိုသက်သေခံတင်ပြသောပစ္စည်းကို တင်ပြသူထံ ပြန်လည်ပေးအပ်ရန်ဖြစ်သော်လည်း “**အထူးအကြောင်းခြင်းရာ**” ရှိက ပြန်လည်ပေးအပ်ရန်မဟုတ်ဟု ညွှန်ပြထားသည်။

ယခုအမှုတွင် (လိုပြ-၄) ဦးနေလင်းက (သက်သေခံ-ဈ) ရှာဖွေပုံစံဖြင့် အပ်ပေးထားသော ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ရွာရှိ မြေကွက်နှင့်ပစ္စည်းများမှာ ဒေါက်တာသန်းထွဋ်က ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သော ပစ္စည်းများအဖြစ် အပ်ပေးခဲ့ခြင်းသာဖြစ်၍

၎င်းနှင့်သက်ဆိုင်သော ပစ္စည်းမဟုတ်ဟုသာ ကောက်ယူရပေမည်။

သို့ဖြစ်ရာ အဆိုပါသက်သေခံပစ္စည်းများမှာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်မှုမရှိဟု ပေါ်ပေါက်စေကာမူ သက်သေခံပစ္စည်းအပ်ပေးသူ (လိုပြ-၄) ဦးနေလင်းထံ ပြန်လည်ပေးအပ်ရန်အကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိနိုင်ပေ။

တစ်ဖက်တွင်လည်း တရားခံဒေါက်တာသန်းထွဋ် ကိုယ်၌ကပင် အဆိုပါပစ္စည်းများမှာ ၎င်းနှင့်ဆက်စပ်မှုမရှိကြောင်း ငြင်းဆိုထားပြီးဖြစ်သည်။ သို့ဖြစ်၍ ယခုအမှုတွင် ဖြစ်ပေါ်နေသောအခြေအနေမှာ **"အထူးအကြောင်းခြင်းရာ"** သို့မဟုတ် **"ထူးခြားသောအခြေအနေ"** ဟု ကောက်ယူနိုင်လောက်အောင် ပေါ်ပေါက်နေသည်ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **" ဤကဲ့သို့ထူးခြားသောအခြေအနေတွင် အဆိုပါပစ္စည်းများကို အများပြည်သူအကျိုးငှာ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းက သင့်မြတ်လျော်ကန်မှုရှိမည်ဖြစ်သည်။ ယင်းမှာ အမှုနှင့်သက်ဆိုင်နေသူများအား ထိခိုက်နစ်နာစေရန်အကြောင်းရှိသည်ဟု မဆိုသာချေ"** ဟု သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ယခုအမှုတွင် ပေါ်ပေါက်နေသော ထူးခြားသည့်အကြောင်းခြင်းရာအပေါ် တရားရုံး၏အခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစား

ပြီး ဥပဒေနှင့်အညီ အဆုံးအဖြတ်ပြုခဲ့ခြင်းသာဖြစ်သည်။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည်-

"ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ရွာရှိမြေကွက်အပါအဝင် ယင်းနှင့် သက်ဆိုင်သောပစ္စည်းများနှင့်ပတ်သက်၍ မူလ မန္တလေး တိုင်းဒေသကြီးတရားလွှတ်တော်က တရားခံအပေါ် စွဲချက် တင်ဖြေရှင်းစေခဲ့ခြင်းမရှိသည့်အမိန့်အပေါ် အထက်တရားရုံး အဆင့်ဆင့်က အတည်ပြုထားခြင်း၊ အဆိုပါပစ္စည်းများနှင့် စပ်လျဉ်းပြီး မူလရုံးက တရားခံအပေါ် ပြစ်မှုထင်ရှားစီရင် ထားမှုမရှိခြင်း စသည့်အခြေအနေတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အဆိုပါပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်မှုရှိကြောင်း။"

ထို့ကြောင့် ဤအထူးအယူခံမှုကို ပလပ်သည်။

+ ၂၀၂၂ ခုနှစ်
ဒီဇင်ဘာ လ ၂ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်**

**ရှေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မဝါဝါမြင့် ***

**နှင့်**

**မဖြိုးစုလှိုင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ ****

**အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွားပြီးနောက် ပြမူသည့်အခြေအနေကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် မရိုးမဖြောင့်သော သဘောရှိကြောင်း ပေါ်လွင်ပါက ထိုသူသည် လိမ်လည်မှုကိုပြုသည်ဟု ယူဆနိုင်မည်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်** ။ ။ လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှုတို့၏ ခြားနားချက်မှာ သွေးဆောင်သည်ဟု စွပ်စွဲသည့်အချိန်တွင် စွပ်စွဲ

* ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၆ (ခ)

** ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၆၆ (ခ)

+ ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄ (ခ) တွင် ချမှတ်ခဲ့သော ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို တက်ရောက်သည့် ပြင်င်မှု

ခံရသူ၏ ကြံရွယ်ချက်သည် မည်သို့ရှိသည်ဆိုသည့် အချက်ပေါ်တွင် မူတည်လျက်ရှိသည်။ သို့ရာတွင် ထိုကြံရွယ်ချက်မှာ လူတစ်ဦး၏ စိတ်သဏ္ဍာန်တွင် ဖြစ်ပေါ်နေသော အခြေအနေဖြစ်၍ သာမန်အားဖြင့် မြင်လွယ်တွေ့လွယ်သောအရာ မဟုတ်ပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၄ အရ စိတ်အခြေအနေကို ဖော်ပြသော ကြံရွယ်ချက်၊ ရိုးဖြောင့်သောသဘောနှင့် မရိုးမဖြောင့်သောသဘောတို့ကိုဖော်ပြသော အကြောင်းအရာများသည် စပ်ဆိုင်သောအကြောင်းခြင်းရာများဖြစ်သည်။ စိတ်အခြေအနေကို လေ့လာသုံးသပ်ရာတွင် သက်သေခံအက်ဥပဒေပုဒ်မ ၈ အရ ပြစ်မှုမတိုင်မီကဖြစ်စေ၊ နောင်တွင်ဖြစ်စေ ပြုမူသည့် အပြုအမူ၊ အမူအရာတို့ကို အခြေခံရမည်။

အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွားပြီးနောက် ပြုမူသည့်လူ၏အခြေအနေကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် မရိုးမဖြောင့်သော သဘောရှိကြောင်းပေါ်လွင်ပါက ထိုသူသည် လိမ်လည်မှုကို ပြုသည်ဟု ယူဆရပေမည်။

လျှောက်ထားသူအတွက် - ဦးဝင်းမောင်၊
ဒုတိယညွှန်ကြားရေးမှူး၊
ဥပဒေရေးရာဝန်ကြီးဌာန

| | | | |
|---|---|---|---|
| ၂၀၂၂ ခုနှစ် | လျှောက်ထားခံရသူအတွက် | - | ဒေါ်ခင်နှင်းသစ်၊ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | | | တရားလွှတ်တော်ရှေ့နေ |
| မဝါဝါမြင့် နှင့် မဖြိုးစုလှိုင် | လျှောက်ထားသူအတွက် | - | ဦးသန့်ဇင်ဝင်း၊ |
| | | | တရားလွှတ်တော်ရှေ့နေ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ | လျှောက်ထားခံရသူအမှတ်(၁) | - | ဦးဝင်းမောင်၊ |
| | အတွက် | | ဒုတိယညွှန်ကြားရေးမှူး၊ |
| | | | ဥပဒေရေးရာဝန်ကြီးဌာန |
| | လျှောက်ထားခံရသူအမှတ်(၂) | - | ဒေါ်ခင်နှင်းသစ်၊ |
| | အတွက် | | တရားလွှတ်တော်ရှေ့နေ |

နတ်မောက်မြို့နယ်တရားရုံး၊ ၂၀၂၁ ပြည့်နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၉၈ တွင် မဖြိုးစုလှိုင်က တရားစွဲဆိုခဲ့သော မဝါဝါမြင့်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို မဝါဝါမြင့်က မကွေးခရိုင်တရားရုံး ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၇ ဖြင့် လျှောက်ထားရာ ပလပ်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄ (ခ) ဖြင့် ဆက်လက်လျှောက်ထားရာ ၎င်းအပေါ် စွဲချက်တင်သည့်အမိန့်ကိုပယ်ဖျက်ပြီး အမှုမှစွဲချက်မတင်မီလွှတ်ခဲ့သည်။

ယင်းအမိန့်ကို ဥပဒေရေးရာဝန်ကြီးဌာနနှင့် မဖြိုးစုလှိုင် တို့က ဤရာဇဝတ်ပြင်ဆင်မှုများကို အသီးသီးတင်သွင်းခြင်းဖြစ်သည်။

ဤအမှုနှစ်မှုလုံးသည် နတ်မောက်မြို့နယ်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၉၈ အမှုမှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤစီရင်ချက်သည် အမှုနှစ်မှုလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ မဝါဝါမြင့်သည် စုကြေးတာဝန်ခံအဖြစ် လုပ်ကိုင်သူ မဖြိုးစုလှိုင်ထံရောက်လာပြီး စုကြေးများကို ပြီးဆုံးအောင်ထည့်ဝင်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုကာ ၁၄-၈-၂၀၁၉ ရက်နေ့မှ စတင်ပြီး ၁၆-၉-၂၀၂၀ ရက်နေ့တွင် ပြီးဆုံးမည့်အစုဝင် ၄၀ ဦး ပါဝင်သည့် တစ်နေ့လျှင်ငွေ ၃၀၀၀၀ ကျပ်စုဆောင်း၍ ၁၀ ရက် တစ်ကြိမ် ငွေကျပ်သိန်း ၁၂၀ အစုငွေထုတ်ယူခွင့်ရှိသော စုကြေးအဖွဲ့တွင် အစု ၅ စုပါဝင်ခဲ့ကြောင်း၊ မဝါဝါမြင့်အနေဖြင့် စုကြေး ၅ ကြိမ်ကို လေလံဆွဲထုတ်ယူခဲ့သော်လည်း ၁၀-၄-၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ စုကြေးပြီးဆုံးသည်အထိ ထည့်ဝင်ရန်ဆန္ဒမရှိဘဲ စုကြေးငွေများလိမ်လည်ရယူခဲ့သဖြင့် ငွေကျပ်သိန်း ၂၄၀ နစ်နာခဲ့သဖြင့် မဝါဝါမြင့်အား ဥပဒေအရ အရေးယူပေးပါရန် မဖြိုးစုလှိုင်က တရားလိုပြုလုပ်တိုင်တန်းသော အမှု

၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

မဝါဝါမြင့်
နှင့်
မဖြိုးစုလှိုင်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက မဝါဝါမြင့်သည် မဖြိုးစုလှိုင်တာဝန်ခံအဖြစ် ဆောင်ရွက်သော စုကြေးလုပ်ငန်းတွင် စုကြေးအဖွဲ့ဝင်အဖြစ် ပါဝင်လိုကြောင်း၊ အိမ်ခြံ၊ ကား၊ အရောင်းအဝယ်လုပ်ကိုင်သဖြင့် တိုက်၊ ကား၊ ရွှေ၊ ငွေများပိုင်ဆိုင်သူဖြစ်ကြောင်း၊ စုကြေးငွေများအားပြီးဆုံးသည်အထိ မပျက်မကွက်ထည့်ပါမည်ဟု ကတိပြုပြောဆို၍ စုကြေးအဖွဲ့တွင် ပါဝင်ခွင့်ပြုခဲ့ကြောင်း၊ ၎င်းသည် ၂-၉-၂၀၁၉ ရက်နေ့မှစ၍ တစ်ကြိမ်လျှင် ငွေကျပ်သိန်း ၁၂၀ ဖြင့် ၅ ကြိမ် စုစုပေါင်း စုကြေးငွေ ကျပ်သိန်း ၆၀၀ ကို ထုတ်ယူခဲ့ပြီး ၁၀-၄-၂၀၂၀ ရက်နေ့မှစ၍ စုကြေးငွေများထည့်ဝင်ခြင်းမရှိကြောင်း၊ ၎င်း၏နေအိမ်သို့ သွားရောက်တောင်းခဲ့သော်လည်း နေအိမ်တံခါးပိတ်ထား၍ မတွေ့ရကြောင်း၊ စာရင်းရှင်းကာ အရစ်ကျပေးဆပ်ပါမည်ဟု သက်သေခံ(ဂ) နို့တစ်စာဖြင့် အကြောင်းပြန်ကြားခဲ့သော်လည်း ပြန်လည်ပေးသွင်းခြင်းမရှိ၍ မဖြိုးစုလှိုင်က ငွေကျပ်သိန်း ၂၄၀ ကို စိုက်ထုတ်ပေးခဲ့ရကြောင်း၊ မဝါဝါမြင့်မှာ မဖြိုးစုလှိုင်၊ ဒေါ်ခင်မာချို နှင့် ဒေါ်သီသီလှိုင်(ခ) ဒေါ်သီတို့ စုကြေးတာဝန်ခံအဖြစ်ဆောင်ရွက်သည့် ငွေစုဒိုင် ၃ ခုတွင် ပါဝင်ခဲ့ပြီး ငွေများထုတ်ယူပြီးနောက် ပြန်သွင်းရန်ပျက်ကွက်ခဲ့သဖြင့်

အမှု ၃ မှုဖြင့် တရားစွဲဆိုခံနေရသူဖြစ်ကြောင်း၊ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ပြောဆိုကာ စုကြေးဒိုင်များထံမှ စုကြေးငွေများလိမ်လည်ရယူခဲ့သဖြင့်ဖြေရှင်းရန် ငြိစွန်းသည့်အချက်များပေါ်ပေါက်လျက်ရှိကြောင်း၊ ၎င်းအားစွဲချက်မတင်မီပြန်လွှတ်ခဲ့သည့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် မှန်ကန်မှုရှိသည်ဟုမဆိုနိုင်ကြောင်း၊ ကိုဗစ်ရောဂါပြန့်ပွားမှုမရှိစေရန် အသွားအလာကန့်သတ်ပိတ်ပင်ထား၍ ပြင်ဆင်မှုလျှောက်ထားရန် အခက်အခဲများဖြစ်ပေါ်လာသဖြင့် ကာလစည်းကမ်းသတ် ၁၄ ရက်ကျော်လွန်ရခြင်းကို ခွင့်ပြုပြီး မူလနတ်မောက်မြို့နယ်တရားရုံးနှင့် မကွေးခရိုင်တရားရုံးတို့က မဝါဝါမြင့်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရစွဲချက်တင်ဖြေရှင်းစေသည့်အမိန့်ကို ပြန်လည်အတည်ပြုသည့်အမိန့်ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ မဖြိုးစုလှိုင်၏ရှေ့နေက မဝါဝါမြင့်သည် စုကြေး၏သဘောသဘာဝကို သိရှိနားလည်ပြီး စုကြေးအဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရှိရေးအတွက် အိမ်ခြံမြေ၊ ကားအရောင်းအဝယ်လုပ်ကိုင်ကြောင်း၊ ကားပိုင်၊ တိုက်ပိုင်ရှိ၍ စုကြေးများကို မှန်မှန်ထည့်ဝင်ပါမည်ဟု ကတိပြုပါဝင်ခဲ့ကြောင်း၊ လေလံကြေးအမြင့်ဆုံးပေး၍ ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အများနှင့်အစုဖွဲ့စုဆောင်းပြီး

၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

မဝါဝါမြင့်

နှင့်

မဖြိုးစုလှိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂

အိတ်ပိတ်လေလံအဖြစ် စုကြေးဖွင့်ပေးသည်ကို သိလျက်နှင့် အရစ်ကျပေးသွင်း၍ မဖြစ်နိုင်သည်ကိုကမ်းလှမ်းခဲ့ခြင်းအရ စုကြေးစတင်ပါဝင်စဉ်ကပင် မရိုးမဖြောင့်သောသဘောဖြင့် ရည်ရွယ်ချက်ရှိရှိ သွေးဆောင်ပြောဆိုပါဝင်ထုတ်ယူသွားခဲ့ကြောင်း၊ မသီသီလှိုင်နှင့် ဒေါ်ခင်မာချိုတို့ထံတွင် တစ်ချိန်တည်းပါဝင်ခဲ့ပြီး စုကြေးများပေးသွင်းခြင်းမရှိ၍ အမှုရင်ဆိုင်ဖြေရှင်းနေသည်ကို ကြည့်ခြင်းအားဖြင့် စုကြေးငွေများလိမ်လည်ထုတ်ယူကြောင်းမှာ ထင်ရှားကြောင်း၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က မဝါဝါမြင့်အနေဖြင့် စုကြေးငွေများမပေးသွင်းခြင်းမှာ ကတိပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်သည်ဟုသုံးသပ်၍ချမှတ်ခဲ့သည့်အမိန့်မှာမှားယွင်းပြီး မဖြိုးစုလှိုင်၏အကျိုးကိုများစွာထိခိုက်နစ်နာရသဖြင့် ပြင်ဆင်တည့်မတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ မဝါဝါမြင့်၏ရှေ့နေက စုကြေးများကို ၂၄ ယောက်အတွက်ပေးသွင်းခဲ့ပြီး ၁၆ ယောက်စာသာ ကျန်ရှိကြောင်း၊ စုကြေးငွေများကို စုကြေးအဖွဲ့ဝင်များက အလှည့်ကျထုတ်ယူကြခြင်းမဟုတ်ဘဲ လေလံစနစ်၊ ကြမ်းခင်းစနစ်ဖြင့် အမြတ်အများဆုံးပေးသည့်လေလံဆွဲသူက စုကြေးငွေများထုတ်ယူခြင်းဖြစ်ရာ မဝါဝါမြင့်အနေဖြင့် စုကြေးငွေများကို မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်

လှည့်ဖြားရယူသည်ဟု မဆိုနိုင်ကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ သည် တရားခံက လူတစ်ဦးကိုလှည့်ဖြားခြင်း၊ ယင်းသို့လှည့်ဖြားသဖြင့် ထိုလူက ပစ္စည်းတစ်စုံတစ်ရာကို သူတစ်ပါးအား ပေးအပ်ခဲ့ခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားခြင်းပြုကြောင်း ငြိစွန်းသော သက်သေခံချက်များရှိရန်လိုကြောင်း၊ တရားလို မဖြိုးစုလှိုင်နှင့် တရားခံမဝါဝါမြင့်တို့အကြား သဘောတူညီချက်အတိုင်း မဝါဝါမြင့်က စုကြေးငွေများမပေးသွင်းခြင်းမှာလည်း ကတိပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်ပြီး လိမ်လည်မှုမြောက်သည်ဟု မဆိုနိုင်ကြောင်း၊ ကတိပဋိညာဉ်ဖောက်ဖျက်မှုကို ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းမှာ တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုခြင်းဖြစ်ကြောင်း၊ မဝါဝါမြင့်အား စွဲချက်မတင်မီလွှတ်ခဲ့သည့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ဆက်လက်အတည်ပြုပြီး ပြင်ဆင်မှုများကိုပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မဖြိုးစုလှိုင်မှ တာဝန်ခံအဖြစ်လုပ်ကိုင်သည့် အစုဝင် ၄၀ ပါဝင်ပြီး တစ်နေ့လျှင် ငွေ ၃၀၀၀၀ ကျပ် စုဝင်၍ ၁၀ ရက်လျှင် တစ်ကြိမ် စုကြေးငွေကျပ်သိန်း ၁၂၀ ထုတ်ပေးသည့် စုကြေးအဖွဲ့တွင် မဝါဝါမြင့်က အစု ၅ စုပါဝင်ခဲ့သည်။ အဆိုပါစုကြေးအဖွဲ့မှာ

၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

မဝါဝါမြင့်
နှင့်
မဖြိုးစုလှိုင်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

၁၄-၈-၂၀၁၉ ရက်နေ့တွင်စတင်ပြီး ၁၆-၉-၂၀၂၀ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်သည်။ မဝါဝါမြင့်အနေဖြင့် ၂-၉-၂၀၁၉၊ ၁၂-၉-၂၀၁၉၊ ၂၁-၁၁-၂၀၁၉၊ ၁၁-၁၂-၂၀၁၉ နှင့် ၂၀-၁-၂၀၂၀ ရက်နေ့များတွင် စုကြေးငွေကျပ်သိန်း ၁၂၀ စီ၊ စုစုပေါင်းကျပ်သိန်း ၆၀၀ ကို ထုတ်ယူခဲ့သော်လည်း အစုဝင် ၂၄ ဦးထိထည့်ဝင်ပြီးနောက် ၁၀-၄-၂၀၂၀ ရက်နေ့မှစ၍ ပေးသွင်းခြင်းမပြုတော့သဖြင့် အစုဝင် ၁၆ ဦး အတွက်ထည့်ဝင်ရန်ကျန်ရှိကြောင်းမှာ အမှုတွင် အငြင်းပွားမှုမရှိပေ။

လျှောက်ထားသူများဘက်မှ မဝါဝါမြင့်သည် အိမ်ခြံ၊ ကား အရောင်းအဝယ်လုပ်ကိုင်သဖြင့် တိုက်၊ ကားနှင့်ရွှေ၊ ငွေများ ပိုင်ဆိုင်ကြောင်း၊ စုကြေးငွေများကို ပြီးဆုံးသည်အထိ မပျက်မကွက် ထည့်မည်ဖြစ်ကြောင်း မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင် ပြောဆိုကာ စုကြေးငွေများ ထုတ်ယူပြီးနောက်ပိုင်း ဆက်လက် ပေးသွင်းခဲ့ခြင်းမရှိကြောင်း စွပ်စွဲပြီး မဝါဝါမြင့်ကလည်း ၎င်းနှင့် မဖြိုးစုလှိုင်တို့အကြား သဘောတူညီသည့်အတိုင်း စုကြေးငွေများ မပေးသွင်းခြင်းမှာ ကတိပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်၍ ရာဇဝတ် ကြောင်းအရ စွဲဆိုခြင်းမပြုနိုင်ကြောင်း တင်ပြခဲ့သည်။

ပဋိညာဉ်ချိုးဖောက်မှုသက်သက်ဆိုလျှင် ရာဇဝတ်ကြောင်း အရ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်နိုင်မည်မဟုတ်သော်

လည်း စုကြေးငွေများကို ဆက်လက်ထည့်ဝင်ရန် ပျက်ကွက်ခဲ့ခြင်းသည် မရိုးမဖြောင့်သောသဘောဖြင့်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသည့် သဘောဖြင့်လည်းကောင်း သွေးဆောင်ပြုမူခဲ့ခြင်းဖြစ်ကြောင်းပေါ်ပေါက်လျှင် ရာဇသတ်ကြီးပုဒ်မ ၄၁၅ အရ လိမ်လည်မှုကို ကျူးလွန်ခြင်းမည်ပေလိမ့်မည်။

လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှုတို့၏ ခြားနားချက်မှာ သွေးဆောင်သည်ဟု စွပ်စွဲသည့်အချိန်တွင် စွပ်စွဲခံရသူ၏ ကြံရွယ်ချက်သည် မည်သို့ရှိသည်ဆိုသည့်အချက်ပေါ်တွင် မူတည်လျက်ရှိသည်။ သို့ရာတွင် ထိုကြံရွယ်ချက်မှာ လူတစ်ဦး၏ စိတ်သဏ္ဍာန်တွင် ဖြစ်ပေါ်နေသောအခြေအနေဖြစ်၍ သာမန်အားဖြင့် မြင်လွယ်တွေ့လွယ်သော အရာမဟုတ်ပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၄ အရ စိတ်အခြေအနေကို ဖော်ပြသော ကြံရွယ်ချက်၊ ရိုးဖြောင့်သောသဘောနှင့် မရိုးမဖြောင့်သော သဘောတို့ကို ဖော်ပြသောအကြောင်းအရာများသည် စပ်ဆိုင်သောအကြောင်းခြင်းရာများဖြစ်သည်။ စိတ်အခြေအနေကို လေ့လာသုံးသပ်ရာတွင် သက်သေခံအက်ဥပဒေပုဒ်မ ၈ အရ ပြစ်မှုမတိုင်မီကဖြစ်စေ၊ နောင်တွင်ဖြစ်စေ ပြုမူသည့်အပြုအမူ၊ အမူအရာတို့ကို အခြေခံရမည်။

၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
မဝါဝါမြင့်
နှင့်
မဖြိုးစုလှိုင်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွားပြီးနောက် ပြုမူသည့် လူ၏အခြေအနေကိုပေါင်းစပ်သုံးသပ်ကြည့်လျှင် မရိုးမဖြောင့်သော သဘောရှိကြောင်းပေါ်လွင်ပါက ထိုလူသည် လိမ်လည်မှုကို ပြု သည်ဟု ယူဆရပေမည်။

မဝါဝါမြင့်က ၎င်းသည် အိမ်ခြံ၊ ကားအရောင်းအဝယ် လုပ်ကိုင်သဖြင့် တိုက်၊ ကားနှင့်ရွှေများပိုင်ဆိုင်သူဖြစ်ကြောင်း၊ စုကြေးငွေများအား ပြီးဆုံးသည်အထိ မပျက်မကွက်ထည့်ပါမည် ဖြစ်ကြောင်းပြောဆို၍ မဖြိုးစုလှိုင်တာဝန်ခံအဖြစ် လုပ်ကိုင်သော စုကြေးအဖွဲ့တွင် ပါဝင်ခွင့်တောင်းခံခဲ့သည်ကို ဦးအောင်သူမြတ်(ခ) ဖိုးအောင်(လိုပြ-၂) ၏ထွက်ဆိုချက်တွင် တွေ့ရသည်။

မဝါဝါမြင့်အနေဖြင့် စုကြေးငွေ ၅ ကြိမ်ကို ဆက်တိုက်နီးပါး ဆိုသလိုထုတ်ယူခဲ့ပြီးစုကြေးအဖွဲ့ဝင် ၁၆ ဦးအတွက် ငွေပေးသွင်း ရန် ကျန်ရှိသည့်အခြေအနေတွင် ဆက်လက်ပေးသွင်းခြင်းမပြုခဲ့ သည့်အပြင် အခြားစုကြေးအဖွဲ့ ၂ ဖွဲ့တွင်လည်း စုကြေးငွေများ ထုတ်ယူပြီး ပေးသွင်းခြင်းမပြုခဲ့သဖြင့် အလားတူတရားစွဲဆိုခံခဲ့ရ ကြောင်း ပေါ်ပေါက်သည်။

လေလံစုကြေးမှာ အလှည့်ကျရယူခြင်းမျိုး မဟုတ်ဘဲ ငွေအသုံးအရင်လိုသူတို့က စုကြေးကိုအမြတ်ပေး၍ ဦးစွာရယူခြင်း

ဖြစ်သော်လည်း ထည့်ဝင်ရမည့် စုကြေးမှာမူလသဘောတူ သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

မဝါဝါမြင့်က တစ်နေ့လျှင် ငွေကျပ် ၃၀၀၀၀ ထည့်ဝင်ရမည်ကို သဘောတူခဲ့သော်လည်းဎင်းရရှိသည့်ငွေမှာ ငွေကျပ်သိန်း ၆၀၀ မဟုတ်ဘဲ ၄၉၂၁၂၀၀၀ ကျပ်ဖြစ်၍ ပေးသွင်းရန် ကျန်ငွေမှာ ၁၃၂၁၂၀၀၀ ကျပ်ဖြစ်ကြောင်း ပြန်လှန်မေးမြန်းချက်တွင် တွေ့ရသည်။ လေလံစုကြေး၏သဘောသဘာဝကို သိလျက်နှင့် စုကြေးအဖွဲ့တွင်ပါဝင်ခဲ့ပြီး စုကြေးငွေများ လက်ခံရယူပြီးနောက်တွင် သဘောတူညီ၍ အမြတ်ပေးခဲ့သည့်ငွေများကို ငြင်းဆိုခဲ့သည်။ ပေးသွင်းရန် ကျန်ငွေနှင့်စပ်လျဉ်း၍ သင့်တော်သည့်နေရာတွင် လူချင်းတွေ့ဆုံညှိနှိုင်းခြင်းပြုရန် အားထုတ်မှုမရှိဘဲ အရစ်ကျ ပေးသွင်းရန် စာဖြင့်၊ ဖုန်းဖြင့် ညှိနှိုင်းခဲ့သော်လည်း အမှန်တကယ် ပေးသွင်းခြင်းမရှိကြောင်း တရားလိုဘက် သက်သေခံချက်များတွင် တွေ့ရသည်။

ယခုအမှုတွင် မဝါဝါမြင့်အနေဖြင့် စုကြေးအဖွဲ့ဝင်အဖြစ် လက်ခံရန် ပြောဆိုခဲ့သောအခြေအနေနှင့် စုကြေးငွေထုတ်ယူပြီးနောက် ၎င်း၏ ပြုမူဆောင်ရွက်ချက်များကို ပေါင်းစပ်သုံးသပ်ပါက မဖြိုးစုလှိုင် တာဝန်ခံအဖြစ်လုပ်ကိုင်သော စုကြေးအဖွဲ့တွင် ပြီးဆုံး

အောင်ထည့်ဝင်ရန် ရည်ရွယ်ချက်မရှိဘဲ စုကြေးငွေ ၅ စု အတွက် ငွေကျပ်သိန်း ၆၀၀ ထုတ်ယူခဲ့သော်လည်း ပေးသွင်းရန် ကျန်ငွေကျပ်သိန်း ၂၄၀ ကို မပေးသွင်းခြင်းသည် မရိုးမဖြောင့်သော သဘောဖြင့် မဖြိုးစုလှိုင်ထံမှ ငွေကြေးကို ရယူခဲ့သည်ဟု ရှေးဦးအမြင်အရ ပေါ်ပေါက်နေသည်။

သဘောတူညီချက်ဖြင့် ငွေကြေးကိစ္စများကို ဆောင်ရွက်ကြရာတွင် သဘောတူညီချက်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်မှုသည် ကတိပဋိညာဉ်ဖောက်ဖျက်ခြင်းဖြစ်၍ တရားမကြောင်းအရ စွဲဆိုနိုင်သည့်အခွင့်အရေးရှိသည် မှန်သော်လည်း တိုင်တန်းချက်တွင် ပြစ်မှုမြောက်သောအခြေအနေ ငြိစွန်းပေါ်ပေါက်နေပါက ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်ခွင့်ရှိရမည်ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း သုံးသပ်တွေ့ရှိရသည့်အခြေအနေတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် မှုတမှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ယခုတင်သွင်းလာသည့် ပြင်ဆင်မှုနှစ်မှုသည် အခွင့်အရေးတစ်ရပ်တည်းအတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် မူလရုံးတရားလို မဖြိုးစုလှိုင်တို့က တင်သွင်းလာခြင်းဖြစ်သည်။ ပြင်ဆင်မှုများ တင်သွင်းရန် ကာလစည်းကမ်းသတ်ရက်ပေါင်း ၆၀ ဟု

သတ်မှတ်ခြင်းမှာ ဥပဒေအရသတ်မှတ်ခြင်းမဟုတ်ဘဲ တရားရုံးများလက်စွဲ အပိုဒ် ၇၆၆ အရ ညွှန်ကြားထားခြင်းဖြစ်သည်။ ပြင်ဆင်မှုများတွင် ပြင်ဆင်မှုတရားရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန်လိုအပ်ပါက ကာလစည်းကမ်းသတ်ကျော်လွန်မှုကို ခွင့်ပြုနိုင်သည်ဖြစ်၍ မဖြိုးစုလှိုင်တင်သွင်းသည့် ပြင်ဆင်မှုတွင် ကာလစည်းကမ်းသတ် ၁၄ ရက် ကျော်လွန်ကာမျှဖြင့် အမှုကို ပလပ်ခြင်း မပြုနိုင်ပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က မဝါဝါမြင့်အား အမှုမှ စွဲချက်မတင်မီလွှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်သည်။ မဝါဝါမြင့်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲချက်တင်ခဲ့သည့် နတ်မောက်မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့သော မကွေးခရိုင်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုပြီး အမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

+ ၂၀၂၂ ခုနှစ်
စက်တင်ဘာ လ ၅ ရက်

**ရာဇဝတ်အထူးယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးအောင်ဇော်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို**
**တို့ရှေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နှင့်**
**ဦးခင်မောင်မြင့် ပါ ၃ ***

**"ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့် အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့် ရှိ မရှိ"**

**ဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကိုကျင့်သုံး၍ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အား ပယ်ဖျက်ခဲ့သည်ကို **မညွန့်ခင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု** တွင် တွေ့ရှိရသည်။

* ၂၀၂၂ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇
+ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄၄(ခ)

ဝန်ခံသည့်တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ရာဇဝတ်ပြင်ဆင်မှုတွင် တရားရုံးချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ခဲ့သည်ကို **မောင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမောင်သိန်းပါ ၃ အမှု** တို့တွင် သာဓကအဖြစ် တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြင်ဆင်မှုအဖြစ် တင်သွင်းလျှောက်ထားမှုတွင်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်းထင်ရှားသည်။ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမျိုးအစားတွင်သာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတအာဏာကိုကျင့်သုံးနိုင်သည်ဟု ကန့်သတ်ချက်မျိုးပြဋ္ဌာန်းထားခြင်းမရှိပေ။ ထိုသို့ ကန့်သတ်မည်ဆိုလျှင်လည်း မူလဘူတအာဏာကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းချက်နှင့် ရည်ရွယ်ချက်တို့မှာ အဟောသိကံဖြစ်ပေလိမ့်မည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ၏ ပြဋ္ဌာန်းချက်၌ပင်လျှင် မူလဘူတအာဏာကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်း၊ ထိခိုက်ခြင်းပြုနိုင်မည်မဟုတ်ဟု ရှင်းလင်းထားပြီးဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပြင်ဆင်မှုရုံးတွင် ပြင်ဆင်မှုအာဏာကျင့်သုံးသည်မှာ မှန်သည်။ သို့သော် ပြင်ဆင်မှုအာဏာက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို အတားအဆီးပြု၍မရပေ။ အကန့်အသတ်ပြု၍မရပေ။ အချုပ်အချယ်ပြု၍မရပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံးခွင့် အပ်နှင်းခြင်းခံရသော တရားရုံးသည် ထိုအာဏာကို ကျင့်သုံးရန်လိုအပ်သည့်အခြေအနေ ပေါ်ပေါက်ပါက ကျင့်သုံးခွင့်ရှိသည်သာဖြစ်သည်။

ပြင်ဆင်မှုတွင် လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်း အထက်တွင် သာဓကပြဆိုခဲ့ပြီးဖြစ်သည်။ အမှုချေဖျက်ပေးရန်ဆိုသည်မှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာအရ ဆောင်ရွက်နိုင်သည့် ဘောင်အတွင်း၌ပင်ဖြစ်ရာ ပြင်ဆင်မှုပင်ဖြစ်စေကာမူ အမှုချေဖျက်ရန် အထောက်အထား ပေါ်ပေါက်ပါက မူလဘူတအာဏာကို ကျင့်သုံးခွင့်ရှိသော တရားရုံးအနေဖြင့် ထိုအာဏာကိုကျင့်သုံး၍ ချေဖျက်ခွင့်ရှိရမည်သာဖြစ်သည်။ ချေဖျက်ခွင့်ရှိမည်လည်းဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်ယဉ်ယဉ်မွန်၊<br>ညွှန်ကြားရေးမှူး၊<br>ဥပဒေရေးရာဝန်ကြီးဌာန |
| အယူခံတရားခံ(၁)အတွက် | - | ဒေါ်ကေသွယ်မိုး၊<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားခံ(၂)၊ (၃) အတွက်- | | ဦးချမ်းလင်းလှမြင့်၊<br>တရားလွှတ်တော်ရှေ့နေ |

တာချီလိတ်မြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၃၃ တွင် ဦးခင်မောင်မြင့်က ဦးစိုးနိုင်ပါ ၇ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ ဦးတိုက်လျှောက်ထားစွဲဆိုသည်။ ယင်းအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ အရေးယူခံရသော မဖြူဖြူခိုင်နှင့် ဦးသန်းလှိုင်တို့က ၎င်းတို့အပေါ်စွဲဆိုထားသော အမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ရှမ်းပြည်နယ်တရားလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၈ ဖြင့် လျှောက်ထားရာ လျှောက်ထားမှုကို ပလပ်သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄၄ (ခ) ဖြင့်

လျှောက်ထားရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြားနာပြီး ပြင်ဆင်မှုကို ပလပ်သည့်အမိန့်ချမှတ်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄၄ (ခ) တွင် ချမှတ်သောအမိန့်သုံးသပ်ချက်တွင် အများပြည်သူအကျိုးငှာ အရေးယူလောက်သောပြဿနာပေါ်ပေါက်သည်ကို တွေ့ရှိရသဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အောက်ပါပြဿနာကို ကြားနာရန်အထူးအယူခံဖွင့်လှစ်သည်-

**"ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့်အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့် ရှိ မရှိ။"**

အမှုမှာ တာချီလိတ်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်မြင့်က ၎င်းတို့၏စစ်မှုထမ်းဟောင်းအဖွဲ့အမည်ပေါက်ဂရန်ရရှိထားသော ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဂေါက်ကွင်းဘေးရှိ အလျား ၁၂၀ ပေ၊ အနံ ၆၀ ပေရှိ မြေကွက်ကို ဖိုက်စတားကုမ္ပဏီသို့ ငှားရမ်းထားရာမှ KTV ဖွင့်ထားသည်ဟုလည်းကောင်း၊ စစ်မှုထမ်းဟောင်းအဆင့်မြင့် အိမ်ရာမြေနှင့် မျက်နှာချင်းဆိုင်တွင်

စစ်မှုထမ်းဟောင်းအဖွဲ့အိမ်ရာမြေဟု ဖော်ပြပြီး မြေကွက်များအား အကွက်ရိုက်၍ ရောင်းစားသည်ဟုလည်းကောင်း၊ မဖြူဖြူခိုင်၊ ဦးသန်းလှိုင်အပါအဝင် ထိုမြေလက်ရှိထားသူ ပုဂ္ဂိုလ် (၇) ဦးတို့မှ ဌာန (၆) ခုထံ မမှန်မကန် စွပ်စွဲတိုင်ကြားသဖြင့် အကြိမ်ကြိမ် စစ်ဆေးခံရပြီး တာချီလိတ်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့၏ ဂုဏ်သိက္ခာထိခိုက်သည့်အတွက် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးမှုအရ ဦးခင်မောင်မြင့်က ဦးစိုးနိုင်ပါ ၇ ဦး အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ တာချီလိတ်မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခြင်းဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက မူလဘူတ အာဏာကို ယခင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကသာ ကျင့်သုံးခွင့်ရှိခဲ့သော်လည်း ယခုအခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များကလည်း ကျင့်သုံးဆောင်ရွက်ခွင့် ရရှိနေပြီဖြစ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တွင် အမှုချေဖျက်ခြင်းအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ လျှောက်ထားသော ရာဇဝတ်အထွေထွေမှုများအတွက် ဆုံးဖြတ် ပြီးသောကိစ္စအပေါ် ပြည်ထောင်စုတရားလွှတ် တော်ချုပ်သို့ အမှု ချေဖျက်ပေးရန် ဒုတိယအကြိမ် လျှောက်ထားရာတွင်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များက ချမှတ်သောအမိန့်ကိုပြန်လည်စိစစ်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုဖြင့်တင်သွင်းခြင်းကို လက်ခံဆောင်ရွက်ခြင်းမှာ ဆီလျော်မှုရှိကြောင်း၊ ရာဇဝတ်အထွေထွေမှု၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချမှတ်သည့်အမှု ချေဖျက်ရန်ငြင်းပယ်သောအမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅(၁) တွင် အကျုံးဝင်သဖြင့် ရာဇဝတ်ပြင်ဆင်မှုကို လျှောက်ထားခွင့်ရှိကြောင်း၊ ရာဇဝတ်ပြင်ဆင်မှုဖြင့် လျှောက်ထားမှုများတွင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကို ကျင့်သုံးဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ သာဓကအားဖြင့် **ဦးလှဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** အမှု[၁] တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်အထွေထွေမှု၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ခွင့်ပြုသည့် ချမှတ်ခဲ့သည့်အမိန့်အပေါ် ပယ်ဖျက်ပေးပါရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုဖြင့် လျှောက်ထားခဲ့ရာတွင် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့်အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှု

၁။ ၂၀၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၆

တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားခံအမှတ်-၁ ၏ တရားလွှတ်တော်ရှေ့နေက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အရ မူလရုံး၏တွေ့ရှိချက် သို့မဟုတ် ပြစ်ဒဏ် သို့မဟုတ် အမိန့်တစ်ခုခုသည် မှားယွင်းနေကြောင်း ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိမှသာ ပြင်ဆင်ပေးရန်အလို့ငှာ အမှုတွဲကို တောင်းခေါ်၍ ပြင်ဆင်မှုဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရချမှတ်သည့် အမိန့်တစ်ရပ်ရပ်အတွက် တရားမျှတမှုရှိပြီး မှန်ကန်မှုရှိစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့မှ မူလဘူတအာဏာကိုသုံးစွဲ၍ အမှုများကို ပယ်ဖျက်နိုင်ခွင့်ရှိကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလမှုအားချေဖျက်ရန် သင့် မသင့် စဉ်းစားရာ၌ မည်သည့်အဆင့်၌သာ တရားရုံးချုပ်က ချေဖျက်နိုင်ခွင့်ရှိကြောင်း ကန့်သတ်ထားခြင်းလည်းမရှိကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးများမှ အမှုတွဲချေဖျက်ခဲ့ခြင်း၊ မချေဖျက်ခဲ့ခြင်းများအပေါ်

ပြင်ဆင်မှုအာဏာအား ကျင့်သုံးဆုံးဖြတ်ခဲ့သည့် လမ်းညွှန်ချက်များစွာတို့လည်းပေါ်ပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့်အမိန့်အပေါ် တင်သွင်းလာသည့်ပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားခံအမှတ်-၂၊ ၃ တို့၏ တရားလွှတ်တော်ရှေ့နေက အယူခံတရားခံ (၂ နှင့် ၃)တို့သည် မူလအမှုအား အမှုချေဖျက်ပေးရန် ရှမ်းပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားခဲ့ပြီး ရှမ်းပြည်နယ်တရားလွှတ်တော်မှ ပလပ်သည့်အမိန့်အပေါ် ၂၀၁၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တက်ရောက်လာခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမှုအားချေဖျက်ပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိကြောင်း လျှောက်လဲပြီး မူလတာချီလိတ်မြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၃၃ အမှုတွဲအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်သည့်အမိန့်တစ်ရပ်ချမှတ်ပေးသင့်ကြောင်း အမှု၏အရည်အသွေးကိုဖော်ထုတ်၍ လျှောက်ထားတင်ပြ

သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄၄(ခ) တွင် အမှုကို ပလပ်ရာ၌ အကြောင်းခြင်းရာအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ အာဏာကိုကျင့်သုံး၍ ချေဖျက်ပေးနိုင်သည့်အခြေအနေမရှိကြောင်း သုံးသပ်ထားသည်။

ထို့ပြင် အမှုတွဲချေဖျက်ရန် လျှောက်ထားခြင်းကို ပြင်ဆင်မှုတွင် အဆုံးအဖြတ်ပေးရန် မဖြစ်နိုင်ကြောင်း စီရင်ချက်၏ စာမျက်နှာ ၄ တတိယအပိုဒ်မှစတင်၍ စာမျက်နှာ ၆ ပထမအပိုဒ် အထိ အောက်ပါအတိုင်း ထပ်မံသုံးသပ်ထားသည်-

> လျှောက်ထားသူများ တင်သွင်းသော ရာဇဝတ်ပြင်ဆင်မှု၏ အနှစ်သာရမှာ တာချီလိတ်မြို့နယ်တရားရုံး၏ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၃၃ ကို ချေဖျက်ပေးရန် လျှောက်ထားခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။
>
> × × × × × × × × × × × × × × × × × × × × × × × × ×
>
> ပြင်ဆင်မှုဟူသည် ခရိုင်တရားရုံးနှင့် အထက်တရားရုံးတို့က အောက်ရုံးမှချမှတ်သောအမိန့်၊ ဆုံးဖြတ်ချက် မှန် မမှန်၊

ဥပဒေနှင့် ညီ မညီ၊ သင့်လျော် မသင့်လျော် သိရှိနိုင်ရန် အမှုတွဲတောင်းခေါ် စိစစ်ဆုံးဖြတ်ရသည့် ကိစ္စမျိုးနှင့် သက်ဆိုင်ပြီး အမှုချေဖျက်ခြင်းကိစ္စသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ရာဇဝတ်အထွေထွေမှုတွင် မူလ ဘူတအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့်ကိစ္စ ဖြစ်ပေသည်။

သို့ဖြစ်ရာ လျှောက်ထားသူများက တာချီလိတ်မြို့နယ် တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၃၃ တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ စစ်ဆေးနေသော အမှု ချေဖျက်ပေးရန်ကိစ္စကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ရာဇဝတ်အထွေထွေမှုလျှောက်ထားရမည့်အစား အမှုတွဲချေဖျက်ခြင်းအာဏာ အပ်နှင်းခြင်းမရှိသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅၊ ၄၃၉ တို့အရ စိစစ်ဆုံးဖြတ်ရန် ပြင်ဆင်မှုလျှောက်ထားခြင်းအပေါ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကအဆုံးအဖြတ်ပေးရန် မဖြစ်နိုင်ပေ။

သို့ဖြစ်ရာ အမှုချေဖျက်ပေးရန် လျှောက်ထားမှုအပေါ် ပြည်နယ်တရားလွှတ်တော်က ငြင်းပယ်သည့်အမိန့်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားသော ပြင်ဆင်မှုတွင်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိ မရှိ ပြဿနာပေါ်ပေါက်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအပိုင်း ၇ တွင် အယူခံမှု၊ စောဒကမှု နှင့် ပြင်ဆင်မှုတို့ပါရှိသည်။ ထိုအပိုင်း၊ အခန်း ၃၁ တွင် အယူခံမှုနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၄ မှ ၄၃၁ အထိ ပြဋ္ဌာန်းထားသည်။ စောဒကမှု၊ ပြင်ဆင်မှုတို့နှင့်စပ်လျဉ်း၍ ထိုအပိုင်း၊ အခန်း ၃၂ တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၂ မှ ၄၄၂ အထိ ပြဋ္ဌာန်းထားရာ အဆိုပါပြဋ္ဌာန်းချက်တွင် စောဒကမှုနှင့် သက်ဆိုင်သည့် ပုဒ်မ ၄၃၂ နှင့် ၄၃၃ တို့ကို ပယ်ဖျက်ထားသည်။ သို့ဖြစ်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် အယူခံမှုနှင့် ပြင်ဆင်မှုဟူ၍ ရှိမည်ဖြစ်သည်။ တရားရုံးတစ်ရုံး၏အမိန့်တစ်စုံတစ်ရာကို ပြင်ဆင်တည့်မတ်နိုင်ရန် အယူခံမှု၊ ပြင်ဆင်မှုတို့တွင် စပ်ဆိုင်ရာရာအာဏာများကို ရာဇဝတ်ကျင့်ထုံးဥပဒေက အပ်နှင်းပေးထားသည်။

သို့ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေသည် ခပ်သိမ်းသော ကိစ္စရပ်အားလုံးကို လွှမ်းခြုံနိုင်စွမ်းမရှိနိုင်သော အခြေအနေမျိုး ကြုံတွေ့ရနိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ကြွင်းကျန်ရစ်ခဲ့သောအကြောင်းများလည်းရှိနိုင်သည်။

ထိုသို့သောအခြေအနေမျိုးတွင် မမျှမတမဖြစ်စေရန်အတွက် အကန့်အသတ်မရှိ၊ အချုပ်အနှောင်မရှိ၊ အတားအဆီးမရှိ အရပ်ရပ်ကို လွှမ်းခြုံစဉ်းစားကျင့်သုံး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ တစ်ရပ်ဖန်တီးပေးထားရန်လိုပေမည်။ သို့အတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် ပုဒ်မ ၅၆၁-က ကို ပြဋ္ဌာန်းပေးထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ဤဥပဒေအရချမှတ်သော အမိန့်တစ်ရပ်ကို အတည်ပြုရန်အတွက် လိုအပ်သည့်အမိန့်များကို ချမှတ်ရန်ဖြစ်စေ၊ တရားရုံး၏ ဥပဒေလုပ်ထုံးလုပ်နည်းကို အလွဲပြုခြင်းမှ တားဆီးကာကွယ်ရန်ဖြစ်စေ၊ အခြားနည်းဖြင့် တရားဖြောင့်မှန်ရာရောက်အောင် ပြုလုပ်ရန်ဖြစ်စေ ပြည်ထောင်စု တရားလွှတ်တော်ချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၌ ရှိရင်းစွဲဖြစ်သော မူလဘူတအာဏာကို ဤဥပဒေတွင် ပါသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကန့်သတ်သည် သို့မဟုတ် ထိခိုက်သည်ဟု မမှတ်ယူစေရ။"

တရားရုံး၏ ဆောင်ရွက်ပိုင်ခွင့်အာဏာများကို အလွဲသုံးစား

ပြုခြင်းမှကာကွယ်ရန် လိုအပ်သည့်အခါတွင်သော်လည်းကောင်း၊ တရားမမျှတမှုမဖြစ်စေရန် လိုအပ်သည့်အခါတွင်သော်လည်းကောင်း မျှတဖြောင့်မှန်သောအမိန့်တစ်ရပ်ချမှတ်ခြင်းပြုနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ဖြင့် မူလဘူတအာဏာ ( inherent power ) ကို ဖြည့်စွက်ပေးထားခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာသည် အယူခံမှု၊ ပြင်ဆင်မှုကဲ့သို့ အမှုအမျိုးအစားအလိုက် မည်သည့်အမှုအမျိုးအစားတွင် ကျင့်သုံးရန် ပိုင်းခြားအပ်နှင်းထားခြင်းမျိုးမဟုတ်၊ အဆိုပါအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသည့် တရားရုံး၏အဆင့်အတန်းကို သတ်မှတ်အပ်နှင်းပေးထားခြင်း ဖြစ်သည်။ အပ်နှင်းခြင်းခံရသော တရားရုံးအနေဖြင့် ၎င်းအားအပ်နှင်းထားသော မူလဘူတအာဏာဖြင့် တရားဖြောင့်မှန်ရာသို့ ရောက်ရှိအောင် ယင်းအာဏာကို မတိမ်းမစောင်းတည့်တည့်မတ်မတ် ကျင့်သုံးရန် တာဝန်ရှိသည်။

သို့ဖြစ်ရာ အယူခံမှု၊ ပြင်ဆင်မှုအာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို အပ်နှင်းခြင်းခံရသည့်တရားရုံးဖြစ်ပါက အယူခံ/ ပြင်ဆင်အာဏာအပြင် လိုအပ်လျှင် တရားဖြောင့်မှန်ရာ

အတွက် တရားဖြောင့်မတ်မှုကို ဖော်ဆောင်နိုင်ရန် မူလဘူတ အာဏာကိုပါ ကျင့်သုံးနိုင်မည်ဖြစ်သည်။

အမှုချေဖျက်ခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က ကို ရည်ညွှန်း၍ ရာဇဝတ်အထွေထွေမှုလျှောက်ထား စွဲဆို ဖွင့်လှစ်ဆောင်ရွက်ကြသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကို ရည်ညွှန်းရခြင်းမှာ အမှုတွဲချေဖျက်ခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် သီးခြားပြဋ္ဌာန်းချက်မရှိသောကြောင့် ဖြစ်သည်။ အမှုချေဖျက်ရန် ကျင့်သုံးနိုင်သည့်အာဏာမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာအရဖြစ်သည်မှာ အငြင်းမပွားပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတ အာဏာကို ကျင့်သုံးနိုင်သည့်တရားရုံးမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တို့ ဖြစ်ကြသည်။

မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးတို့တွင် စွဲဆိုထားသော မူလမှုခင်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံး၍ အမှုချေဖျက်ပေးနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်သို့ ရာဇဝတ်အထွေထွေမှု

လျှောက်ထားဆောင်ရွက်ကြရသည်။

အဆိုပါလျှောက်ထားမှုအပေါ် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်က ငြင်းပယ်သည့်အမိန့်ချမှတ်ပါက အဆိုပါအမိန့်သည် အယူခံတက်ရောက်နိုင်သောအမိန့်မျိုးတွင် အကျုံးမဝင်သည်မှာ ထင်ရှားသည်။ သို့ဖြစ်ရာ ပြင်ဆင်မှုအဖြစ် ဆက်လက်လျှောက်ထားဆောင်ရွက်မည်လား သို့မဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကိုပင် ရည်ညွှန်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်အထွေထွေမှု ထပ်မံလျှောက်ထားဆောင်ရွက်မည်လား ရာဇဝတ်ကျင့်ထုံးဥပဒေအရ စဉ်းစားရန်အချက် ဖြစ်ပေါ်လာသည်။

အကယ်၍ အဆိုပါငြင်းပယ်သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းလာသည်ဆိုပါက အဆိုပါပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်း ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

ရာဇဝတ်ပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကို ကျင့်သုံး၍ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်အား ပယ်ဖျက်ခဲ့သည်ကို **မညွှန့်ခင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** အမှု[၂] တွင် တွေ့ရှိရသည်။

၂။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၂၀

၂၀၂၂ ခုနှစ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
ဦးခင်မောင်မြင့် ပါ ၃

ဝန်ခံသည့်တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ရာဇဝတ်ပြင်ဆင်မှုတွင် တရားရုံးချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ခဲ့သည်ကို **မောင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** အမှု[၃] နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်သိန်း ပါ ၃** အမှု[၄] တို့တွင် သာဓကအဖြစ် တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြင်ဆင်မှုအဖြစ်တင်သွင်းလျှောက်ထားမှုများတွင်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံးနိုင်ကြောင်းထင်ရှားသည်။ ရာဇဝတ်အထွေထွေလျှောက်ထားမှု အမျိုးအစားတွင်သာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတအာဏာကျင့်သုံးနိုင်သည်ဟု ကန့်သတ်ချက်မျိုး ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထိုသို့ ကန့်သတ်မည်ဆိုလျှင်လည်း မူလဘူတအာဏာကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းချက်နှင့် ရည်ရွယ်ချက်တို့မှာ အဟောသိကံဖြစ်ပေလိမ့်မည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ၏ပြဋ္ဌာန်းချက်၌ပင်လျှင် မူလဘူတအာဏာကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်း၊ ထိခိုက်ခြင်းပြုနိုင်မည်မဟုတ်ဟု ရှင်းလင်းထားပြီးဖြစ်သည်။

ပြင်ဆင်မှုရုံးတွင် ပြင်ဆင်မှုအာဏာကျင့်သုံးသည်မှာ မှန်သည်။ သို့သော် ပြင်ဆင်မှုအာဏာက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ

၃။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၉
၄။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၀

၅၆၁-က အရ မူလဘူတအာဏာကို အတားအဆီးပြု၍ မရပေ။ အကန့်အသတ်ပြု၍ မရပေ။ အချုပ်အချယ်ပြု၍ မရပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးခွင့်အပ်နှင်းခြင်းခံရသော တရားရုံးသည် ထိုအာဏာကို ကျင့်သုံးရန်လိုအပ်သည့် အခြေအနေပေါ်ပေါက်ပါက ကျင့်သုံးခွင့်ရှိသည်သာ ဖြစ်သည်။

ပြင်ဆင်မှုတွင်လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁- က မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်း အထက်တွင် သာဓကပြဆိုခဲ့ပြီးဖြစ်သည်။ အမှုချေဖျက်ပေးရန်ဆိုသည်မှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာအရ ဆောင်ရွက်နိုင်သည့် ဘောင်အတွင်း၌ပင်ဖြစ်ရာ ပြင်ဆင်မှုပင်ဖြစ်စေကာမူ အမှုချေဖျက်ရန် အထောက်အထားပေါ်ပေါက်ပါက မူလဘူတအာဏာကို ကျင့်သုံးခွင့်ရှိသော တရားရုံးအနေဖြင့် ထိုအာဏာကို ကျင့်သုံး၍ ချေဖျက်ခွင့်ရှိရမည်သာဖြစ်သည်။ ချေဖျက်ခွင့်ရှိမည်လည်းဖြစ်သည်။

သို့ဖြစ်၍ အမှုချေဖျက်ပေးရန်ကိစ္စကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ရာဇဝတ်အထွေထွေမှုလျှောက်ထားရမည့်အစား အမှုချေဖျက်ရန်အာဏာအပ်နှင်းခြင်းမရှိသည့် ရာဇဝတ်

ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅၊ ၄၃၉ တို့အရ စိစစ်ဆုံးဖြတ်ရန် ပြင်ဆင်မှု လျှောက်ထားခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ပေးရန်မဖြစ်နိုင်ပေဟု သုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်မှုတွင် အဆုံးအဖြတ်ပေးရန်မဖြစ်နိုင်ဟုသုံးသပ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော်လည်း အမှုတွင်ပေါ်ပေါက်နေသော အကြောင်းခြင်းရာအရ အမှုချေဖျက်မှုမပြုဘဲ ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းမှာမူ မှားယွင်းခြင်းမရှိပေ။ ဤအထူးအယူခံအမှုသည် အမှု၏အရည်အသွေးကို ပြန်လည်သုံးသပ်ရန် ဖွင့်လှစ်ခြင်းလည်း မဟုတ်ပေ။

ထို့ကြောင့် ထုတ်နုတ်ထားသောပြဿနာနှင့် စပ်လျဉ်း၍ ပြည်နယ်တရားလွှတ်တော်ကအမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့် အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိသည်ဟု ဖြေဆိုဆုံးဖြတ်လိုက်သည်။

+ ၂၀၂၂ ခုနှစ်

နိုဝင်ဘာ လ ၁၆ ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန် ရှေ့တွင်

## ဦးတင်ထွန်း(ခ)လင်ဟုရန်

## နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃*

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ ပါ စကားရပ်များမှ အလွန် ကျယ်ပြန့်သော်လည်း တရားစီရင်ရေးဆိုင်ရာမှုများအရသာ ဆုံးဖြတ်ရန်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှု စုံစမ်းခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ရာတွင် လိုအပ်သော စာတမ်း အမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်

* ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉၀ (ခ)

+ ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉(ခ) တွင် ချမှတ်သော ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပုဒ်မပါ စကားရပ်များမှာ အလွန်ကျယ်ပြန့်သော်လည်း တရားစီရင်ရေးဆိုင်ရာမှုများအရသာ ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုတွင် အရေးပါအရာရောက်သော စပ်ဆိုင်မှု၊ ဆက်စပ်မှု၊ သက်သေခံ အထောက်အထားအသုံးပြုမှုအတွက် အမှန်တကယ်လိုအပ်ခြင်း ရှိ မရှိ ဆင်ခြင်ဆုံးဖြတ်ရန်ဖြစ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးသက်စိုးအောင်၊ |
| | | တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)အတွက် | - | ဒေါ်သီသီစန်း၊ |
| | | ဒုတိယညွှန်ကြားရေးမှူး၊ |
| | | ဥပဒေရေးရာဝန်ကြီးဌာန |
| လျှောက်ထားခံရသူ(၂၊ ၃)အတွက် | - | ဒေါ်ချိုချိုဝင်း၊ |
| | | တရားလွှတ်တော်ရှေ့နေ |

လျှောက်ထားသူ ဦးတင်ထွန်း(ခ)လင်ဟုရန်က လျှောက်ထားခံရသူများဖြစ်ကြသော ဒေါ်ခင်မိုးအေးနှင့် ဒေါ်ခင်စိုးအေးတို့

၂၀၂၂ ခုနှစ်

ဦးတင်ထွန်း (ခ) လင်ဟုရန် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃

အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲဆိုသော ဒဂုံမြို့နယ် တရားရုံး ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇၆ အမှု တွင် လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၉၄ အရ တရားခံများက ရုံးရှေ့တင်ပြပေးစေရန် ခွင့်ပြုသည့်အမိန့်ကို တရားခံများက ကျေနပ်မှုမရှိသဖြင့် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂ ဖြင့် လျှောက်ထားရာ မူလရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည်။ ယင်းအမိန့်ကို ဦးတင်ထွန်းက ရန်ကုန်တိုင်းဒေသကြီးတရား လွှတ်တော်သို့ ပြင်ဆင်မှုလျှောက်ထားရာ အောင်မြင်မှုမရရှိခဲ့ သဖြင့် ဤပြင်ဆင်မှုကို ဆက်လက်လျှောက်ထားလာခြင်းဖြစ်သည်။

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီး ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၉၉၁/ ဘီ ရှိ ဦးပိုင်အမှတ် ၁၉/ င၊ ဧရိယာ ၁၈.၆၂ ဧက၊ ဦးပိုင်အမှတ် ၁၉/ ဇ၊ ဧရိယာ ၁.၂၅ ဧက၊ ဦးပိုင်အမှတ် ၁၉/ ဃ၊ ဧရိယာ ၄.၀၂ ဧက၊ ဦးပိုင်အမှတ် ၁၉/ ဆ၊ ဧရိယာ ၅.၃၆ ဧက၊ ဦးပိုင်အမှတ် ၁၉/ ခ၊ ဧရိယာ ၃.၇၇ ဧက စုစုပေါင်းဧရိယာ ဧက ၄၀ ခန့်အား ဒေါ်ခင်မိုးအေးနှင့် ဒေါ်ခင်စိုးအေး တို့က ၎င်းတို့လက်ဝယ်ပိုင်ဆိုင်သည့် လယ်ယာမြေများဖြစ်ပြီး ၃ လ အတွင်း ဥယျာဉ်ခြံမြေအဖြစ်ဆောင်ရွက်ပေးမည်ဟု ဦးတင်ထွန်း

အား ယုံကြည်အောင်ပြောဆိုသည့်အတွက် သက်သေများရှေ့တွင် ငွေကျပ်သိန်းတစ်သောင်းကို ၂၄-၈-၂၀၁၇ ရက်စွဲပါ လယ်ယာမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် စရံငွေများပေးအပ်ခဲ့သော်လည်း ၃ လအတွင်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် စုံစမ်းရာ စာချုပ်ပါ မြေကွက်များကို ဥယျာဉ်ခြံမြေအဖြစ်ပြောင်းလဲခွင့် ရပ်စဲကြောင်း သိရှိရသဖြင့် မမှန်မကန်လိမ်လည်ရောင်းချသူ ဒေါ်ခင်မိုးအေးနှင့် ဒေါ်ခင်စိုးအေးတို့အား အရေးယူပေးပါရန် ဒဂုံမြို့မရဲစခန်းသို့ တိုင်ကြားလာသောအမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက အချင်းဖြစ်လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းကို ပြသပြီး ဥယျာဉ်ခြံမြေအဖြစ်ပြောင်းလဲပေး မည်ဟု ယုံကြည်အောင်ပြောဆိုကာ စရန်ငွေသိန်း ၁၀၀၀၀ ကို ရယူခဲ့ပြီး ပုံစံ ၇ မူရင်းများကို တရားခံများက ပြန်ယူသွားကြောင်း၊ စာချုပ်တွင် ဧက ၄၀ ဟု ဖော်ပြခဲ့သော်လည်း အမှန်တကယ်မှာ ၃၃ ဧကကျော်သာရှိသဖြင့် ပုံစံ ၇ မူရင်းများသည် အမှုစစ်ဆေး ရာတွင် စိစစ်ရန် အမှန်တကယ်လိုအပ်သော စာရွက်စာတမ်းများဖြစ် ကြောင်း၊ အဆိုပါ ပုံစံ ၇ (၅) စောင်၏မိတ္တူများကို မြေစာရင်းပုံစံ ၁၀၅ နှင့်အတူ ရှာဖွေပုံစံဖြင့်သိမ်းဆည်းထားသဖြင့် မူရင်းများကို ရုံးတော်သို့တင်ပြပြီး သက်သေခံအဖြစ် တိုက်ဆိုင်လက်ခံပြီးမှသာ

လိမ်လည်အတုပြုလုပ်ထားသော စာရွက်စာတမ်းများ ဟုတ် မဟုတ်၊ စရန်ငွေများကို လိမ်လည်ရယူခဲ့ခြင်း ဟုတ် မဟုတ် ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ တရားရုံးက မူရင်းနှင့်မိတ္တူကို တိုက်ဆိုင်စိစစ်ရန်သာဖြစ်ကြောင်း၊ တရားခံများက ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းဆန်ကန့်ကွက်ခြင်းသည် သက်သေခံဥပဒေပုဒ်မ ၁၁၄ ဥပမာ (ဆ) အရ ၎င်းတို့၏အကျိုးနှင့် ဆန့်ကျင်စေသည့် စာရွက်စာတမ်းများဖြစ်ခြင်းကြောင့်ဟု ကောက်ယူနိုင်ကြောင်း၊ ပြင်ဆင်မှုတွင် အဖြစ်အပျက်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ စဉ်းစားပိုင်ခွင့်မရှိ၊ ဥပဒေအကြောင်းခြင်းရာကိစ္စရပ်များကိုသာ ပြန်လည်သုံးသပ်နိုင်ခွင့်ရှိသည်ဟု **ဗမာရှပ်နှင့်ရောင်းဝယ်ရေးကုမ္ပဏီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အခွန်တော်ဝန်ကြီးဌာနပါ ၃** အမှု[၁] တွင် ထုံးဖွဲ့ထားကြောင်း၊ ပြင်ဆင်မှုကိုကြားနာသော တရားရုံးများအနေဖြင့် မူလရုံး က အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ ချမှတ်သောဆုံးဖြတ်ချက် ကို မိမိ၏ထင်မြင်ချက်နှင့်ကွာခြားရုံမျှဖြင့် ဝင်ရောက်စွက်ဖက်သင့်သည်မဟုတ်ကြောင်း၊ တရားမျှတမှု ကင်းမဲ့လောက်အောင် အလွန်အမင်းသိသာထင်ရှားစွာ မှားယွင်းကြောင်း ပေါ်ပေါက်သောအမှုမျိုးများ၌သာ ပြင်ဆင်မှုကိုကြားနာသောတရားရုံးက ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်လေ့ရှိကြောင်း၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုတွင်

၁။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၄

၂၀၂၂ ခုနှစ်

ဦးတင်ထွန်း (ခ)
လင်ဟုရန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

အကြောင်းခြင်းရာ လွန်စွာမှားယွင်းချတ်ချော်ခြင်း သို့မဟုတ် မတရားဖြစ်နေခြင်းမဟုတ်လျှင် ပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်းကို **ဦးကျော်မြင့်ပါ ၁ နှင့် နိုင်ငံတော်** အမှု[၂] တွင် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် မူလရုံးသည် မိမိအားအပ်နှင်းထားသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ ပါ လုပ်ပိုင်ခွင့်အရ ပုံစံ ၇ မူရင်းများအား ရုံးတော်သို့ တင်ပြစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် အခွင့်အာဏာမရှိဘဲချမှတ်ခဲ့သည့် အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြောကြည့်ရုံမျှဖြင့် မှားယွင်းချတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ်သည်ဟုလည်းကောင်း ပေါ်လွင်ခြင်းမရှိသည်မှာ ထင်ရှားကြောင်း၊ မူလရုံး၏အမိန့်ကို ပြန်လည်အတည်ပြုသည့်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက ဦးမျိုးမင်းအောင် (လိုပြ-၁) ကို စစ်ဆေးဆဲအဆင့်တွင် အမှုစစ်ရဲအရာရှိထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ ၇ (၅) စောင် မိတ္တူကိုအပ်ပေးထားကြောင်း၊ မူရင်းများကို ဥယျာဉ်ခြံမြေလျှောက်ပေးရန်အတွက်ဟုပြောကာ စွပ်စွဲခံရသူများက ပြန်ယူသွားကြောင်း၊ ယင်းပုံစံ ၇ မူရင်းများမှာ စွပ်စွဲခံရသူများလက်ဝယ်တွင်ရှိကြောင်း၊

---

၂။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(လွှတ်တော်)၊ စာ - ၁၇၅

မူရင်းနှင့်မိတ္တူများကို တိုက်ဆိုင်စစ်ဆေးရန် ခွင့်ပြုသင့်သည်ဟု သုံးသပ်ရရှိကြောင်း၊ မူလရုံး၏အမိန့်မှာ ဥပဒေအရမှားယွင်းမှုရှိသည်ဟု မဆိုနိုင်ကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူအမှတ် (၂) (၃) တို့၏ရှေ့နေက တိုင်ချက်အရ စာချုပ်ပါအတိုင်း ပုံစံ ၇ မူရင်းမပေးအပ်သည့်အတွက် တိုင်ကြားခြင်းဖြစ်သည်ဟု မပါရှိကြောင်း၊ ဦးတင်ထွန်းအား ဒေါ်ခင်မိုးအေးတို့မှ မြေကွက်များပေးအပ်မည်၊ ပေးအပ်သည့်မြေကွက်များကို ဦးတင်ထွန်းရယူလိုခြင်းမရှိပါက စာချုပ်ပါငွေကျပ်သိန်း ၁၀၀၀၀ ကို ပြန်ပေးပါမည်ဟု တရားစွဲဆိုခြင်းမပြုမီ ဦးတင်ထွန်း နှင့် ဒေါ်ခင်မိုးအေးတို့ အပြန်အလှန်ပေးပို့သည့် နို့တစ်စာများရှိကြောင်း၊ အရောင်းအဝယ်ပြုလုပ်စဉ်က ပုံစံ ၇ မူရင်းများကို ဦးတင်ထွန်းအားပြသပြီးဖြစ်ကြောင်း၊ ရောင်းချထားသည့်လယ်မြေများအား ဥယျာဉ်ခြံမြေပြောင်းလဲရေးအတွက် ဆောင်ရွက်ရာတွင် မည်သည့်အဆင့်သို့ရောက်ရှိသည်မှာ မပေါ်ပေါက်သေးကြောင်း၊ ရှာဖွေပုံစံဖြင့်သိမ်းဆည်းထားသော ပုံစံ ၇ မိတ္တူ ၅ စောင်ကို တရားလိုဦးတင်ထွန်းအား စစ်ဆေးသည့်အခါ သက်သေခံတင်သွင်းနိုင်သည့်အခွင့်အရေးရှိကြောင်း၊ ၂၄-၈-၂၀၁၇ ရက်စွဲပါ ကတိစာချုပ်အရ လယ်ယာမြေပုံစံ ၇ မူရင်း ၅ စောင်သည် အဓိက သက်သေခံ

အထောက်အထားမဟုတ်သည်မှာ ပေါ်ပေါက်ကြောင်း၊ စရန်ငွေများကို လိမ်လည်လှည့်ဖြားကာရယူခဲ့ခြင်းဟုတ် မဟုတ် ဖော်ထုတ်သုံးသပ်ရန်လိုသည်ဟု တင်ပြခြင်းမှာမှန်ကန်မှုမရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတို့က တိုင်စာအပေါ် တရားလိုထံမှ ငွေကျပ် သိန်း ၁၀၀၀၀ ကို မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ရယူခဲ့သည်ဆိုသော အချက်သာ အမှုဆုံးဖြတ်ရာ၌ အဓိကအချက်ဖြစ်ကြောင်း၊ ပုံစံ ၇ မူရင်းရှိမရှိမှာ စပ်ဆိုင်မှုရှိသည်ဟုကောက်ယူရန် အလှမ်းဝေးသည်ဟု တစ်သဘောတည်းသုံးသပ်ဆုံးဖြတ်ခြင်းမှာ မှန်ကန်ကြောင်း၊ ပြင်ဆင်မှုရုံးတော်များအနေဖြင့် ချွတ်ချော်တိမ်းစောင်းမှုမရှိလျှင် အထက်တရားရုံးက ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု **ဦးကံသာနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်ကြည်)** အမှု[၃] တွင် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

အမှုမှာ ဒေါ်ခင်မိုးအေးနှင့် ဒေါ်ခင်စိုးအေးတို့သည် ဦးတင်ထွန်းအား လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာရှိမြေကွက်များကို ၎င်းတို့ပိုင်ဆိုင်ကြောင်း၊ စက်ရုံတည်ဆောက်ရန် တရားဝင်ခွင့်ပြုမိန့်ရအောင်ဆောင်ရွက်ပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီး စရန်ငွေ

၃။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၃

အဖြစ် ငွေကျပ်သိန်း ၁၀၀၀၀ ကို လိမ်လည်ရယူသွားခဲ့သည်ဟုဆိုကာ တိုင်ကြားသောအမှုဖြစ်သည်။

ဦးမျိုးမင်းအောင်(လိုပြ-၁)သည် အချင်းဖြစ်လယ်ယာမြေများအရောင်းအဝယ်ပြုလုပ်ရန် ဦးတင်ထွန်းနှင့် ဒေါ်ခင်မိုးအေးတို့ကို ဆက်သွယ်ပေးခဲ့သူဖြစ်သည်။ လယ်ယာမြေအရောင်းအဝယ်ပြုလုပ်စဉ်က သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သူလည်းဖြစ်သည်။ ၎င်းအား စစ်မေးနေစဉ် ဦးတင်ထွန်းက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ ဒေါ်ခင်မိုးအေးတို့လက်ဝယ်ရှိ လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းများကို ပြသပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်းပြုလုပ်ရာတွင် လိုအပ်သောစာတမ်းအမှတ်အသားသို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပုဒ်မပါ စကားရပ်များမှာ အလွန်ကျယ်ပြန့်သော်လည်း တရားစီရင်ရေးဆိုင်ရာမူများအရသာ ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုတွင် အရေးပါအရာရောက်သောစပ်ဆိုင်မှု၊ ဆက်စပ်မှု၊ သက်သေခံအထောက်အထားအသုံးပြုမှုအတွက် အမှန်တကယ်လိုအပ်ခြင်း ရှိ

မရှိ ဆင်ခြင်ဆုံးဖြတ်ရန်ဖြစ်သည်။

မူလမြို့နယ်တရားရုံးက ဒေါ်ခင်မိုးအေးတို့သည် ဦးတင်ထွန်းအား လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းများပြသ၍ အရောင်းအဝယ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှုစစ်ရဲအရာရှိက ဦးတင်ထွန်းထံမှ ပုံစံ ၇ မိတ္တူများသာ သိမ်းဆည်းခဲ့ကြောင်း အကြောင်းပြပြီး လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းများသည် အမှန်တကယ် တင်ပြရန်လိုအပ်သော စာရွက်စာတမ်းများဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမှုမှာ ဦးတင်ထွန်းက ဒေါ်ခင်မိုးအေးတို့ထံမှ လယ်ယာမြေ ၅ ကွက် ဝယ်ယူခဲ့ကြောင်း၊ အဆိုပါ လယ်ယာမြေ ၅ ကွက်နှင့် စပ်လျဉ်းပြီး မမှန်မကန်လိမ်လည်ရောင်းချခဲ့ကြောင်း၊ ဒေါ်ခင်မိုးအေးတို့အပေါ် စွပ်စွဲထားသည့်အမှုဖြစ်သည်။

ထို့ကြောင့် ဦးတင်ထွန်းသည် ၎င်းအဆိုပြုထားသည့် လယ်ယာမြေ ၅ ကွက်ကို ဒေါ်ခင်မိုးအေးတို့ထံမှ ဝယ်ယူခဲ့ကြောင်း ဦးစွာသက်သေထင်ရှားပြသရန်ဖြစ်ပြီး ထိုစဉ်က ဒေါ်ခင်မိုးအေးတို့သည် မိမိအား မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားခဲ့ခြင်းဖြစ်ကြောင်း သက်သေထူရန်ဖြစ်သည်။

လယ်ယာမြေအရောင်းအဝယ်ပြုလုပ်စဉ်က ဦးတင်ထွန်းသည် အချင်းဖြစ်လယ်ယာမြေများ၏ ပုံစံ ၇ မိတ္တူများသာ ရရှိခဲ့သဖြင့် အမှုစစ်ရဲအရာရှိထံ မိတ္တူများသာပေးအပ်ခဲ့ရသည်။ အချင်းဖြစ်လယ်ယာမြေများကို ဥယျာဉ်ခြံမြေအဖြစ် လျှောက်ပေးရန် ဒေါ်ခင်မိုးအေးတို့က ပုံစံ ၇ မူရင်းများကို ပြန်ယူသွားကြောင်း သက်သေခံချက်တွေ့ရသည်။ ထို့ကြောင့် ဦးတင်ထွန်းသည် ၎င်း၏ စွပ်စွဲချက်အပေါ် သက်သေထင်ရှားပြသရန် အချင်းဖြစ်လယ်ယာမြေ ၅ ကွက်၏ ပုံစံ ၇ မူရင်းများသည် အမှုတွင် အရေးပါအရာရောက်သော သက်သေခံအထောက်အထားများဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ပြင် ယခုအမှုစတင်ဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ အခြေခံစာရွက်စာတမ်းများဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။

တရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ အခွင့်အာဏာကို ကျင့်သုံးရာတွင် ဆင်ခြင်တုံတရားကို တရားစီရင်ရေးဆိုင်ရာမူများနှင့်အညီ ကျင့်သုံးခဲ့ခြင်းမရှိ၊ မဆီလျော်သောအကြောင်းပြချက်များဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်လျှင် ပြင်ဆင်မှုရုံးက စွက်ဖက်ပြင်ဆင်ရန်ဖြစ်သည်။

ဤအမှုတွင် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်သည် ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း ပေါ်လွင်ထင်ရှားမှု

မရှိသည့်အပြင် တရားဥပဒေတိမ်းစောင်းလောက်အောင် မှားယွင်းကြောင်း ပေါ်ပေါက်ခြင်းမရှိဘဲ ပြင်ဆင်မှုရုံးများက ပယ်ဖျက်ရန် မသင့်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်များကို ပယ်ဖျက်ပြီး မူလဒဂုံမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။

# ၂၀၂၂ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## တရားမဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ**

- ကာလစည်းကမ်းသတ်အက်ဥပဒေ
- စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- ပဋိညာဉ်အက်ဥပဒေ
- မြန်မာဓလေ့ထုံးတမ်းဥပဒေ

**စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၆ (ခ) နှင့်အညီ အပြီးသတ်ဒီကရီတစ်ရပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အဆိုပါအနိုင်ဒီကရီကို ဇာရီမှုဖွင့်လှစ်၍ အတည်ပြုခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။ ။** ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု (ဇာရီမှု)များသည် မူလတရားမကြီးမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အမှုများဖြစ်သဖြင့် မူလတရားမကြီးမှု၏အဆက် တရားမမှုခင်းတစ်ရပ်သာ

ဖြစ်သည်။ ဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ယင်းဇာရီမှုတွင် သက်သေခံအရာအဖြစ်တင်သွင်းခြင်း၊ လက်ခံခြင်းပြုလုပ်ရန် လိုအပ်မည်မဟုတ်ပေ။ သို့ဖြစ်၍ ဇာရီမှုတွင် တင်ပြလာသော စီရင်ချက်နှင့်ဒီကရီအပေါ် ပုဒ်မ ၄၈ (ဂ) ပါ ကန့်သတ်ချက်အရ တရားဝင်အထောက်အထားသက်သေခံချက် ဟုတ် မဟုတ် ဇာရီတရားရုံးက သုံးသပ်ဆုံးဖြတ်ရန်အကြောင်း မပေါ်ပေါက်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ဇာရီမှုမတင်သွင်းမီ မူလစီရင်ချက်၊ ဒီကရီ၊ အမိန့်တည်းဟူသောစာမှတ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သဖြင့် ယင်းဒီကရီ၊ အမိန့်အရ အတည်ပြုရမည့်ဇာရီမှုတွင် အဆိုပါဒီကရီသည် တရားဝင်အထောက်အထား သက်သေခံချက်မဟုတ်ဟုမှတ်ယူမည်ဆိုပါက နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ကျင့်သုံးလျက်ရှိသော အမြင့်ဆုံးတရားရုံးအထိ အတည်ပြုထားသည့် ဒီကရီတစ်ရပ်ကိုပင် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၇၊ ၈ အရ အာဏာအပ်နှင်းခံရသူ မြို့နယ်မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန်ငြင်းဆန်ရုံမျှဖြင့် အဆိုပါ စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့သည် အဟောသိကံဖြစ်စေနိုင်သည်ကို သတိချပ်ရန် လိုအပ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ကိုကောက်ယူရာတွင် ပုဒ်မတစ်ခုပါ စာသား (Letter of law) အချို့

ကိုသာကွက်၍ ကောက်ယူရန်မဟုတ်။ ယင်းဥပဒေပါ ရှေ့နောက် ပြဋ္ဌာန်းချက်များ၊ ဆက်စပ်နေသည့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ဥပဒေ၏ရည်ရွယ်ချက် (Spirit of law) ကို ထည့်သွင်းစဉ်းစားကောက်ယူရန် လိုအပ်သည်။ စာမျက်နှာ

မူလတရားမကြီးမှု၏ စီရင်ချက်၊ ဒီကရီ၊ အမိန့်ပါအတိုင်း မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာအပေါ် ကနဦး မြေပြင် စာရင်းကောက်ယူခြင်း၊ တိကျစွာတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ခွဲဝေခြင်း၊ ပေးအပ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေရာဇဝင်ရေးသွင်း ခြင်းတို့ မပြုရသေးမီ ယင်းစီရင်ချက်၊ ဒီကရီ သို့တည်းမဟုတ် အမိန့်တစ်ရပ်ကို မှတ်ပုံတင်ပေးရန်လျှောက်ထားမည်ဆိုပါကလည်း စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၂၈ ပါ မှတ်ပုံတင်ရာတွင် လိုအပ်သည့်အထောက်အထားများ ပြည့်စုံနိုင်မည် မဟုတ်သဖြင့် မှတ်ပုံတင်ခွင့်ရနိုင်မည်မဟုတ်ရာ တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအရ ခိုင်မာပြည့်စုံသည့်စာချုပ်စာတမ်းတစ်ရပ် မပေါ်ပေါက်မီ မှတ်ပုံတင် ရန်လိုအပ်မည်မဟုတ်ပေ။

ဒေါ်ကလျာမိုး နှင့် Mr. Gerald Schreiber ၁

**အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် ချေးငွေအတွက် ဒီကရီချမှတ်နိုင်ခြင်း ရှိ မရှိ၊ ဝန်ခံဒီကရီ ချမှတ်နိုင်သည့် အခြေအနေ။** စာမျက်နှာ

**တရားလိုက တရားပြိုင်များအပေါ် အရောင်းအဝယ် ပဋိညာဉ်အရ ပေးချေထားသော စရန်ငွေ၏နှစ်ဆ ငွေကျပ်သိန်း ၃၂၀ ရလိုမှု စွဲဆိုသည်။ တရားပြိုင်များက တရားလို၏ခင်ပွန်းထံမှ ငွေကျပ် သိန်း ၁၂၀ ကို အတိုးဖြင့်ချေးယူခဲ့ခြင်းဖြစ်သည်ဟု ထုချေသည်။ ခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ တိုင်းဒေသကြီးတရားလွှတ်တော်က အရောင်း အဝယ်စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ပြီး အတည်ပြုခွင့်မရှိဟု ဆုံးဖြတ်ပြီး ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည်။ ၎င်းနောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၆ (၁) အရ ချေးယူငွေကျပ်သိန်း ၁၂၀ အတွက် ဒီကရီချမှတ်ပေးခဲ့သည်။**

**ဆုံးဖြတ်ချက်။** ။ ပဋိညာဉ်ဖောက်ဖျက်ကြောင်း အဆိုပြုပြီး စရန်ငွေနှစ်ဆပြန်ပေးရန် တောင်းဆိုသည့်သက်သာခွင့်နှင့် ချေးငွေရလိုကြောင်း တောင်းဆိုသည့်သက်သာခွင့်တို့သည် သီးခြား အကြောင်းအရာများဖြစ်ကြသည်။ အဆိုလွှာတွင် လုံးဝဖော်ပြထား

ခြင်းမရှိသော ခြားနားသည့် အကြောင်းခြင်းရာများအရဖြစ်စေ၊ တရားလိုတောင်းဆိုသော သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့်မဟုတ်ဘဲ ခြားနားသည့်သက်သာခွင့်ကိုဖြစ်စေ ခွင့်မပြုနိုင်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၁ ပါ “ that he admits the truth of the whole or any part of the case of any other party” ဆိုသည့် စကားရပ်ကို ထောက်ချင့်လျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂ ပါ “ဝန်ခံချက်များ” ဆိုသည်မှာ စွဲဆိုသောအမှု၏ အမှုဖြစ်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍သာ ဝန်ခံခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထိုသို့ ဝန်ခံချက်အရ တရားရုံးသည် ဒီကရီချမှတ်နိုင်သော်လည်း တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေဆောင်ရွက်ရန်မလို။ မိမိ၏သဘောအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ တရားပြိုင်၏ ဝန်ခံချက်များအရ စွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် ချေပရန်လမ်းမမြင်တော့သည့်အခြေအနေမျိုးတွင် ဒီကရီချမှတ်နိုင်သည်။

| | | | |
|---|---|---|---|
| ဒေါ်ညွှန့်ကြည် | နှင့် | ဒေါ်မြမြစန်း ပါ ၂ | ၁၇ |
| ဒေါ်ညွှန့်ကြည် | နှင့် | ဒေါ်မြမြစန်း ပါ ၂ | |
| ဒေါ်မြမြစန်း ပါ ၂ | နှင့် | ဒေါ်ညွှန့်ကြည် | |

**ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ** စာမျက်နှာ

**ဆုံးဖြတ်ချက်။ ။** တရားလိုဦးမြဝင်းသည် မူလတရားမကြီးမှု စွဲဆိုသည့် ၂၉ - ၇ - ၂၀၁၅ ရက်နေ့တွင် အရှင်ပညိန္ဒအမည်ဖြင့် ရဟန်းဝတ်နေစဉ် စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။

ခေတ္တရဟန်းပြုရန် ရည်ရွယ်သည်ဖြစ်စေ ၊ ထာဝစဉ် ရဟန်းဝတ်သည်ဖြစ်စေ ရဟန်းဘဝဖြင့် ယခုတရားမကြီးမှုကို စွဲဆိုခဲ့သည်မှာ ထင်ရှားပြီးဖြစ်သည်။

ရဟန်းတော် အရှင်ပညိန္ဒက လူပုဂ္ဂိုလ် ဒေါ်သက်ထားကြိုင်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ ရဟန်းတော်က လူပုဂ္ဂိုလ်အား အမွေပစ္စည်းရရှိရေးနှင့်စပ်လျဉ်း၍ တရားဆိုင်ပြိုင်မှုပြုမည်ဆိုပါက ဝိနည်းနှင့် ညီညွတ်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။ ။** ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှ ဖြစ်ရာ ရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း အစရှိသည့် ပစ္စည်းလေးပါးသာ ပိုင်ဆိုင်ခွင့်ရှိပေသည်။

ထာဝစဉ်ရဟန်းဝတ်ရန် မရည်ရွယ်ဘဲ ဒုလ္လဘရဟန်းဝတ်ခြင်းသာဖြစ်၍ ရဟန်းဘဝဖြင့်ပင် အမွေပုံစီမံခန့်ခွဲပေးစေရန် စွဲဆိုခြင်းဖြစ်

သည်ဟုအကြောင်းပြချက်သည် သင့်မြတ်မှုမရှိသကဲ့သို့ လက်ခံထိုက်သည်လည်းမဟုတ်ပေ။ ခေတ္တရဟန်းဝတ်ခြင်းဖြစ်သည် ဟုဆိုလျှင်ပင်ရဟန်းဘဝဖြင့်ရှိနေစဉ်အတွင်း ဝိနည်းတော်နှင့်အညီသာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ အကယ်၍ အမှုစွဲဆိုမည်ဆိုပါက သာသနာ့ဘောင်မှလူ့ဘောင်သို့ပြန်လည်ဝင်ရောက်ပြီးမှသာ စွဲဆိုသင့်ပေသည်။ စာမျက်နှာ

ရဟန်းတော်နှင့် လူပုဂ္ဂိုလ်တို့ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ အမှုဆိုင်ပြိုင်မှုပြုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ကိုက်ညီအပ်စပ်သည်ဟု မဆိုသာချေ။

ဒေါ်သက်ထားကြိုင် နှင့် ဒေါ်ခိုင်စန္ဒာဝင်း(ကွယ်လွန်သူ ဦးမြဝင်း၏တရားဝင်ကိုယ်စားလှယ်) ၃၉

**တရားပြိုင်၏ မှားယွင်းမှု၊ ပေါ့လျော့မှုကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှု-ပေါ့လျော့မှု (negligence) များတွင် ထည့်သွင်းစဉ်းစားရမည့် မူသဘောတရားများ**

**ဆုံးဖြတ်ချက်။** ။ မူလရုံးနှင့် အယူခံရုံးအဆင့်ဆင့်က အချင်းဖြစ်ယာဉ်တိုက်မှုသည် တရားပြိုင်က ယာဉ်ကို မဆင်မခြင် အရမ်းမောင်းနှင်မှုကြောင့်ဖြစ်ကြောင်း၊ တရားပြိုင်၏မှားယွင်းမှုသည်

အဓိကဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် တရားလို ၏ယာဉ်မောင်းသည်လည်း မိမိယာဉ်ကြောအတိုင်း မောင်းနှင်လာ စဉ် ထိုက်သင့်သောသတိမရှိဘဲ အရှိန်ဖြင့်မောင်းနှင်လာ၍ တရားပြိုင် ၏ မှားယွင်းဝင်ရောက်လာသောယာဉ်နှင့် အရှိန်ပြင်းစွာတိုက်မိခြင်းဖြစ် ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ စာမျက်နှာ

သို့ဖြစ်ရာ အဓိကအားဖြင့် "တရားပြိုင်၏မှားယွင်းမှု၊ ပေါ့လျော့မှုကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှု" တွင် တရားလိုအား ၎င်းတောင်းဆိုသောနစ်နာမှုလျော်ကြေး၏ ၃ ပုံ ၂ ပုံ ပေးစေရန် ချမှတ်သောအမိန့်သည် "ပေါ့လျော့မှု ( negligence ) များ တွင် ထည့်သွင်းစဉ်းစားရမည့် မူသဘောတရားများ"နှင့် မကိုက်ညီ ဟု မဆိုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် နှစ်ဖက်လုံးအပြစ်မကင်း သည့်အနေအထားဖြစ်သည်ဟု ကောက်ယူသုံးသပ်နိုင်သော်လည်း တရားပြိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အဦးအစ ချိုးဖောက်ပြီး ယာဉ်ကိုမဆင်မခြင်အရမ်းပေါ့ဆစွာ မောင်းနှင်မှု ကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရကြောင်းနှင့် တရားပြိုင်၏မှားယွင်းမှု သည်အဓိကဖြစ်ကြောင်းမှာ အမှုတွင် ပေါ်လွင်ထင်ရှားနေပေသည်။ တရားလို၏ယာဉ်မောင်း ပေါ့လျော့မှု ပါဝင်ခြင်းရှိသော်လည်း

တရားပြိုင်၏မဆင်မခြင်ပေါ့လျော့မှုနှင့် နိူင်းယှဉ်သုံးသပ်လျက် တရားပြိုင်မှ နစ်နာကြေးပေးရန်တာဝန်ရှိကြောင်း အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် ထွက်ဆိုချက်များအပေါ် ကောက်ယူ သုံးသပ်၍ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် တရားမျှတပြီး ဥပဒေအရလည်း မှားယွင်းမှုမရှိပေ။ စာမျက်နှာ

ဦးထက်ခိုင်ကြည်လင် နှင့် ဦးဇော်မိုးလေး(ကွယ်လွန်သူ ဒေါ်ကေသီခိုင်၏ တရားဝင် ကိုယ်စားလှယ်) ၅၄

**ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ဖြေဆိုဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အယူခံရုံးတွင် တင်ပြခွင့် ရှိ မရှိ- မည်သည့်အခါ အယူခံရုံးက ဆုံးဖြတ် နိုင်ခြင်း၊**

**ဆုံးဖြတ်ချက်။ ။** ကာလစည်းကမ်းသတ်ကျော်လွန်သည်မှာ မမှန် ကြောင်း ပဏာမငြင်းချက်အပေါ် ဖြေဆိုချမှတ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သော အမိန့်မဟုတ်ပေ။ အယူခံဝင်ခွင့်ရှိသည့်အမိန့်မဟုတ်သောကြောင့်

အမှုသည်သည် ပြင်ဆင်မှုကိုမလွဲမသွေ လျှောက်ထားရန်လိုအပ် သည်မဟုတ်ပေ။ အမှုတွင် ချမှတ်သည့်ဒီကရီကို အယူခံဝင်ရာ၌ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၅ (၁) အရ အမှု အဆုံးအဖြတ်ကို ထိခိုက်စေသော အဆိုပါအမိန့်ပါ မှားယွင်းမှု၊ ချွတ်ယွင်းမှု၊ နည်းလမ်း မကျမှုတစ်ရပ်ရပ်ကို အယူခံအကြောင်းပြချက်တစ်ရပ်အဖြစ် ဖော်ပြ အယူခံဝင်နိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်ပြဿနာကို မူလရုံးက ဆုံးဖြတ်ရန်ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီး အချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်။ **ဦးဝင်းဟာန် ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်တင် အမှု**ကိုရည်ညွှန်းသည်။

ဦးမောင်မောင်လှပါ၃ နှင့် ဒေါ်ရီဘာဘာင်မောင်(ခ)ဒေါ်နုနုတင် ပါ၆ ၇၄

+ ၂၀၂၂ ခုနှစ်
ဩဂုတ် လ ၁၁ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးမျိုးတင့်ရွှေ့တွင်**

**ဒေါ်ကလျာမိုး**

**နှင့်**

**Mr. Gerald Schreiber ***

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ (ခ) နှင့် အညီ အပြီးသတ်ဒီကရီတစ်ရပ်ကို မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အဆိုပါအနိုင်ဒီကရီကို ဇာရီမှုဖွင့်လှစ်၍ အတည်ပြုခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ပေးစေလိုမှု (ဇာရီမှု)များသည် မူလတရားမကြီးမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့်အမှုများဖြစ်သဖြင့် မူလတရားမကြီးမှု၏အဆက် တရားမမှုခင်းတစ်ရပ်သာ

---

* ၂၀၂၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁၈

+ ၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ် ၄ တွင် ချမှတ်သော ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို အယူခံမှု

ဖြစ်သည်။ ဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ယင်းဇာရီမှုတွင် သက်သေခံအရာအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်း ပြုလုပ်ရန် လိုအပ်မည်မဟုတ်ပေ။ သို့ဖြစ်၍ ဇာရီမှုတွင် တင်ပြလာသော စီရင်ချက်နှင့်ဒီကရီအပေါ် ပုဒ်မ ၄၈ (ဂ) ပါ ကန့်သတ်ချက်အရ တရားဝင်အထောက်အထားသက်သေခံချက် ဟုတ် မဟုတ် ဇာရီ တရားရုံးက သုံးသပ်ဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဇာရီမှုမတင်သွင်းမီ မူလ စီရင်ချက်၊ ဒီကရီ၊ အမိန့်တည်းဟူသောစာမှတ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သဖြင့် ယင်းဒီကရီ၊ အမိန့်အရ အတည်ပြုရမည့်ဇာရီမှု တွင် အဆိုပါဒီကရီသည် တရားဝင်အထောက်အထား သက်သေခံချက် မဟုတ်ဟုမှတ်ယူမည်ဆိုပါက နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ကျင့်သုံးလျက်ရှိသော အမြင့်ဆုံးတရားရုံးအထိ အတည်ပြုထားသည့် ဒီကရီတစ်ရပ်ကိုပင် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၇၊ ၈ အရ အာဏာအပ်နှင်းခံရသူ မြို့နယ်မှတ်ပုံတင်အရာရှိက မှတ်ပုံ တင်ရန် ငြင်းဆန်ရုံမျှဖြင့်အဆိုပါ စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့သည် အဟောသိကံဖြစ်စေနိုင်သည်ကို သတိချပ်ရန်လိုအပ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ကောက်ယူရာတွင် ပုဒ်မတစ်ခုပါ စာသား (Letter of law) အချို့

ကိုသာကွက်၍ ကောက်ယူရန်မဟုတ်။ ယင်းဥပဒေပါ ရှေ့နောက် ပြဋ္ဌာန်းချက်များ၊ ဆက်စပ်နေသည့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ဥပဒေ၏ရည်ရွယ်ချက် (Spirit of law)ကို ထည့်သွင်းစဉ်းစားကောက်ယူရန် လိုအပ်သည်။

မူလတရားမကြီးမှု၏ စီရင်ချက်၊ ဒီကရီ၊ အမိန့်ပါ အတိုင်းမရွေ့မပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာအပေါ် ကနဦး မြေပြင်စာရင်းကောက်ယူခြင်း၊ တိကျစွာတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ခွဲဝေခြင်း၊ ပေးအပ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေရာဇဝင်ရေးသွင်းခြင်းတို့မပြုရသေးမီ ယင်းစီရင်ချက်၊ ဒီကရီ သို့တည်းမဟုတ် အမိန့်တစ်ရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားမည်ဆိုပါကလည်း စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၂၀ ပါ မှတ်ပုံတင်ရာတွင် လိုအပ်သည့်အထောက်အထားများ ပြည့်စုံနိုင်မည် မဟုတ်သဖြင့် မှတ်ပုံတင်ခွင့်ရနိုင်မည်မဟုတ်ရာ တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအရ ခိုင်မာပြည့်စုံသည့်စာချုပ်စာတမ်းတစ်ရပ် မပေါ်ပေါက်မီ မှတ်ပုံတင်ရန်လိုအပ်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဒေါ်ခင်နုသာ၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဒေါ်ချိုချိုဝင်း၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ် ၄ တွင် တရားနိုင်က တရားရှုံးအပေါ် ဒီကရီကိုအတည်ပြုပေးစေလိုကြောင်း လျှောက်ထားရာ တရားရှုံးက ၂၀၁၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေအရ အပြီးသတ်ဒီကရီကို မှတ်ပုံတင်ထားခြင်းမရှိသဖြင့် ဒီကရီကို အတည်ပြုရန်မသင့်ကြောင်း လျှောက်ထားချက်အား ပလပ်ခြင်းခံခဲ့ရ၍ ဤတရားမအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဇာရီမှုပြုလုပ်ရာတွင် ဒီကရီတွင်ပါရှိသည့်အတိုင်းသာလျှင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း၊ ဒီကရီအတိုင်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် ပြေလည်မှုမရှိသည့်အခါ ဇာရီရုံးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များဖြင့် ဒီကရီကို အတည်ပြုဆောင်ရွက်သွားရန်ဖြစ်ရာ ဒီကရီအတိုင်းပစ္စည်းခွဲဝေနိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၁ (c) အရ ကော်မရှင်နာခန့်အပ်၍ ဒီကရီအား အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်းတွင် တရားရုံးကချမှတ်သောအမိန့်များပါဝင်သည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၂ (၁၅)တွင် ပြဋ္ဌာန်းထားကြောင်း၊ ပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ ထိုက်သင့်သောတံဆိပ်ခေါင်းခွန်ကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား ၁၊ အမှတ်စဉ် ၄၅ တွင် ဇယား ၁၊ အမှတ်စဉ် ၁၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ငွေပမာဏ သို့မဟုတ် တန်ဖိုးအပေါ် ၀.၅ ရာခိုင်နှုန်းထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပစ္စည်းခွဲဝေစေသည့်ဒီကရီကို အတည်ပြုလျှောက်ထားခြင်းဖြစ်၍ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ တွင် မှတ်ပုံမတင်မနေရဟူသည့် ပြဋ္ဌာန်းချက်၏အပိုဒ်(ခ)တွင် ပိုင်ဆိုင်ခွင့်နှင့်ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာအတွက် တရားရုံးကချမှတ်သော စီရင်ချက်နှင့်ဒီကရီသည် မှတ်ပုံမတင်မနေရစာမှတ်စာတမ်းတွင်ပါဝင်ကြောင်း၊ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရစာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်းမပြုလျှင် စာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထားသက်သေခံချက်မဖြစ်စေရဟု ယင်းဥပဒေပုဒ်မ

၄၈၊ ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသဖြင့် ဒီကရီကို အတည်ပြု ဆောင်ရွက်နိုင်မည်မဟုတ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်လဲ တင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပြဋ္ဌာန်းချက်များသည် ပစ္စည်းကိုခွဲဝေရန် သဘောတူညီ ချက်ပါရှိသော အဆိုပါသဘောတူညီချက်နှင့်အညီ ပစ္စည်းခွဲဝေခြင်း ပြုလုပ်သည့်အခါ ထိုပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်းအတွက် ထိုက်သင့်သောတံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီး မှတ်ပုံတင်သည့်အခါ ထမ်းဆောင်ရသည့်တံဆိပ်ခေါင်းခွန်ဖြစ်ကြောင်း၊ ဇာရီမှုနှင့်မသက်ဆိုင် ကြောင်း၊ ၂၀၁၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အပိုဒ် (ခ) တွင် ဆိုင်ရာဆိုင်ခွင့်အကျိုးစီးပွား တစ်စုံတစ်ရာအတွက် ချမှတ်သော တရားရုံးစီရင်ချက်နှင့် ဒီကရီသည် မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းတွင်ပါဝင်ကြောင်း တင်ပြချက်အား လက်ခံရန် မသင့်ကြောင်း လျှောက်လဲတင်ပြသည်။

တရားမမှုခင်းတစ်ခုတွင် ချမှတ်ခဲ့သည့် ဒီကရီတစ်ရပ်ကို တရားရုံးများက အတည်ပြုရာတွင် ဒီကရီချမှတ်သည့် တရားရုံးက ဖြစ်စေ၊ အတည်ပြုပေးရန် ပေးပို့ခြင်းခံရသည့်တရားရုံးကဖြစ်စေ

အတည်ပြုနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၈ က ပြဆိုထားသည်။ ဒီကရီကိုအတည်ပြုသည့်တရားရုံးသည် ဒီကရီကို ကျော်ခိုး၍မရ၊ တစ်နည်းအားဖြင့်ဆိုရသော် ဒီကရီကိုမျက်ကွယ်ပြု၍မရပေ။ သို့ရာတွင် သေသူအပေါ်ချမှတ်ထားသောဒီကရီ၊ စီရင်ပိုင်ခွင့်မရှိဘဲချမှတ်ထားသောဒီကရီ၊ အများပြည်သူအကျိုးအတွက် ပြဋ္ဌာန်းထားသောဥပဒေကို ဖောက်ဖျက်၍ချမှတ်ထားသော ဒီကရီဖြစ်လျှင်မူ အတည်မပြုဘဲနေနိုင်သည်။ အထက်ပါအကြောင်း ၃ ရပ်မှအပ ဇာရီရုံးသည် ဒီကရီကိုအတည်ပြုရန် ငြင်းဆိုနိုင်ခြင်းမရှိပေ။ **ဦးဘဇေပါ ၂ နှင့် ဦးမြိုင် ပါ ၂ အမှု**[၁] ကိုကြည့်ပါ။

အယူခံတရားလို၏ရှေ့နေက အဓိကထားအကြောင်းပြုလျှောက်ထားသည်မှာ အတည်ပြုပေးရန် လျှောက်ထားသောဒီကရီသည် ငွေကျပ်တစ်သိန်းအထက်တန်ဖိုးရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများခွဲဝေပေးရန် ချမှတ်ခဲ့သည့်ဒီကရီဖြစ်သော်လည်း အဆိုပါ ဒီကရီကို စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ (ခ) နှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ တံဆိပ်ခေါင်းထမ်းဆောင်ထားခြင်းမရှိသဖြင့် အတည်ပြုခွင့်မရှိကြောင်း **စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ နှင့် အေအယ်အေချစ်တီးယားဖမ်း နှင့်မောင်ဖိုးတော် ပါ ၂ အမှု** [၂] တို့ကို

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၃၀
၂။ The Rangoon Law Reports၊ 1938, Rangoon၊ P - 583

ကိုးကားလျှောက်ထားသည်ကို စိစစ်တွေ့ရှိရသည်။

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေတွင် ယခုအဆိုပြု လျှောက်ထားခြင်းနှင့်စပ်ဆိုင်သည့်အကြောင်းအရာများကို အခန်း(၂) စာချုပ်စာတမ်းများမှတ်ပုံတင်အရာရှိအဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေး ရေးမှူးတို့ကိုသတ်မှတ်ခြင်း၊ အခန်း (၃) စာချုပ်စာတမ်းမှတ်ပုံတင် ရုံးဖွဲ့စည်းတည်ထောင်ခြင်း၊ အခန်း (၄) စာချုပ်စာတမ်းများမှတ်ပုံ တင်ခြင်း၊ အခန်း (၅) စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ၊ အခန်း (၆) စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိ သူများ၊ အခန်း (၁၀) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၏ အကျိုး သက်ရောက်မှု၊ အခန်း (၁၁) မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေး ရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း (၁၂) မှတ်ပုံတင် ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့်အယူခံခြင်းဟူ၍ ပိုင်းခြားသတ်မှတ် ပြဋ္ဌာန်းထားသည်။

အခန်း(၄)၊ ပုဒ်မ ၁၆ တွင် မှတ်ပုံမတင်မနေရစာချုပ် စာတမ်းများကို ဖော်ပြထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအနက် တရားရုံးများနှင့်စပ်ဆိုင်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်များနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (ခ) တွင်-

“မရွှေ့မပြောင်းနိုင်သောပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း

၍ဖြစ်စေ၊ တန်ဖိုးငွေကျပ်တစ်သိန်းနှင့်အထက်ရှိသည့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့်အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန်ပြုလုပ်သည့် သေတမ်းစာမဟုတ်သောစာချုပ်စာတမ်းများ၊ **ယင်းစာချုပ်စာတမ်းတို့နှင့်သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးကချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်**"

ဟူ၍ ပြဋ္ဌာန်းထားသည်။

ယခုဇာရီမှုတွင် တရားနိုင်က တရားရုံးအပေါ် အတည်ပြုပေးရန် လျှောက်ထားခဲ့သည်မှာ "အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ လင်မယားအဖြစ်ပေါင်းသင်းစဉ် ဖြစ်ထွန်းလာသော လက်ထက်ပွားပစ္စည်းများနှင့်လုပ်ငန်းများကို ဒီကရီပါအတိုင်း ထက်ဝက်ခွဲဝေ ခံစားခွင့်ရထိုက်သည်ဖြစ်၍ အတည်ပြုပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ယခုအဆင့်သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို စိစစ်ပိုင်းခြားခွဲဝေပေးရန် ကနဦးသတ်မှတ်ပေးသည့်အဆင့်သာဖြစ်၍ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၇ (ခ) တွင် အကျုံးဝင်သော ပိုင်ဆိုင်ခွင့်ဆိုင်ရာစာချုပ်စာတမ်းတစ်ရပ် မပေါ်ပေါက်သေး

သည်မှာ မြင်သာသည်။

ယင်းဥပဒေပုဒ်မ ၄၈ (ဂ) တွင် မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်းမပြုလျှင် စာချုပ်စာတမ်းပါပစ္စည်းနှင့်သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထားသက်သေခံချက်မဖြစ်စေရဟု မှတ်ပုံတင်ရန်ပျက်ကွက်မှုအတွက် ဆုံးရှုံးစေမည့်အခွင့်အရေးကို ဖော်ပြထားသည်။

အမှုစစ်တရားရုံးတစ်ရုံးက အမှုစစ်ဆေးနေစဉ် ချမှတ်သည့်အမိန့်၊ စီရင်ချက်၊ ဆုံးဖြတ်ချက်တို့သည် ယင်းအမှုအတွက် တရားရုံး၏ ဆောင်ရွက်ချက်များဖြစ်သည်။ ထိုဆောင်ရွက်ဆုံးဖြတ်ချက်များ၊ မှတ်တမ်းမှတ်ရာများကို မိတ္တူကူးယူ၍ အခြားအမှုတွင် တင်ပြမည်ဆိုပါက သက်သေခံစာမှတ်စာတမ်းများအဖြစ်တင်သွင်းကြရမည်ဖြစ်သော်လည်း၊ မူလအမှုတွင်မူ အဆိုပါ စီရင်ချက်၊ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များကို သက်သေခံစာတမ်းအမှတ်အသားအဖြစ် အမှတ်စဉ်သတ်မှတ်ရေးသွင်းထားရန် လိုအပ်မည်မဟုတ်ပေ။ အခြေခံမူအားဖြင့် အမှုတစ်ခုတွင် တရားရုံးကဆောင်ရွက်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တို့သည် ယင်းအမှု၏ သက်သေခံချက်များမဟုတ် ဆောင်ရွက်ချက်များဖြစ်သည်။ ယင်းမှု

သဘောကို တရားရုံးတိုင်း အစဉ်တစိုက်လိုက်နာကျင့်သုံးလျက်ရှိကြသည်။

ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု(ဇာရီမှု) များသည် မူလတရားမကြီးမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အမှုများဖြစ်သဖြင့် မူလတရားမကြီးမှု၏အဆက် တရားမမှုခင်းတစ်ရပ်သာဖြစ်သည်။ ဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ယင်းဇာရီမှုတွင် သက်သေခံအရာအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်း ပြုလုပ်ရန် လိုအပ်မည်မဟုတ်ပေ။ သို့ဖြစ်၍ ဇာရီမှုတွင်တင်ပြလာသော စီရင်ချက်နှင့်ဒီကရီအပေါ် ပုဒ်မ ၄၈ (ဂ) ပါ ကန့်သတ်ချက်အရ တရားဝင် အထောက်အထားသက်သေခံချက် ဟုတ် မဟုတ် ဇာရီတရားရုံးက သုံးသပ်ဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ပေ။

အယူခံတရားလို၏ရှေ့နေ ကိုးကားတင်ပြထားသော **အေးအေးယီ အေးချစ်တီးယားဖမ်း နှင့် မောင်ဖိုးတော် ပါ ၂ အမှု** သည် ဟံသာဝတီခရိုင်တရားရုံး၏ အမွေမှုနှင့်သက်ဆိုင်သော တရားမဇာရီမှုအမှတ် ၁၆/ ၁၉၃၆ မှ ပေါ်ပေါက်လာသော တရားမအယူခံမှုဖြစ်သည်။ သားဖြစ်သူ တရားနိုင်မောင်ဖိုးတော်နှင့် ဖခင်ဖြစ်သူ တရားရှုံး ဦးခက်တို့ ရင်ဆိုင်လျက်ရှိသည့်ဇာရီမှု၌ ကော်မရှင်နာက အမွေ

ကျန်ပစ္စည်းစာရင်း ကောက်ယူတင်ပြသည့်အဆင့်တွင် **အေအေယ်အေချစ်တီးယားဖမ်းက** ဦးခက်အပေါ် ရရှိထားခဲ့သည့် **အခြားအမှု**မှ အနိုင်ဒီကရီကိုတင်ပြ၍ ပစ္စည်းစာရင်းအပေါ် ကန့်ကွက်အရေးဆိုခဲ့ခြင်းဖြစ်သည်။ ဇာရီတရားရုံးက **အေအေယ်အေချစ်တီးယားဖမ်း** အနေဖြင့် ဦးခက်အပေါ် သီးခြားအမှုဖွင့်၍ လျှောက်ထားရန်သာဖြစ်ကြောင်း ယခုအမှုတွင်လျှောက်ထားခွင့်မရှိကြောင်း သုံးသပ်၍ ကော်မရှင်နာအစီရင်ခံစာကိုအတည်ပြုပြီး လျှောက်ထားမှုကို ပလပ်ခဲ့သည်။ ယင်းအမိန့်အပေါ် **အေအေယ်အေချစ်တီးယားဖမ်းက** တင်သွင်းသည့်အယူခံမှုတွင် အယူခံတရားရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ လျှောက်ထားခွင့်ရှိကြောင်း၊ ဇာရီရုံးက ကော်မရှင်နာအစီရင်ခံစာအပေါ်အတည်ပြုခဲ့သည့် ကော်မရှင်နာအစီရင်ခံစာကို ပယ်ဖျက်ကြောင်း ဇာရီတရားရုံးအနေဖြင့် ယခုလျှောက်ထားချက်ကို အမွေကျန်စာရင်းကောက်ယူရာတွင် ထည့်သွင်းဆောင်ရွက်သွားရန် " The appeal is allowed , the order dismissing the A.L.A. firm's petition in the execution proceedings will be set aside and the Court must go into it on its merits and decide it in the execution proceedings." ဟု အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် ကော်မရှင်နာအစီရင်ခံစာ

ကို အတည်ပြုသည့်အမိန့်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ သုံးသပ်ထားသော်လည်း အတည်ပြုဆဲဖြစ်သည့် ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခွင့်မရှိကြောင်း အမိန့်ချမှတ်ခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ ယခုအမှုဖြစ်အကြောင်းအရာနှင့် တူညီခြင်းမရှိသဖြင့် ဤအမှုတွင် လက်ခံသုံးသပ်ရန် အကြောင်းမရှိပေ။

ဇာရီမှုမတင်သွင်းမီ မူလစီရင်ချက်၊ ဒီကရီ၊ အမိန့်တည်းဟူသော စာမှတ်စာတမ်းကို မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့သဖြင့် ယင်းဒီကရီ၊ အမိန့်အရ အတည်ပြုရမည့်ဇာရီမှုတွင် အဆိုပါဒီကရီသည် တရားဝင်အထောက်အထား သက်သေခံချက်မဟုတ်ဟု မှတ်ယူမည်ဆိုပါက နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ကျင့်သုံးလျက်ရှိသောအမြင့်ဆုံးတရားရုံးအထိ အတည်ပြုထားသည့် ဒီကရီတစ်ရပ်ကိုပင် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၇၊ ၈ အရ အာဏာအပ်နှင်းခံရသူ မြို့နယ်မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းဆန်ရုံမျှဖြင့်အဆိုပါ စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့သည် အဟောသိကံဖြစ်စေနိုင်သည်ကို သတိချပ်ရန် လိုအပ်သည်။

တရားရုံး၏ဒီကရီနှင့် အုပ်ချုပ်ရေးအာဏာပိုင်တို့၏ အဆုံးအဖြတ်များ ဝိရောဓိမဖြစ်စေရန် တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့သည် ညီညွတ်မျှတစွာပေါင်းစပ် ဆောင်ရွက်

ရန် လိုအပ်သည်။ ဦးစံဝင်းထိန် / ဦးစံဝင်းထိန် **နှင့်** ဦးကံစိန် / ဦးတင်လှိုင်ထွန်း ပါ ၂ **အမှု**[၃] တွင် ကြည့်ပါ။

ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ကောက်ယူရာတွင် ပုဒ်မတစ်ခုပါစာသား (Letter of law) အချို့ကိုသာ ကွက်၍ ကောက်ယူရန်မဟုတ်။ ယင်းဥပဒေပါ ရှေ့နောက်ပြဋ္ဌာန်းချက်များ၊ ဆက်စပ်နေသည့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ဥပဒေ၏ရည်ရွယ်ချက် (Spirit of law) ကို ထည့်သွင်းစဉ်းစား ကောက်ယူရန်လိုအပ်သည်။

မူလတရားမကြီးမှု၏ စီရင်ချက်၊ ဒီကရီ၊ အမိန့်ပါအတိုင်း မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာအပေါ် ကနဦး မြေပြင် စာရင်းကောက်ယူခြင်း၊ တိကျစွာတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ခွဲဝေခြင်း၊ ပေးအပ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေရာဇဝင်ရေးသွင်းခြင်း တို့ မပြုရသေးမီ ယင်းစီရင်ချက်၊ ဒီကရီ သို့တည်းမဟုတ် အမိန့် တစ်ရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားမည်ဆိုပါကလည်း စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၂၀ ပါ မှတ်ပုံတင်ရာတွင် လိုအပ်သည့်အထောက်အထားများ ပြည့်စုံနိုင်မည်မဟုတ်သဖြင့် မှတ်ပုံတင်ခွင့်ရနိုင်မည်မဟုတ်ရာ တရားရုံး၏စီရင်ချက်နှင့် ဒီကရီ

၃။ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၁၃

အရ ခိုင်မာပြည့်စုံသည့်စာချုပ်စာတမ်းတစ်ရပ် မပေါ်ပေါက်မီ မှတ်ပုံတင်ရန်လိုအပ်မည်မဟုတ်ပေ။

အထက်ပါ သုံးသပ်တွေ့ရှိချက်များအရ ယခုအမှုတွင် ဒီကရီ ချမှတ်ခြင်းခံရသူ တရားရှုံး ဒေါ်ကလျာမိုးအနေဖြင့် မိမိအပေါ် ကျရောက်သောဒီကရီကို မှတ်ပုံမတင်ထား၍ သို့တည်းမဟုတ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်မထား၍ဟူသော အကြောင်းပြချက်များဖြင့် ယင်းဒီကရီအရ ဇာရီဖွင့်လှစ်အတည်ပြုခွင့်မရှိဟု ငြင်းပယ်ခွင့်မရှိချေ။

သို့ဖြစ်ရာ တရားရုံးအဆင့်ဆင့် အတည်ဖြစ်လျက်ရှိသည့် ဒီကရီကို အတည်ပြုသောဇာရီရုံးသည် ဒီကရီကို အကျိုးသက်ရောက်အောင်ဆောင်ရွက်ရာ၌ ချမှတ်ထားသည့်ဒီကရီ၌ ပါရှိသည့် ဆုံးဖြတ်ချက်များအတိုင်းသာ ဆောင်ရွက်ခွင့်ရှိသည်။ ဒီကရီကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခြင်းမပြုနိုင်ချေ။ **ဦးဝင်းနီ နှင့် ဦးသာထွန်း ပါ ၃ အမှု[၄] ကို** ကြည့်ပါ။

ထို့ကြောင့် တရားရုံး၏အပြီးသတ်ဒီကရီတွင် လိုအပ်သောတံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိဟုလည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိဟုလည်းကောင်း အကြောင်းပြလျက် ဒီကရီကိုအတည်ပြုခွင့်မရှိကြောင်း ကန့်ကွက်တင်ပြခြင်းအပေါ်

၄။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၄

ဇာရီတရားရုံးအဖြစ်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က လက်မခံဘဲ ဒီကရီတွင်ပါရှိသည့် ဆုံးဖြတ်ချက်များအတိုင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များဖြင့် ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်ဖြစ်သည်ဟုအမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိဟု မဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် ဤတရားမအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

+ ၂၀၂၂ ခုနှစ်
မတ် လ ၈ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန်**

**ရှေ့တွင်**

**ဒေါ်ညွန့်ကြည်**

**နှင့်**

**ဒေါ်မြမြစန်း ပါ ၂***

---

**ဒေါ်ညွန့်ကြည်**

**နှင့်**

**ဒေါ်မြမြစန်း ပါ ၂**

---

**ဒေါ်မြမြစန်း ပါ ၂**

**နှင့်**

**ဒေါ်ညွန့်ကြည်**

**အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် ချေးငွေအတွက် ဒီကရီချမှတ်နိုင်ခြင်း ရှိ မရှိ၊ ဝန်ခံဒီကရီ ချမှတ်နိုင်သည့် အခြေအနေ။**

---

* ၂၀၂၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၄၊ ၇၅၊ ၉၉

+ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၀ နှင့် ၁၅၅ တို့တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ ၂၉ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှုများ

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

**တရားလိုက တရားပြိုင်များအပေါ် အရောင်းအဝယ်ပဋိညာဉ်အရ ပေးချေထားသော စရန်ငွေ၏နှစ်ဆ ငွေကျပ်သိန်း ၃၂၀ ရလိုမှု စွဲဆိုသည်။ တရားပြိုင်များက တရားလို၏ခင်ပွန်းထံမှ ငွေကျပ်သိန်း ၁၂၀ ကို အတိုးဖြင့်ချေးယူခဲ့ခြင်းဖြစ်သည်ဟု ထုချေသည်။ ခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ တိုင်းဒေသကြီးတရားလွှတ်တော်က အရောင်းအဝယ်စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ပြီးအတည်ပြုခွင့်မရှိဟု ဆုံးဖြတ်ပြီး ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည်။ ၎င်းနောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၆(၁) အရ ချေးယူငွေကျပ်သိန်း ၁၂၀ အတွက် ဒီကရီချမှတ်ပေးခဲ့သည်။**

**ဆုံးဖြတ်ချက်**။ ။ ပဋိညာဉ်ဖောက်ဖျက်ကြောင်း အဆိုပြုပြီး စရန်ငွေနှစ်ဆပြန်ပေးရန် တောင်းဆိုသည့်သက်သာခွင့်နှင့် ချေးငွေရလိုကြောင်း တောင်းဆိုသည့်သက်သာခွင့်တို့သည် သီးခြားအကြောင်းအရာများဖြစ်ကြသည်။ အဆိုလွှာတွင် လုံးဝဖော်ပြထားခြင်းမရှိသော ခြားနားသည့် အကြောင်းခြင်းရာများအရဖြစ်စေ၊ တရားလိုတောင်းဆိုသောသက်သာခွင့်နှင့်ဆက်နွယ်သော သက်သာခွင့်မဟုတ်ဘဲ ခြားနားသည့် သက်သာခွင့်ကိုဖြစ်စေ ခွင့်မပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊

နည်းဥပဒေ ၁ ပါ " that he admits the truth of the whole or any part of the case of any other party" ဆိုသည့် စကားရပ်ကို ထောက်ချင့်လျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂ ပါ "ဝန်ခံချက်များ" ဆိုသည်မှာ စွဲဆိုသောအမှု၏ အမှုဖြစ်အကြောင်း ခြင်းရာနှင့် စပ်လျဉ်း၍သာ ဝန်ခံခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထိုသို့ ဝန်ခံချက်အရ တရားရုံးသည် ဒီကရီချမှတ်နိုင်သော်လည်း တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေဆောင်ရွက်ရန်မလို။ မိမိ၏သဘောအတိုင်းဆောင်ရွက်ရန်ဖြစ်သည်။ တရားပြိုင်၏ ဝန်ခံချက်များအရ စွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် ချေပရန် လမ်းမမြင်တော့သည့်အခြေအနေမျိုးတွင် ဒီကရီချမှတ်နိုင်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်ခိုင်ဇာလင်း၊<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဒေါ်အိအိပိုင်၊<br>တရားလွှတ်တော်ရှေ့နေ |

---

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဒေါ်အိအိပိုင်၊<br>တရားလွှတ်တော်ရှေ့နေ |

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

အယူခံတရားပြိုင်အတွက် - ဒေါ်ခိုင်ဇာလင်း၊
တရားလွှတ်တော်ရှေ့နေ

ပဲခူးခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၇ တွင် ဒေါ်ညွန့်ကြည်က ဒေါ်မြမြစန်း ပါ- ၂ ဦးအပေါ် တရားလိုက တရားပြိုင်များအပေါ် ပေးချေထားသောအိမ်နှင့်မြေ ရောင်းကြေး ငွေ၏စရန်ငွေနှစ်ဆဖြစ်သော ငွေကျပ်သိန်း ၃၂၀ ရလိုမှုစွဲဆိုရာ စရန်ငွေကျပ်သိန်း ၁၆၀ နှင့်လျော်ကြေးငွေသိန်း ၄၀၊ စုစုပေါင်း သိန်း ၂၀၀ ပြန်လည်ရထိုက်ကြောင်း အနိုင်ဒီကရီချမှတ်သည်။ ယင်းဒီကရီကို ဒေါ်ညွန့်ကြည်က ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၀ ဖြင့် လည်းကောင်း၊ ဒေါ်မြမြစန်း ပါ ၂ ဦးက ၂၀၁၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၅၅ ဖြင့်လည်းကောင်း အယူခံတင်သွင်းရာ တရားမပထမအယူခံမှုအမှတ် ၁၅၀/ ၂၀၁၉ အားပလပ်၍ တရားမ ပထမအယူခံမှုအမှတ် ၁၅၅/၂၀၁၉ အား တစ်စိတ်တစ်ဒေသ ခွင့်ပြု ပြီး ငွေကျပ်သိန်း ၁၂၀ အား တစ်နှစ်လျှင် ၁၀၀ ကျပ်ကို ၉ % အတိုးဖြင့် အမိန့်ချသည့်နေ့မှ ငွေအပြေအကြေပေးဆပ်သည်ထိ ပေးဆပ်စေရန် ဒီကရီချမှတ်သည်။ အဆိုပါ ဒီကရီများကို ဒေါ်ညွန့်ကြည်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ်၊ တရားမအယူခံမှု

အမှတ် ၇၄၊ ၇၅ တို့ဖြင့် လည်းကောင်း၊ ဒေါ်မြင့်မြင့်စန်း ပါ ၂ ဦးက ၂၀၂၁ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၉၉ ဖြင့်လည်းကောင်း တင်သွင်းလာခြင်းဖြစ်သည်။

ဤအယူခံမှုများသည် မူလမှုတစ်မှုတည်းမှပေါ်ပေါက်လာသည့် အယူခံမှုများဖြစ်ကြပြီး ဆုံးဖြတ်ရန်အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာချင်းလည်းတူညီကြသဖြင့် ဤစီရင်ချက်တစ်ခုတည်းတွင် တစ်ပေါင်းတည်းအဆုံးအဖြတ်ပေးမည်ဖြစ်သည်။

အဆိုလွှာတွင် ၂၂-၂-၂၀၁၈ ရက်နေ့က တရားပြိုင်များက အချင်းဖြစ်အိမ်နှင့်မြေကို တန်ဖိုးကျပ်သိန်း ၂၀၀ ဖြင့် ရောင်းချရန်ရှိကြောင်း ဒေါ်ငွေးပို(လိုပြ-၁)မှတစ်ဆင့်ကမ်းလှမ်းကြောင်း၊ ရောင်းကြေးငွေကျပ် ၁၇၅ သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူခဲ့ကြပြီး ၁-၃-၂၀၁၈ ရက်နေ့တွင် စရန်ငွေကျပ်သိန်း ၁၆၀ ကို သက်သေများရှေ့ပေးချေလျက် နှစ်ဦးသဘောတူအိမ်နှင့်မြေအရောင်းအဝယ် စရံ(စရန်)ငွေပေးကတိစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ ၃၀-၃-၂၀၁၈ ရက်နေ့တွင် ၃၁-၃-၂၀၁၈ ရက်နေ့၌ အပြီးသတ်စာချုပ်ချုပ်ဆိုရန်တွေ့ဆုံခဲ့ရာ တရားပြိုင်များက ငြင်းဆိုခဲ့ကြောင်း၊ ၂-၄-၂၀၁၈ ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဖက်တွေ့ဆုံညှိနှိုင်းစဉ်ကလည်း အပြီးသတ်အရောင်းအဝယ်ပြုလုပ်ရန်ငြင်းဆန်

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

ခဲ့ကြောင်းအဆိုပြု၍ စရန်ပေးစာချုပ်တွင် သဘောတူညီထားကြသည့် စရန်ငွေကျပ်သိန်း ၁၆၀ ၏နှစ်ဆကျပ်သိန်း ၃၂၀ ရလိုကြောင်း တရားပြိုင်များအပေါ် သက်သာခွင့်တောင်းဆိုထားသည်။

တရားပြိုင်များက အချင်းဖြစ်အိမ်နှင့်မြေကို အပေါင်ထား၍ ဒေါ်ဌေးပိုထံမှငွေကျပ် သိန်း ၃၀ ကို ၇% အတိုးဖြင့်ချေးယူခဲ့ရာ တိုးရင်းပေါင်း ကျပ်သိန်း ၈၀ ဖြစ်သွားကြောင်း၊ ဒေါ်ဌေးပိုက ငွေလိုသဖြင့် ၎င်းမှတစ်ဆင့် တရားလို၏ခင်ပွန်းဦးအုန်းသွင်ထံ ပြောင်းပေါင်ပြီး ငွေကျပ်သိန်း ၁၂၀ ကို ၅ တိုးဖြင့်ချေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနောက် ဦးအုန်းသွင်နေမကောင်းသဖြင့် တရားလိုအမည်ဖြင့် ပြောင်းလဲစာချုပ်ချုပ်ဆိုခဲ့ရခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်နှင့်မြေမှာ ကာလတန်ဖိုး ကျပ်သိန်း ၅၀၀ ခန့်တန်ကြေးရှိကြောင်း၊ စရန်ငွေ သိန်း ၁၆၀ ရယူခဲ့ခြင်းမရှိဘဲ ဟန်ဆောင်စာချုပ်သာဖြစ်သဖြင့် တရားလို၏အမှုကို ပလပ်ရန်ဖြစ်ကြောင်း ချေပထားသည်။

ခရိုင်တရားရုံးက တရားပြိုင်များတင်ပြသကဲ့သို့ ချေးငွေကျပ်သိန်း ၁၂၀ အတွက် ချုပ်ဆိုပေးရသော ဟန်ဆောင်စာချုပ်ဖြစ်သည်ဆိုပါက တရားလိုအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြရန် အကြောင်းမရှိကြောင်း၊ ဟန်ဆောင်ချုပ်ဆိုပေးရသော စာချုပ်ဖြစ်ကြောင်း တရားပြိုင်များက တိကျခိုင်လုံသောအထောက်

အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ အရောင်းအဝယ်စာချုပ်ကို တရားလွှတ်တော်ရှေ့နေဒေါ်ခိုင်ဇာလွင်(လိုပြ-၃)ရှေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူ ချုပ်ဆိုကြခြင်း၊ မြေပိုင်ဆိုင်မှုအထောက်အထား၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့မှာ တရားလိုထံပေးအပ်ထား၍ရောက်ရှိနေသောအခြေအနေတွင် အမှန်တကယ်ရောင်းချရန်စာချုပ်ချုပ်ခဲ့သည်ဟုသာ ကောက်ယူရန်ဖြစ်ကြောင်း၊ တရားပြိုင်များက အပြီးသတ်အရောင်းအဝယ်ပြုလုပ်ရန် ငြင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် စရန်ငွေကျပ်သိန်း ၁၆၀ ၏နှစ်ဆကျပ်သိန်း ၃၂၀ ပေးလျော်ရမည်ဆိုပါက မျှတမှုရှိနိုင်မည်မဟုတ်သဖြင့် သင့်လျော်သောလျော်ကြေးငွေကိုသာ ရထိုက်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ပြီး တရားပြိုင်များအပေါ် စရန်ငွေကျပ်သိန်း ၁၆၀ နှင့် လျော်ကြေးငွေကျပ်သိန်း ၄၀ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က အမှတ်(၁)တရားပြိုင်သည် ငွေချေးရာ တိုးရင်းပေါင်းများလာသည့်အတွက် ငွေကြေးနိုင်ရာငွေချေးနိုင်သူအား တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းသွားပြီး စာချုပ်အဆင့်ဆင့်ချုပ်ဆိုခဲ့ရကြောင်း၊ စာချုပ်တွင် ရောင်းကြေးငွေ ၁၇၅ သိန်းသတ်မှတ်ပြီး စရန်ငွေကျပ်သိန်း ၁၆၀ ဖြင့် ချုပ်ဆိုပြီး အပြီးသတ်ရောင်းရာတွင် ငွေ ၁၅ သိန်းသာဖြစ်ကြောင်း တွေ့ရှိ

ရကြောင်း၊ စရန်ငွေကိုရောင်းစျေးနီးပါးပေး၍ ရောင်းဝယ်လေ့မရှိကြောင်း၊ အချင်းဖြစ်အိမ်နှင့်မြေသည် ခြံနှစ်ကွက်စာဖြစ်ပြီး ရေမီးအစုံရှိသဖြင့် ကျပ်သိန်း ၅၀၀ တန်ကြောင်း ထောက်ခံသည့်သက်သေခံချက်များရှိကြောင်း၊ ရပ်ကွက်ရုံးတွင် ရှင်းလင်းကြစဉ်တရားပြိုင်က အိမ်နှင့်ခြံကိုပေါင်ထားခြင်းဖြစ်သည်ဟု ပြောခဲ့ကြောင်း၊ **သက်သေခံ(က)** စာချုပ်ချုပ်စဉ်က တရားပြိုင် ဒေါ်မြမြစန်း အမည်ပေါက်စီမံကိန်းစလစ်မူရင်း၊ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူတို့ကိုတောင်းယူခဲ့ကြောင်း သက်သေခံချက်များသည် **သက်သေခံ(က)** မှာ ဟန်ဆောင်စာချုပ်ဖြစ်သည်ဟု ညွှန်ပြနေကြောင်း၊ ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ပြီးအတည်ပြုခွင့်မရှိသဖြင့် စရန်ငွေနှစ်ဆတောင်းသည့် သက်သာခွင့်ကိုမရထိုက်ကြောင်း၊ သို့ရာတွင် တရားပြိုင်များက ချေလွှာအပိုဒ် ၁၁(ဂ) တွင် ချေးယူခဲ့သည့် ငွေကျပ်သိန်း ၁၂၀ x x x ဟု ဖော်ပြထားပြီး ရုံးရှေ့တွင်လည်း ထွက်ဆိုထားသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၂၊ နည်းဥပဒေ ၆(၁) အရဝန်ခံထားသည့် ငွေကျပ်သိန်း ၁၂၀ အပေါ် ဒီကရီချခွင့်ရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

ဒေါ်ညွန့်ကြည်၏ရှေ့နေက **သက်သေခံ(က)** စာချုပ်သည် ရောင်းသူဝယ်သူအပါအဝင် အသိသက်သေများ လက်မှတ်ရေးထိုး

ထားကြောင်း၊ စာချုပ်ချုပ်ဆိုသည့်ရှေ့နေကိုယ်တိုင် မြေတိုင်းတာခဲ့ရပြီး ငွေအပြည့်အဝပေးချေခဲ့သည့်အပေါ် တရားပြိုင်များက နေအိမ်ပြောင်းရွှေ့ဆောက်လုပ်ချိန် ၁ လတောင်းဆိုသဖြင့် **သက်သေခံ (က)** စရန်ပေးစာချုပ်ချုပ်ဆိုရခြင်းဖြစ်ကြောင်း၊ စာချုပ်ချုပ်စဉ်က ပါရှိခဲ့သော သက်သေဒေါ်ဌေးပိုနှင့် ဦးချစ်အေးတို့ကလည်း အခိုင်အမာထွက်ဆိုထားကြကြောင်း၊ အပြီးသတ်စာချုပ်ချုပ်ဆိုမည့် ၁ ရက်အလိုတွင် တရားပြိုင်များက ရောင်းချမှုကို စတင်ဖောက်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း၊ **သက်သေခံ (က)** သည် အပေါင် စာချုပ်ဖြစ်သည်ဟု နှုတ်သက်သေခံချက်ပြောင်းလဲထွက်ဆိုခြင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၉၁ နှင့် ၉၂ တို့တွင် အတိအလင်းပိတ်ပင်ထားကြောင်း၊ **သက်သေခံ (က)** စာချုပ်ကို ဟန်ဆောင်စာချုပ်ဟု သုံးသပ်ခဲ့ခြင်းသည်မှားယွင်းကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ငွေကျပ်သိန်း ၁၂၀ အပေါ် အမိန့်ချသည့်နေ့မှစ၍ ၁၀ဝ ကို ၉% အတိုးဖြင့်ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရ လွဲမှားနေကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ အရ စရန်ငွေ၏ ၂ ဆကျပ်သိန်း ၃၂၀ ကိုပေးရန် အမိန့်ချမှတ်ရန်သာဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

ဒေါ်မြမြစန်း ပါ ၂ တို့၏ရှေ့နေက **သက်သေခံ(က)** စာချုပ်

ကို တရားလိုနှင့် တရားပြိုင်တို့ချုပ်ဆိုခဲ့ခြင်းမှာ ဒေါ်ဌေးပိုမှတစ်ဆင့် ချုပ်ဆိုခဲ့ကြောင်းမှာအငြင်းမပွားကြောင်း၊ **သက်သေခံ(က)** မချုပ်ဆို မီကပင် ဒေါ်ဌေးပိုနှင့်တရားပြိုင်တို့အကြား ငွေပေးငွေယူရှိခဲ့ပြီး ပြန်မဆပ်နိုင်၍ ဒေါ်ဌေးပို၏ဆက်သွယ်ပေးမှုဖြင့် တရားလိုနှင့် **သက်သေခံ (က)** ဟန်ဆောင်စာချုပ် ချုပ်ဆိုခဲ့ရခြင်းဖြစ်ကြောင်း၊ တရားလိုက စရန်ငွေသိန်း ၁၆၀ ပေးအပ်ခဲ့ပြီး တရားပြိုင်များက လက်ခံရယူခဲ့ကြောင်း သက်သေဦးချစ်အေးက တိတိကျကျထွက်ဆိုထားခြင်းမရှိကြောင်း၊ စာချုပ်ချုပ်စဉ်က ခြံမြေပိုင်ဆိုင်မှုအထောက်အထားကို လက်ခံရယူခဲ့သည်မှာ လက်ခံနိုင်စရာအကြောင်းရှိသော်လည်း တရားပြိုင်များ၏ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓါတ်ပုံမိတ္တူတို့ကို တောင်းယူခဲ့သည်ဟု တရားလို၏ထွက်ဆိုချက်အရပင် **သက်သေခံ(က)**စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်သည်ဟု ညွှန်ပြနေကြောင်း၊ ထို့ပြင် ၃၁-၃-၂၀၁၈ ရက်နေ့တွင် ကျန်ငွေပေးချေခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉၂ သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော တကယ့်စာချုပ်များနှင့်သာသက်ဆိုင်ပြီး ဟန်ဆောင်စာချုပ်မျိုးနှင့် မသက်ဆိုင်ကြောင်း၊ **သက်သေခံ(က)** ဟန်ဆောင်စာချုပ်ချုပ်ဆိုစဉ်က ငွေကျပ်သိန်း ၁၂၀ ချေးယူခဲ့သည်ဟုဝန်ခံခဲ့ခြင်းမဟုတ်ဘဲ **သက်သေခံ(က)**

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

စာချုပ်သည် ဟန်ဆောင်စာချုပ်အကြောင်း ရှင်းပြခဲ့ခြင်းသာဖြစ်ကြောင်း၊ ဟန်ဆောင်စာချုပ်အပေါ် စွဲဆိုထားသည့်အမှုကို ပလပ်ရန်သာဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

အမှုမှာ ဒေါ်ညွန့်ကြည်က ဒေါ်မြမြစန်းနှင့် မနီနီထွန်းစိန်တို့သားအမိအပေါ် ၁-၃-၂၀၁၈ ရက်စွဲပါ အရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ပေးချေထားသည့် စရန်ငွေ၏နှစ်ဆ ငွေကျပ်သိန်း ၃၂၀ ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။

ခရိုင်တရားရုံးက ၁-၃-၂၀၁၈ ရက်စွဲပါ အရောင်းအဝယ်စရန်ပေးကတိစာချုပ် **(သက်သေခံ-က)**သည် အမှန်တကယ်ရောင်းချရန်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး တရားပြိုင်များသည် တရားလိုထံမှစရန်ငွေကျပ်သိန်း ၁၆၀ ရယူခဲ့ကြောင်းကောက်ယူဆုံးဖြတ်သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုတွင် **သက်သေခံ(က)**စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း၊ စရန်ငွေနှစ်ဆပေးရန် တောင်းဆိုသည့်သက်သာခွင့်ကို မရထိုက်ကြောင်းကောက်ယူဆုံးဖြတ်သည်။

စာချုပ်တစ်ရပ်သည် ဟန်ဆောင်စာချုပ်ဟုတ် မဟုတ်မှာ အကြောင်းခြင်းရာနှင့်ပတ်သက်သည့် အချက်ဖြစ်သည်။ ယင်းအချက်

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

အပေါ် မူလခရိုင်တရားရုံးနှင့် အယူခံတိုင်းဒေသကြီးတရားလွှတ်တော်တို့ကကွဲလွဲဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အကြောင်းခြင်းရာများကိုစိစစ်ကာ ဤအယူခံမှုများကို ဆုံးဖြတ်ရန်ဖြစ်သည်။ တိုင်းဒေသကြီးတရားလွှတ်တော်၏ကောက်ယူဆုံးဖြတ်ချက်များကို ထောက်ခံသော အထောက်အထားရှိ မရှိ စိစစ်ရန်ဖြစ်သည်။

တရားလိုက အချင်းဖြစ်မြေနှင့်အိမ်ကို အရောင်းအဝယ်ပြုလုပ်သည့်အချိန်တွင် ဒေါ်ငွေးပို၏ဆက်သွယ်ပေးမှုကြောင့် တရားပြိုင်များကိုသိရှိခဲ့ကြောင်း အဆိုပြုသည်။

တရားပြိုင်များက အချင်းဖြစ်မြေနှင့်အိမ်ကို အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမရှိဟုငြင်းဆိုသည်။ အချင်းဖြစ်မြေနှင့်အိမ်ကို ဒေါ်ငွေးပိုထံငွေကျပ်သိန်း ၃၀ (၇% အတိုး)ဖြင့် စတင်ပေါင်နှံခဲ့ပြီး၊ ငွေကျပ် ၂၈၀၀၀၀ နှင့် ငွေကျပ် ၉ သိန်းပေးဆပ်ခဲ့ကြောင်း၊ တိုးရင်းသိန်း ၈၀ ဖြစ်သွားသဖြင့် ဒေါ်ငွေးပိုကငွေလိုသောကြောင့် တရားလို၏ခင်ပွန်းဦးအုန်းသွင်ထံ လွှဲပြောင်းပေါင်နှံခဲ့ကြောင်း ချေပထားသည်။

ဒေါ်ငွေးပို(လိုပြ-၁)သည် တရားပြိုင်များထံမှ ငွေကျပ် ၂၈၀၀၀၀ တစ်ကြိမ်၊ ငွေကျပ် ၉ သိန်းတစ်ကြိမ် လက်ခံရရှိကြောင်း၊ အကြွေးရှိ၍ ဆိုင်ကယ်တစ်စီးပေးအပ်ခဲ့သည်မှာမှန်ကြောင်း ထွက်ဆို

ထားသည်။ တရားပြိုင်များ၏ထုချေချက်သည် အထောက်အထားမဲ့ မဟုတ်ကြောင်း တွေ့ရှိရသည်။

တရားလိုက ၁-၃-၂၀၁၈ ရက်စွဲပါ စရန်ပေးစာချုပ်ချုပ်ဆို ငွေပေးချေစဉ်က မှတ်တမ်းဓါတ်ပုံအဖြစ် **သက်သေခံ(ဂ)** ဓါတ်ပုံကို တင်ပြခဲ့သည်။ **သက်သေခံ(ဂ)**ဓါတ်ပုံတွင် ငွေကျပ်သိန်း ၁၆၀ ကို အထင်အရှားမတွေ့ရှိရပေ။ ကြွပ်ကြွပ်အိတ်နှင့်ထုတ်ထားပါသည် ဟုသာ ထွက်ဆိုထားသည်။ **သက်သေခံ(က)** စာချုပ်ပြုလုပ်စဉ်က တရားလိုက တရားပြိုင်များအား ငွေကျပ်သိန်း ၁၆၀ ကို ပေးအပ်ခဲ့ ကြောင်း တရားလို၏အဆိုပြုချက်ကို **သက်သေခံ(ဂ)** ဓါတ်ပုံပါ အထောက်အထားများက ထောက်ခံသည်ဟု မထင်ရှားပေ။

ယခုအမှုတွင် **သက်သေခံ(က)** စာချုပ်အရ အိမ်နှင့် မြေတန်ဖိုးကျပ် ၁၇၅ သိန်း သတ်မှတ်ပြီး စရန်ငွေသိန်း ၁၆၀ ပေးချေကြောင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်။ ထိုငွေမှာ ရောင်းငွေနှင့်နှိုင်းယှဉ်လျှင် များလွန်းလှသော ကြိုတင်ပေးထားငွေ ဖြစ်သည်ဟု ပေါ်ပေါက်သည်။ ထိုသို့ ရောင်းဖိုးငွေနီးပါး ကြိုတင် ပေးချေထားရန် အကြောင်းထူးရှိကြောင်း ခိုင်လုံသည့်သက်သေခံ ချက်မတွေ့ရှိရပေ။ အမှန်တကယ်ရောင်းချရန် ရည်ရွယ်ပြီးပြုလုပ်ခဲ့ သည့်စာချုပ် ဟုတ် မဟုတ် သံသယဖြစ်စေရန် ညွှန်ပြသည့်အချက်

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

ဖြစ်သည်။

**သက်သေခံ(က)**စာချုပ်တွင် ဒေါ်ငွေးပို(လိုပြ-၁)နှင့် ဦးချစ်အေး (လိုပြ-၂)တို့က သက်သေအဖြစ်လက်မှတ်ရေးထိုးထားကြသည်။

တရားပြိုင်များသည် အချင်းဖြစ်မြေနှင့်အိမ်ကို အပေါင်ထားကာ ဒေါ်ငွေးပို(လိုပြ-၁)ထံမှ စတင်ငွေချေးယူခဲ့ကြခြင်းဖြစ်ပြီး၊ အရင်းအတိုးငွေများလာသဖြင့် ပြန်မဆပ်နိုင်တော့ဘဲ ဒေါ်ငွေးပို၏ ဆက်သွယ်ပေးမှုဖြင့် တရားလို၏ခင်ပွန်းထံ ပြောင်းလဲပေါင်နှံခဲ့ကြောင်း၊ ၎င်းနောက် တရားလိုနှင့် **သက်သေခံ(က)** စာချုပ် ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း တရားပြိုင်များက ထုချေထားသည်။

ဒေါ်ငွေးပိုနှင့် တရားပြိုင်တို့အကြား ငွေကြေးဆက်ဆံမှုများ ရှိခဲ့ဖူးကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ပြင် **သက်သေခံ(က)** စာချုပ်ပြုလုပ်ရန်အတွက် ဆောင်ရွက်စဉ်ကလည်းကောင်း၊ ရပ်ကွက်ရုံးတွင် ဖြေရှင်းကြစဉ်ကလည်းကောင်း ဒေါ်ငွေးပိုသည် တရားလိုနှင့် အတူလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ကြောင်း၊ ဒေါ်ငွေးပိုက တရားပြိုင်များအား သော့အပ်ခိုင်းကြောင်း သက်သေခံချက်များလည်း တွေ့ရှိရသည်။

ဦးချစ်အေး(လိုပြ-၂)သည် **သက်သေခံ(က)**တွင် သက်သေ

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

အဖြစ် ဖော်ပြလက်မှတ်ရေးထိုးထားသော်လည်း **သက်သေခံ(က)** ပြုလုပ်စဉ်က မှတ်တမ်းတင်ထားခဲ့သည်ဆိုသည့် **သက်သေခံ(ဂ)** ဓါတ်ပုံတွင် ပါရှိခြင်းမရှိပေ။ စားပွဲ၏တစ်ဖက်ဘေးတွင်ရှိနေသဖြင့် ပုံမပါခြင်းဖြစ်သည်ဟုထွက်ဆိုထားသည်။ စာချုပ်မချုပ်မီ တရားလို၊ တရားပြိုင်တို့ မည်သို့ပြောဆိုဆောင်ရွက်ခဲ့သည်ကို မသိရှိဘဲ ၎င်း ရောက်ရှိချိန်တွင် ၁၇၅ သိန်းဖြင့် အရောင်းအဝယ်လုပ်ပြီး စရန် သိန်း ၁၆၀ ပေးကာစာချုပ်ချုပ်ဆိုခြင်းဖြစ်သည်ဟု ရှင်းပြ၍သိရ ပါသည်ဟု ထွက်ဆိုသည်။

၎င်းတို့၏ထွက်ဆိုချက်များသည် အမှုတွင် ပေါ်ပေါက်နေ သည့် ပတ်ဝန်းကျင်သက်သေခံချက်များနှင့် ညီညွတ်ခြင်းမရှိဟု တွေ့ရှိရသည်။

**သက်သေခံ(က)** စာချုပ်ပြုလုပ်စဉ်က တရားလိုက တရားပြိုင် များအား စရန်ငွေအဖြစ် ငွေကျပ်သိန်း ၁၆၀ ပေးခဲ့ကြောင်း တရားလို၏အဆိုပြုချက်အပေါ် စာချုပ်ပါသက်သေများ၏ထွက်ဆို ချက်က ခိုင်မာထင်ရှားစေသည်ဟု မပေါ်ပေါက်ပေ။

အချင်းဖြစ်မြေနှင့်အိမ်သည် ရန်ကုန်မန္တလေးလမ်းဟောင်း ဘေးတွင်ရှိပြီး တက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်ဖြစ်ကြောင်း၊ ဘေးပတ်ဝန်းကျင်တွင်အဆောင်များလည်းရှိပြီး နှစ်ထပ်တိုက်ခံ

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

အိမ်ရေမီးအစုံရှိသဖြင့် ကာလတန်ကြေးသိန်း ၅၀၀ ခန့်ဖြစ်ကြောင်း တရားပြိုင်များက ထွက်ဆိုသည်။ ချေလွှာတွင်လည်း ထုချေထားသည်။ ၎င်းတို့၏ထွက်ဆိုချက်မမှန်ကြောင်း ငြင်းဆိုသည့်အနေဖြင့် ဖော်ညွှန်းကာ တရားလိုဘက်မှ ပြန်လှန်စစ်မေးထားခြင်းမရှိလျှင် ၎င်းတို့၏ထွက်ချက်သည် ခိုင်လုံသည်ဟု မှတ်ယူရန်ဖြစ်ကြောင်း၊ **ကာဆင်အီဗရာဟင်မာလင်နှင့်မာရီယန်ဘီဘီ(ခ) ဟာဂျီဘီဘီ နှင့် အခြားသူများ အမှု** [၁] တွင် ညွှန်ပြထားသည်။

သက်သေခံချက်များက တရားလိုနှင့်တရားပြိုင်များသည် အိမ်ခြံဝယ်သူနှင့် အိမ်ခြံရောင်းသူတို့အနေအထားမျိုးမဟုတ်ကြောင်း ညွှန်ပြနေသည်။

တိုင်းဒေသကြီးတရားလွှတ်တော်က **သက်သေခံ(က)** စာချုပ်ချုပ်ဆိုဖြစ်စေသောအကြောင်းအရာများ၊ စာချုပ်မချုပ်ဆိုမီ တရားလို၊ တရားပြိုင်တို့ပြောဆိုဖြစ်သော အကြောင်းအရာများနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ပေါ်ပေါက်လာသောအကြောင်းအရာများတို့အပေါ် သုံးသပ်ပြီး **သက်သေခံ(က)** သည် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် အထောက်အထားမဲ့မဟုတ်ပေ။

တိုင်းဒေသကြီးတရားလွှတ်တော်က **သက်သေခံ(က)** သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ကြောင်း၊ စရန်ငွေနှစ်ဆပေးရန်

---

၁။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ (တရားလွှတ်တော်ချုပ်)၊ စာ - ၄ (၉)

အကြောင်းမှာလည်း ပျက်ပြယ်ပြီးဖြစ်၍ တရားလို တောင်းဆိုသော သက်သာခွင့်ကိုလည်းမရထိုက်ကြောင်း ကောက်ယူသုံးသပ်ခဲ့သော်လည်း တရားပြိုင်များက ချေလွှာနှင့် ရုံးရှေ့ဝန်ခံချက်တို့အရ ဝန်ခံထားသော ငွေကျပ်သိန်း ၁၂၀ ကို တစ်နှစ်လျှင် ၁၀၀ဝ/- ကို ၆% အတိုးဖြင့်ပြေကြေသည်အထိပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့သည်။

တရားလိုက တရားပြိုင်များအပေါ် ၁-၃-၂၀၁၈ ရက်စွဲပါ **သက်သေခံ(က)**စာချုပ်အရ စရန်ငွေ၏နှစ်ဆငွေကျပ်သိန်း ၃၂၀ ရလိုကြောင်းစွဲဆိုခဲ့ရာ တရားပြိုင်များက **သက်သေခံ(က)** သည် ငွေကျပ်သိန်း ၁၂၀ ချေးယူခဲ့ခြင်းအပေါ် ဟန်ဆောင်ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း ထုချေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ **သက်သေခံ(က)** စာချုပ်ပြုလုပ်စဉ်က စရန်ငွေအဖြစ်ပေးခဲ့သည်ဆိုသော ငွေကျပ်သိန်း ၁၆၀ ကိုလက်ခံရရှိခဲ့ကြောင်း တရားပြိုင်များက ချေလွှာတွင်လည်းကောင်း၊ ရုံးရှေ့ထွက်ဆိုချက်တွင်လည်းကောင်း ဝန်ခံခဲ့ကြောင်းမတွေ့ရှိရပေ။

တရားလိုက တရားပြိုင်များအပေါ် စွဲဆိုသောအမှုမှာ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြစ်သည်။ အမှုတွင် တရားစွဲဆိုရန်အကြောင်းကိုဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများမှာ-

(၁) အချင်းဖြစ်မြေသည် တရားပြိုင်ပိုင်ဖြစ်ခြင်း၊

(၂) တရားပြိုင်က တရားလိုအား ထိုပစ္စည်းကို အဖိုးစားနားဖြင့် ရောင်းချရန် ပဋိညာဉ်ပြုခြင်း၊

(၃) တရားလိုသည် အဖိုးစားနားကို အပြည့်အဝပေးချေပြီးခြင်း သို့မဟုတ် အချို့အဝက်ပေးချေ၍ ကျန်ငွေကို ပေးချေရန်အသင့်ရှိခြင်း၊

(၄) တရားပြိုင်သည် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်လျက်ရှိခြင်းတို့ဖြစ်သည်။

ချေးငွေရလိုကြောင်းစွဲဆိုမှုတွင် တရားစွဲဆိုရန်ဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများမှာ-

(၁) တရားလိုသည် တရားပြိုင်အား ငွေထုတ်ချေးခြင်း၊

(၂) တရားပြိုင်သည် ချေးငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ပြန်ဆပ်ရန် ပျက်ကွက်ခြင်းတို့ဖြစ်သည်။

အဆိုပါအမှုတို့တွင်ပေါ်ပေါက်သော တရားစွဲဆိုရန်အကြောင်းများသည် ကွဲပြားခြားနားသည်။

ပဋိညာဉ်ဖောက်ဖျက်ကြောင်း အဆိုပြုပြီး စရန်ငွေနှစ်ဆ

ပြန်ပေးရန် တောင်းဆိုသည့်သက်သာခွင့်နှင့် ချေးငွေရလိုကြောင်း တောင်းဆိုသည့်သက်သာခွင့်တို့သည် သီးခြားအကြောင်းအရာများ ဖြစ်ကြသည်။ အဆိုလွှာတွင် လုံးဝဖော်ပြထားခြင်းမရှိသော ခြားနား သည့်အကြောင်းခြင်းရာများအရဖြစ်စေ၊ တရားလိုတောင်းဆိုသော သက်သာခွင့်နှင့် ဆက်နွယ်သောသက်သာခွင့်မဟုတ်ဘဲ ခြားနား သည့်သက်သာခွင့်ကိုဖြစ်စေ ခွင့်မပြုနိုင်ပေ။

ထို့ပြင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၂၊ နည်းဥပဒေ ၁ ပါ **“ that he admits the truth of the whole or any part of the case of any other party ” ဆိုသည့်စကားရပ်ကို ထောက်ချင့် လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၂ ပါ “ ဝန်ခံချက်များ”** ဆိုသည် မှာ စွဲဆိုသောအမှု၏ အမှုဖြစ်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍သာ ဝန်ခံခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

ထိုသို့ဝန်ခံချက်အရ တရားရုံးသည် ဒီကရီချမှတ်နိုင်သော် လည်း တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၂၊ နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေဆောင်ရွက်ရန်မလို။ မိမိ၏ သဘောအတိုင်းဆောင်ရွက်ရန်ဖြစ်သည်။ တရားပြိုင်၏ ဝန်ခံချက် များအရစွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် ချေပရန်လမ်းမမြင် တော့သည့်အခြေအနေမျိုးတွင် ဒီကရီချမှတ်နိုင်သည်။

ထို့ကြောင့် တရားလိုအဆိုပြုထားသည့် တရားစွဲဆိုရန်အကြောင်းတစ်ရပ်ရပ်အပေါ်ဖြစ်စေ၊ တောင်းဆိုသည့်သက်သာခွင့်အပေါ်ဖြစ်စေ၊ တရားပြိုင်များကဝန်ခံထားကြောင်း သက်သေခံချက်မရှိဘဲ တိုင်းဒေသကြီးတရားလွှတ်တော်က တရားမကျင့်ထုံးဥပဒေ အမိန့် ၁၂၊ နည်းဥပဒေ ၆(၁) ပါ ပြဋ္ဌာန်းချက်ကို ရည်ညွှန်းပြီး ငွေဒီကရီတစ်ရပ်ချမှတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

တိုင်းဒေသကြီးတရားလွှတ်တော်၏ အယူခံမှုများတွင် **သက်သေခံ(က)**စာချုပ်သည် အမှန်တကယ်အရောင်းအဝယ်ပြုလုပ်ရန်ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဟုတ် မဟုတ်၊ တရားလို တောင်းဆိုသည့်စရန်ငွေ၏နှစ်ဆကို ရထိုက်ခွင့်ရှိ မရှိတို့နှင့်စပ်လျဉ်း၍သာ နှစ်ဖက်အမှုသည်များက အဓိကအငြင်းပွားတင်ပြခဲ့ကြကြောင်း တွေ့ရှိရသည်။ တရားပြိုင်များက တရားလိုထံမှချေးယူခဲ့ကြောင်း ဝန်ခံခဲ့သည့် ငွေကျပ်သိန်း ၁၂၀ ကို ၉ % အတိုးဖြင့်ပေးဆပ်ရန် ဒီကရီချမှတ်သည့်အကြောင်းပြချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးတရားလွှတ်တော်က နှစ်ဖက်အမှုသည်တို့အားကြားနာခွင့်ပေးခဲ့ကြောင်း အထောက်အထားလည်းမရှိပေ။

အမှုမှာ ချေးငွေကို အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးငွေအဖြစ်ဖန်တီးထားသည့် ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆို

သောအမှုဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဟန်ဆောင်စာချုပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသည့်စာချုပ်မျိုး မဟုတ်သဖြင့် ဥပဒေအရဆောင်ရွက်ပေးခြင်းမပြုနိုင်သော စာချုပ်မျိုးဖြစ်သည်။ တရားလို၏အမှုတွင် ခိုင်လုံသောအခြေခံမရှိသဖြင့် ပလပ်ရန်သာဖြစ်သည်။

**သက်သေခံ(က)** စာချုပ်သည် အမှန်တကယ်ရောင်းချရန် ချုပ်ဆိုခဲ့သည့်စာချုပ်ဖြစ်ပြီး ထိုစာချုပ်ဖြင့် တရားပြိုင်က တရားလိုထံမှ စရန်ငွေကျပ်သိန်း ၁၆၀ ရယူခဲ့ခြင်းမှာ မှန်ကန်ကြောင်း ခရိုင်တရားရုံးက ကောက်ယူဆုံးဖြတ်ချက်အပေါ် **သက်သေခံ(က)** စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း၊ တရားလိုတောင်းဆိုသည့် သက်သာခွင့်မရထိုက်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ပြင်ဆင်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသော်လည်း ချေးငွေသိန်း ၁၂၀ အပေါ် ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီဖြစ်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် တရားမအယူခံမှုအမှတ် ၈၅/ ၂၀၂၀ ကို ခွင့်ပြု၍ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်တရားရုံး တို့၏စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး ဒေါ်ညွန့်ကြည် စွဲဆို သောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

၂၀၂၂ ခုနှစ်

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်ညွန့်ကြည်
နှင့်
ဒေါ်မြမြစန်း ပါ ၂

ဒေါ်မြမြစန်း ပါ ၂
နှင့်
ဒေါ်ညွန့်ကြည်

တရားမအယူခံမှုအမှတ် ၇၄/၂၀၂၁ နှင့် ၇၅/၂၀၂၁ တို့ကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀/-စီ သတ်မှတ်သည်။

+ ၂၀၂၂ ခုနှစ်

ဖေဖော်ဝါရီ လ ၇ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း နှင့် ဒေါ်ခင်မေရီ တို့ရှေ့တွင်**

**ဒေါ်သက်ထားကြိုင်**

**နှင့်**

**ဒေါ်ခိုင်စန္ဒာဝင်း** *

**( ကွယ်လွန်သူ ဦးမြဝင်း၏ တရားဝင်ကိုယ်စားလှယ် )**

**ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေ နှင့် ညီညွတ်မှု ရှိ မရှိ**

**ဆုံးဖြတ်ချက်။ ။** တရားလိုဦးမြဝင်းသည် မူလတရားမကြီးမှု စွဲဆိုသည့် ၂၉ - ၇ - ၂၀၁၅ ရက်နေ့တွင် အရှင်ပညိန္ဒအမည်ဖြင့် ရဟန်းဝတ်နေစဉ် စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။

---

* ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၇

\+ ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉၀၉ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို အယူခံမှု

ခေတ္တရဟန်းပြုရန်ရည်ရွယ်သည်ဖြစ်စေ၊ ထာဝစဉ်ရဟန်းဝတ်သည်ဖြစ်စေ ရဟန်းဘဝဖြင့် ယခုတရားမကြီးမှုကိုစွဲဆိုခဲ့သည်မှာ ထင်ရှားပြီးဖြစ်သည်။

ရဟန်းတော်အရှင်ပညိန္ဒက လူပုဂ္ဂိုလ် ဒေါ်သက်ထားကြိုင်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ ရဟန်းတော်က လူပုဂ္ဂိုလ်အား အမွေပစ္စည်းရရှိရေးနှင့်စပ်လျဉ်း၍ တရားဆိုင်ပြိုင်မှုပြုမည်ဆိုပါက ဝိနည်းနှင့်ညီညွတ်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှဖြစ်ရာ ရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း အစရှိသည့် ပစ္စည်းလေးပါးသာ ပိုင်ဆိုင်ခွင့်ရှိပေသည်။

ထာဝစဉ်ရဟန်းဝတ်ရန် မရည်ရွယ်ဘဲ ဒုလ္လဘရဟန်းဝတ်ခြင်းသာဖြစ်၍ ရဟန်းဘဝဖြင့်ပင် အမွေပုံစီမံခန့်ခွဲပေးစေရန် စွဲဆိုခြင်းဖြစ်သည်ဟုအကြောင်းပြချက်သည် သင့်မြတ်မှုမရှိသကဲ့သို့ လက်ခံထိုက်သည်လည်းမဟုတ်ပေ။ ခေတ္တရဟန်းဝတ်ခြင်းဖြစ်သည်ဟုဆိုလျှင်ပင် ရဟန်းဘဝဖြင့်ရှိနေစဉ်အတွင်း ဝိနည်းတော်နှင့်အညီသာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ အကယ်၍ အမှုစွဲဆိုမည်ဆိုပါက သာသနာ့ဘောင်မှ လူ့ဘောင်သို့ပြန်လည်ဝင်ရောက်ပြီးမှသာ စွဲဆိုသင့်ပေသည်။

ရပာန်းတော်နှင့် လူပုဂ္ဂိုလ်တို့ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ အမှုဆိုင်ပြိုင်မှုပြုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ကိုက်ညီအပ်စပ်သည်ဟု မဆိုသာချေ။

အယူခံတရားလိုအတွက် - ဦးလှစိန်၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးအောင်မွန်၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄၁ တွင် ဦးမြဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်စန္ဒာဝင်း)က ဒေါ်သက်ထားကြိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်စော)အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ပဏာမငြင်းချက်များကို ဖြေဆိုချက်အရ အမှုအားပလပ်သဖြင့် ဦးမြဝင်းက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၄၈ ဖြင့် အယူခံဝင်ရာ အယူခံမှုအား ခွင့်ပြုပြီး ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ပဏာမငြင်းချက်များကို ပြင်ဆင်ဖြေဆိုကာ ခရိုင်တရားရုံးသည် တရားမကြီးမှုအား မူလအမှုနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍

ကျန်ငြင်းချက်များကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ဆုံးဖြတ်ရန် ညွှန်ကြားသည့်အမိန့်ချမှတ်သည်။ အဆိုပါအမိန့်အပေါ် မူလရုံးတရားပြိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၉၀၉ ဖြင့် အယူခံရာ ပလပ်ခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၄၁ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" (၁) တရားလိုသည် ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(၂) ကိတ္တိမမွေးစားသားသည် မွေးစားမိခင် သေဆုံးပြီးနောက် ၆ နှစ်ခန့်အကြာတွင် အမွေတောင်းခံခြင်းမရှိဘဲ ရဟန်းဝတ်၍ သာသနာ့ဘောင်သို့ ၃ နှစ်ကြာ ကူးပြောင်းနေထိုင်ခဲ့ခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ကိတ္တိမမွေးစားသားအဖြစ်မှ ပျက်ပြယ်ခြင်း ရှိ မရှိ၊

(၃) မူလရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ မရှိ။”

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလိုသည် တရားမကြီးမှုစတင် စွဲဆိုစဉ်ကတည်းက ၎င်းရဟန်းဝတ်ဖြင့်ရှိကြောင်းကို ဖုံးကွယ်လျက် မရိုးမသားစွဲဆိုခဲ့ကြောင်း၊ **အေ အာ အယ် ဝီ ကုန်တိုက် နှင့် ဦးဖိုးကြိုင် ပါ ၂ အမှု**[၁] တွင် မြန်မာဗုဒ္ဓဘာသာတစ်ယောက်ရဟန်းပြုလျှင် ခေတ္တရဟန်းပြုကြောင်း သက်သေခံချက်သို့မဟုတ် ရည်ရွယ်ချက်မရှိပါက ရဟန်းပြုသည်နှင့်တစ်ပြိုင်နက်လူ့ဘဝက ထိုသူပိုင်ခဲ့သည့်ပစ္စည်းများတွင် အကျိုးခံစားခွင့်ဆုံးရှုံးပြီး ၎င်း၏ပိုင်ဆိုင်ခွင့်များမှာလည်း အလိုအလျောက်စွန့်ပယ်ပြီးဖြစ်ကြောင်း၊ အကြောင်းမှာ ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှဖြစ်ရာရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အစရှိသည့် ပစ္စည်းလေးပါးသာ ပိုင်ဆိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်ဟု ထုံးပြုကြောင်း၊ လူတစ်ဦးတစ်ယောက်သည်

၁။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ - ၃၁၁၊ စုံညီခုံ

၂၀၂၂ ခုနှစ်

ဒေါ်သက်ထားကြိုင်
နှင့်
ဒေါ်ခိုင်စန္ဒာဝင်း
(ကွယ်လွန်သူ ဦးမြဝင်း၏
တရားဝင်ကိုယ်စားလှယ်)

ရဟန်းဘဝနှင့်ထာဝစဉ်နေထိုင်ရန်ရည်စူးပြီး ရဟန်းပြုလျှင် ၎င်း၏ ပစ္စည်းခန်းအခွင့်အရေးများ ဆုံးရှုံးသွားသည်ကို စီရင်ထုံးများ၌ တညီတညွတ်တည်းပြဆိုကြောင်း၊ **မပွဲ နှင့် မောင်မြတ်သာ အမှု** [၂]၊ **မောင်နီ နှင့် မောင်သက်ရှည် အမှု** [၃]၊ **မရွှေသီး နှင့် မောင်ကံ အမှု**[၄] တို့ကို ကိုးကားကြောင်း၊ တရားလို၏အဆိုလွှာတွင် ရဟန်းဝတ်ခဲ့ခြင်းသည် ဒုလ္လဘဝတ်ခြင်းသာဖြစ်သည်ဟု ဖော်ပြထားခြင်းမရှိကြောင်း၊ ထို့အပြင် ၃ နှစ်ကျော် ရဟန်းဝတ်ခဲ့ပြီးဖြစ်ရာ ရဟန်းဘဝဖြင့်သာ ရည်ရွယ်ရင်းစိတ်ရှိသည်မှာ ပေါ်လွင်ကြောင်း၊ ရဟန်းဝတ်ဖြင့် အမွေမှုစွဲဆိုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေစီရင်ထုံးလမ်းညွှန်ချက်များနှင့်လည်းကောင်း၊ ဘုရားဟောဝိနည်းနှင့်လည်းကောင်း ညီညွတ်မှုမရှိကြောင်း၊ တရားလိုသည် မိခင်ကြီးကွယ်လွန်ပြီး ၆ နှစ်အကြာမှ ရဟန်းဘဝကူးပြောင်းခဲ့ခြင်းဖြစ်ရာ လူ့ဘဝရှိနေစဉ်အတွင်း ၎င်းအား ဒေါ်ခင်အေးနွဲ့က မွေးစားခဲ့မည်ဆိုလျှင် ထိုကာလတွင် အမွေတောင်းခံခွင့်ရှိပါလျက် မတောင်းခံဘဲ ရဟန်းဘဝကူးပြောင်းခဲ့ကြောင်း၊ ရဟန်းများအနေဖြင့် ရဟန်းကိစ္စမပြီးစီးသမျှကာလပတ်လုံး လူ့ဘဝ၏အနေအထားကို ပြန်လည်မရောက်ရှိစေရေးအတွက် ဝိနည်းက ရဟန်းသံဃာတော်များ လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ရဟန်းဘဝဖြင့် တစ်သက်လုံးဝတ်မည်၊

---

၂။ ၂ ယူဘီအာ (၁၈၉၇ - ၀၁) ၅၄
၃။ ၄ ယူဘီအာ (၁၉၂၁ - ၂၂) ၁၅၉
၄။ ၁ ရန်ကုန်စီရင်ထုံး၊ စာ - ၄၃၀

၂၀၂၂ ခုနှစ်

ဒေါ်သက်ထားကြိုင်
နှင့်
ဒေါ်ခိုင်စန္ဒာဝင်း
(ကွယ်လွန်သူ ဦးမြဝင်း၏
တရားဝင်ကိုယ်စားလှယ်)

ခဏဝတ်မည်ဟူသောအချက်မှာ ထိုရဟန်း၏ ရည်ရွယ်ရင်းစိတ်သာဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အဆိုလွှာတွင်မပါသည့်အချက်ကိုထုတ်ဖော်၍ ဒုလ္လဘရဟန်းသာဖြစ်သည်ဟုသုံးသပ်ခြင်းဖြစ်ကြောင်း၊ **မောင်နီ နှင့် မောင်သက်ရှည် အမှု**[၄] တွင် ဖခင်နှင့် မိထွေးတို့ကွယ်လွန်ပြီး ၄ လ ခန့်အကြာ၌ တရားလိုသည် ရဟန်းဝတ်မှလူထွက်လိုက်ရာ ၎င်း၏ဆုံးရှုံးပြီးသည့် အမွေဆက်ခံခွင့်ကိုပြန်လည်ရခွင့်မရှိဟုထုံးပြုထားကြောင်း၊ စီရင်ထုံးများအရလည်းကောင်း၊ ဝိနည်းအရလည်းကောင်း ပြဿနာ ၃ ရပ်လုံးကို အယူခံတရားလိုသို့ အသာပေးဖြေဆိုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မူလခရိုင်တရားရုံးကကိုးကားသော ဦးကျော်သန်း / ဒေါ်သိန်းကြည် / ဦးကြည် **နှင့်** ဦးကြည် / ဦးကြည် / ဒေါ်သန်းမြင့် **အမှု**[၅]မှာ ဦးကြည်သည် ရဟန်းဝတ်ဖြင့်ရှိနေစဉ် မိမိနေထိုင်ရန်အတွက် အိမ်ငှားများကိုနှင်လိုမှုစွဲဆိုရာ လူမထွက်မီ ဥပစာကို နေထိုင်ရန်အတွက် ရယူရန်အကြောင်းမရှိသေးဟု သုံးသပ်ကာ ဦးကြည်အား အရှုံးပေးဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ယခုအမှု နှင့် ဖြစ်ရပ်ခြင်းမတူကြောင်း ၊ အလားတူပင်

၅။ ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁

၂၀၂၂ ခုနှစ်

ဒေါ်သက်ထားကြိုင်
နှင့်
ဒေါ်ခိုင်စန္ဒာဝင်း
(ကွယ်လွန်သူ ဦးမြဝင်း၏
တရားဝင်ကိုယ်စားလှယ်)

**မရွှေသီး နှင့် မောင်ကံ အမှု**[၄] သည်လည်း ထာဝရ ရဟန်းဝတ်ရန် ရည်စူး၍ရဟန်းဝတ်ပြီးမှ လူထွက်သည့်အမှုသာဖြစ်ကြောင်း၊ **မောင်နီ နှင့် မောင်သက်ရှည် အမှု**[၃] မှာ ရဟန်းဝတ်နေစဉ် အမွေရှင်သေဆုံးခြင်းဖြစ်ပြီး ယခုအမှုတွင် အမွေရှင်မိခင်ကွယ်လွန်ပြီးမှ ရဟန်းဝတ်ခြင်းဖြစ်၍ ဖြစ်ရပ်ခြင်းမတူကြောင်း၊ တရားလိုသည် အမွေခံစားခွင့်ရှိကြောင်း ၊ **မောင်ညွန့်တင် (ခ) မောင်အောင်သိန်း နှင့် မပု အမှု** [၆]၊ **ဦးကြင် နှင့် ဦးချစ်လှ ပါ ၂ အမှု** [၇]၊ **မပွဲ နှင့် မောင်မြတ်သာ အမှု**[၂]၊ **အေအာ အယ် ပီ ကုန်တိုက် နှင့် ဦးဖိုးကြိုင် ပါ ၂ အမှု**[၁] တို့သည် ရဟန်းဘဝနှင့်ထာဝစဉ်နေထိုင်ရန်ရည်စူးပြီး ရဟန်းပြုလျှင် ၎င်း၏ပစ္စည်းခန်းအခွင့်အရေးများ ဆုံးရှုံးသွားကြောင်း ထုံးပြုထားမှုများသာဖြစ်၍ ယခုအမှုကဲ့သို့ ဒုလ္လဘရဟန်းနှင့် မသက်ဆိုင်သဖြင့် တရားလိုသည် အမွေဆက်ခံခွင့်မဆုံးရှုံးသောကြောင့် တရားစွဲဆိုနိုင်သည်ဟု ကောက်ယူရန်ရှိကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ကိတ္တိမမွေးစားသားအဖြစ်မှပျက်ပြယ်ခြင်းရှိ မရှိ ဟူသောပြဿနာနှင့်စပ်လျဉ်း၍ သက်သေခံချက်များရယူပြီးမှသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ မူလရုံးတရားလိုသည် ဘုန်းကြီး/ ရဟန်းဖြစ်နေစဉ် ကိုယ်စားလှယ်စာပေး၍ တရားစွဲဆိုခြင်းဖြစ်၍ **ဦးပညာ နှင့် မောင်လော အမှု** [၈] အရ ပဋိညာဉ်ပြုနိုင်သည့်အရည်အချင်းပြည့်စုံ၍ တရားစွဲဆိုခွင့်ရှိသူဖြစ်ကြောင်း၊ ရာသက်ပန်

---

၆။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၆ (လွှတ်တော်)

၇။ ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၁

၈။ ၇၊ ရန်ကုန်စီရင်ထုံး၊ စာ - ၆၇၇ (စုံညီ)

ရဟာန်းဝတ်ရန် မရည်ရွယ်ဘဲ ခေတ္တခဏ ဒုလ္လဘရဟာန်းဖြစ်ပါလျှင် အမွေဆက်ခံအကျိုးခံစားခွင့်ရှိသည်ဟု ဆုံးဖြတ်သင့်ကြောင်း၊ မွေးစားမိခင် ကွယ်လွန်ပြီးအမွေဆက်ခံခွင့်ရရှိပြီး ၆နှစ်ခန့် ကြာမှ ရဟာန်းဝတ်ပြီး လူဝတ်ကြောင်ဘဝသို့ ပြန်လည်ရောက်ရှိပြီးအခြေအနေတွင် ရဟာန်းဝတ်၍အမွေဆက်ခံခွင့်ဆုံးရှုံးသည်ဟုကောက်ယူ၍ အမှုကို ပြည့်စုံစွာမစစ်ဆေးဘဲပလပ်ခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်အညီဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် ဦးဖေကြိုင် နှင့် ဒေါ်ခင်အေးနွဲ့မှာ မြန်မာဗုဒ္ဓဘာသာဝင်ဇနီးခင်ပွန်းဖြစ်၍ တရားပြိုင် ဒေါ်သက်ထားကြိုင်မှာ ၎င်းတို့၏သမီးဖြစ်ကြောင်း၊ ဦးဖေကြိုင်မှာ ၁၉၆၃ ခုနှစ်တွင် ကွယ်လွန်၍ ဒေါ်ခင်အေးနွဲ့မှ တရားလို ဦးမြဝင်းကို ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်စာချုပ်ဖြင့် တရားဝင်မွေးစားကြောင်း၊ ဒေါ်ခင်အေးနွဲ့မှာ ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ အမွေရှင် ဒေါ်ခင်အေးနွဲ့ ကွယ်လွန်ချိန်တွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် (၄၀၅/က) အိမ်နှင့်မြေသည် အမွေပစ္စည်းအဖြစ် ကျန်ရစ်ကြောင်း၊ အမွေခွဲဝေပေးရန်တရားလိုမှ တရားပြိုင်ထံ တောင်းခံစာ

၂၀၂၂ ခုနှစ်

ဒေါ်သက်ထားကြိုင်
နှင့်
ဒေါ်ခိုင်စန္ဒာဝင်း
(ကွယ်လွန်သူ ဦးမြဝင်း၏
တရားဝင်ကိုယ်စားလှယ်)

ပို့သော်လည်း မသိကျိုးကျွန်ပြုနေ၍ ထက်ဝက်စီရထိုက်ကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် ဦးဖေကြိုင်နှင့် ဒေါ်ခင်အေးနွဲ့တို့မှမွေးဖွားသော တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ ၁၉၇၉ ခုနှစ်ခန့်တွင် တရားပြိုင် ဦးမြဝင်း၍ စားဝတ်နေရေးခက်ခဲသည့်အတွက် မိခင်မှ သိမ်ကြီးဈေး(င)ရုံရှိ မုန့်ဆိုင်တွင် အလုပ်သမားအဖြစ် ခေါ်ယူကျွေးမွေးစောင့်ရှောက်ခဲ့ကြောင်း၊ တရားပြိုင်သည် စင်္ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ရာ တရားလိုမှာ မိခင်ကြီးနှင့်အတူနေထိုင်ကြောင်း၊ တရားပြိုင်မှာ မကြာခဏလာ၍ မိခင်ကြီးအား ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ မိခင်ကြီးကွယ်လွန်ပြီးနောက် အိမ်စောင့်အဖြစ်နေထိုင်သူ တရားလိုမှာ မိခင်ကြီးခေါ်ယူစောင့်ရှောက်ထားသူ ဒေါ်တင်တင်၏သမီး မခိုင်စန္ဒာဝင်းနှင့်အိမ်ထောင်ပြု၍ နေအိမ်မှထွက်သွားကြောင်း၊ တရားပြိုင်မှာ စင်္ကာပူနိုင်ငံတွင် အလုပ်လုပ်၍ရသောငွေကြေးဖြင့် မိခင်ကြီးအား ပြုစုစောင့်ရှောက်သည့်အပြင် ၂၀၀၀ ပြည့်နှစ်တွင် အိမ်ဟောင်းကိုဖျက်၍ (၂) ထပ်တိုက်ခံအိမ်ဆောက်ပြီး မိခင်ကြီးအား နေထိုင်စေကြောင်း၊ တရားလိုမှာ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်၍ မွန်ပြည်နယ်၊ သထုံမြို့၊ သရက်တောကျေးရွာ၊ ရွာသစ်ကြီးကျောင်းတွင် အရှင်ပညိန္ဒဘွဲ့ဖြင့် ရဟန်းဝတ်နေသည့်အတွက် တရားပြိုင်မှ ပစ္စည်းလေးပါး

လှူဒါန်းခဲ့ကြောင်း၊ မိခင်ကြီးမှ ကိတ္တိမမွေးစားသားအဖြစ် တရားဝင်မွေးစားခြင်းမရှိကြောင်း၊ မြေဂရန်တွင် မိခင်ကြီးအမည်မှ တရားပြိုင်အမည် တရားဆင်ပြောင်းလဲလျှောက်ထားစဉ်က တရားလိုအား ကိတ္တိမသားအဖြစ် တရားဆင်မွေးစားခြင်းမရှိ၍လည်းကောင်း၊ သာသနာ့ဘောင်သို့ကူးပြောင်းသွား၍လည်းကောင်း ကန့်ကွက်မှုမပြုခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားလိုမှ ရဟန်းဘဝဖြင့် သာသနာ့ဘောင်ဝင်ရောက်ခဲ့မှုကြောင့် ကိတ္တိမမွေးစားခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်လျက်ရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ တရားလိုသည် ရဟန်းဘဝဖြင့် သီတင်းသုံးနေချိန်ဖြစ်သည့်အတွက် တရားရုံးတွင်တရားစွဲဆိုခွင့်မရှိဘဲ စွဲဆိုခြင်းမှာ မှားယွင်းကြောင်း၊ အဆိုလွှာအား ပလပ်သင့်ကြောင်း ချေပသည်။

လူတစ်ဦးတစ်ယောက်သည် ရဟန်းဝတ်ရာ၌ ရဟန်းဘဝနှင့်ထာဝစဉ်နေထိုင်ရန်ရည်စူးပြီးရဟန်းဝတ်ပါက ၎င်း၏ပစ္စည်းခန်းအခွင့်အရေးများဆုံးရှုံးသွားသည်ဆိုခြင်းမှာ အငြင်းမပွားဘဲ လက်ခံထားပြီးသော အချက်ဖြစ်သည်။ နှစ်ဖက်ရှေ့နေများကလည်း စီရင်ထုံး များဖြင့်ကိုးကားတင်ပြကြပြီး ဖြစ်သည်။

ယခုအမှုတွင် အဓိကသုံးသပ်ဆုံးဖြတ်ရမည့်ပြဿနာမှာ ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည်

မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်မှု ရှိ မရှိဆိုသော အချက်ဖြစ်သည်။

တရားလိုက အဆိုလွှာတွင် ရဟန်းဝတ်ဖြင့် တရားစွဲဆိုကြောင်း ဖော်ပြထားခြင်းမရှိဘဲ တရားပြိုင်က တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်းဥပဒေ ၁ အရ မေးမြန်းပြီး ထိုမေးမြန်းမှုများအပေါ် ကျမ်းကျိန်လွှာဖြင့် ဖြေဆိုချက်များအရ တရားလိုသည် ဤအမှုစွဲဆိုသည့်ကာလတွင် ရဟန်းဘဝဖြင့် သထုံမြို့၊ သရက်တောကျေးရွာ၊ ရွာသစ်ကျောင်းတိုက်တွင် အရှင်ပညိန္ဒဘွဲ့အမည်ဖြင့် သီတင်းသုံးနေထိုင်ဆဲဖြစ်ကြောင်းနှင့် ၂၉ - ၁ - ၂၀၁၆ ရက်နေ့၌ လူထွက်ပြီး မိသားစုနှင့်အတူ နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်သည်။

တရားမမှုခင်းများစွဲဆိုရာတွင် တရားလိုကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ ဆောင်ရွက်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ တွင် ပြဋ္ဌာန်းထားသည်။ မခိုင်စန္ဒာဝင်းက တရားလိုလွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအရ တရားလို၏ကိုယ်စား အမှုတွင်ဆောင်ရွက်သူသာဖြစ်သည်။ အမှုသည်တရားလိုမှာ ဦးမြဝင်းပင်ဖြစ်သည်။

တရားလို ဦးမြဝင်းသည် မူလတရားမကြီးမှုစွဲဆိုသည့် ၂၉ - ၇ - ၂၀၁၅ ရက်နေ့တွင် အရှင်ပညိန္ဒအမည်ဖြင့် ရဟန်းဝတ်နေစဉ်

စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။

ခေတ္တရဟန်းပြုရန် ရည်ရွယ်သည်ဖြစ်စေ၊ ထာဝစဉ် ရဟန်းဝတ်သည်ဖြစ်စေ ရဟန်းဘဝဖြင့် ယခုတရားမကြီးမှုကို စွဲဆိုခဲ့သည်မှာ ထင်ရှားပြီးဖြစ်သည်။

ရဟန်းတော်အရှင်ပညိန္ဒက လူပုဂ္ဂိုလ် ဒေါ်သက်ထားကြိုင် အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ ရဟန်းတော်က လူပုဂ္ဂိုလ်အား အမွေပစ္စည်းရရှိရေးနှင့်စပ်လျဉ်း၍ တရားဆိုင်ပြိုင်မှုပြုမည်ဆိုပါက ဝိနည်းနှင့်ညီညွတ်မည်မဟုတ်ပေ။

ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှဖြစ်ရာ ရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း အစရှိသည့် ပစ္စည်းလေးပါးသာ ပိုင်ဆိုင်ခွင့်ရှိပေသည်။

ထာဝစဉ်ရဟန်းဝတ်ရန် မရည်ရွယ်ဘဲ ဒုလ္လဘရဟန်းဝတ်ခြင်းသာဖြစ်၍ ရဟန်းဘဝဖြင့်ပင် အမွေပုံစီမံခန့်ခွဲပေးစေရန် စွဲဆိုခြင်းဖြစ်သည်ဟုအကြောင်းပြချက်သည် သင့်မြတ်မှုမရှိသကဲ့သို့ လက်ခံထိုက်သည်လည်း မဟုတ်ပေ။ ခေတ္တရဟန်းဝတ်ခြင်းဖြစ်သည်ဟု ဆိုလျှင်ပင် ရဟန်းဘဝဖြင့်ရှိနေစဉ်အတွင်း ဝိနည်းတော်နှင့်အညီသာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ အကယ်၍ အမှုစွဲဆိုမည်ဆိုပါက

သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြန်လည်ဝင်ရောက်ပြီးမှသာ စွဲဆို သင့်ပေသည်။

ရဟန်းတော်နှင့် လူပုဂ္ဂိုလ်တို့ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ အမှု ဆိုင်ပြိုင်မှုပြုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ကိုက်ညီအပ်စပ် သည်ဟု မဆိုသာချေ။

အမှုတွင် တရားလိုက ၎င်းအား တရားပြိုင်၏မိခင် ဒေါ်ခင်အေးနွဲ့ က ကိတ္တိမသားအဖြစ်မွေးစားထားသည်ဟု အဆိုပြုဖော်ပြပြီး တရားပြိုင်က ချေလွှာတွင် ထိုအချက်ကို ငြင်းဆိုထားကြောင်းလည်း တွေ့ရှိရသည်။

မူလရုံးဖြစ်သော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ပဏာမ ငြင်းချက်ဖြစ်သော ငြင်းချက်အမှတ် (၁) အား ဤအမှုအား စတင်စွဲဆို သည့် ၂၉ - ၇ - ၂၀၁၅ ရက်နေ့တွင် တရားလိုသည် ရဟန်းဘဝဖြင့် သီတင်းသုံးနေချိန်ဖြစ်၍ တရားလိုအနေဖြင့် သက်ဆိုင်ရာတရားရုံး တွင် တရားစွဲဆိုရန်အခွင့်အရေးမရှိသည်မှာ မှန်ကြောင်း ဖြေဆို ဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိပေ။

အထက်ပါအကြောင်းများအရ ကြားနာခဲ့သည့်ပြဿနာနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း ဖြေဆိုလိုက်သည်-

“ (၁) တရားလိုသည် ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်မှု မရှိကြောင်း၊

(၂) အမှတ် (၁) ပြဿနာဖြေဆိုချက်အရ အမှတ် (၂) ပြဿနာကို ဖြေဆိုရန် မလိုအပ်တော့ပေ။

(၃) မူလ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှု မရှိကြောင်း။”

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+ ၂၀၂၂ ခုနှစ်

ဒီဇင်ဘာ လ ၁၂ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်နှင့် ဦးသိန်းကိုကို**

**တို့ရှေ့တွင်**

**ဦးထက်ခိုင်ကြည်လင်**

**နှင့်**

**ဦးဇော်မိုးလေး**

**(ကွယ်လွန်သူ ဒေါ်ကေသီခိုင်၏တရားဝင်ကိုယ်စားလှယ်)***

**တရားပြိုင်၏မှားယွင်းမှု၊ ပေါ့လျော့မှုကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှု - ပေါ့လျော့မှု (negligence) များတွင် ထည့်သွင်းစဉ်းစားရမည့် မူသဘောတရားများ**

**ဆုံးဖြတ်ချက်။** ။ မူလရုံးနှင့် အယူခံရုံးအဆင့်ဆင့်က အချင်းဖြစ် ယာဉ်တိုက်မှုသည် တရားပြိုင်က ယာဉ်ကိုဆောင်မခြင်းအရမ်းမောင်းနှင်မှု ကြောင့်ဖြစ်ကြောင်း၊ တရားပြိုင်၏မှားယွင်းမှုသည် အဓိကဖြစ်ကြောင်း

---

* ၂၀၂၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၅

+ ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၁၂ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မတ် လ ၂၄ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် တရားလို၏ယာဉ်မောင်းသည်လည်း မိမိယာဉ်ကြောအတိုင်းမောင်းနှင်လာစဉ် ထိုက်သင့်သောသတိမရှိဘဲ အရှိန်ဖြင့်မောင်းနှင်လာ၍ တရားပြိုင်၏မှားယွင်းဝင်ရောက်လာသောယာဉ်နှင့် အရှိန်ပြင်းစွာတိုက်မိခြင်းဖြစ်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ အဓိကအားဖြင့် "တရားပြိုင်၏မှားယွင်းမှု၊ ပေါ့လျော့မှုကြောင့်ဖြစ်ပွားရသော ယာဉ်မတော်တဆမှု" တွင် တရားလိုအား ၎င်းတောင်းဆိုသောနစ်နာမှု လျော်ကြေး၏ ၃ ပုံ ၂ ပုံ ပေးစေရန် ချမှတ်သောအမိန့်သည် "ပေ့ါလျော့မှု (negligence) များတွင် ထည့်သွင်းစဉ်းစားရမည့် မူသဘောတရားများ" နှင့် မကိုက်ညီဟု မဆိုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် နှစ်ဖက်လုံးအပြစ်မကင်းသည့်အနေအထားဖြစ်သည်ဟု ကောက်ယူသုံးသပ်နိုင်သော်လည်း တရားပြိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အဦးအစချိုးဖောက်ပြီး ယာဉ်ကို မဆင်မခြင်အရမ်းပေါ့ဆစွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရကြောင်းနှင့် တရားပြိုင်၏မှားယွင်းမှုသည် အဓိကဖြစ်ကြောင်းမှာ အမှုတွင် ပေါ်လွင်ထင်ရှားနေပေသည်။ တရားလို၏ယာဉ်မောင်း ပေါ့လျော့မှုပါဝင်ခြင်းရှိသော်လည်း

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

တရားပြိုင်၏ မဆင်မခြင်ပေါ့လျော့မှုနှင့် နှိုင်းယှဉ်သုံးသပ်လျက် တရားပြိုင်မှနစ်နာကြေးပေးရန်တာဝန်ရှိကြောင်း အမှုတွင်ပေါ်ပေါက်လျက်ရှိသည့်ထွက်ဆိုချက်များအပေါ် ကောက်ယူသုံးသပ်၍ ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် တရားမျှတပြီး ဥပဒေအရလည်း မှားယွင်းမှုမရှိပေ။

အယူခံတရားလိုအတွက် - ဒေါ်ခင်မာဌေး၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဒေါ်သက်လျှာသာမြင့်၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂၆ တွင် ဒေါ်ကေသီခိုင်က ဦးထက်ခိုင်ကြည်လင်အပေါ် နစ်နာဆုံးရှုံးမှုလျော်ကြေးငွေရလိုမှု စွဲဆိုရာ တရားလိုတောင်းဆိုသော စုစုပေါင်းနစ်နာကြေးငွေ ၂၄၃၇၀၉၇၀ ကျပ်၏ ၃ ပုံ ၂ ပုံဖြစ်သော ၁၆၂၄၇၃၁၃ ကျပ်ကို တရားပြိုင်ထံမှ ရထိုက်ခွင့်ရှိကြောင်း ချမှတ်သည့်ဒီကရီကို ဦးထက်ခိုင်ကြည်လင်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမ

အယူခံမှုအမှတ် ၂၄၆ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၁၂ တွင်လည်းကောင်း အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရရှိသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၀၈ တွင် လျှောက်ထားရာ အောက်ပါအရေးယူလောက်သော ပြဿနာအပေါ် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " ယာဉ်မတော်တဆမှုတွင် နှစ်ဖက်လုံးတွင် တာဝန်ရှိကြောင်း သုံးသပ်ထားမှုအပေါ် တရားပြိုင်မှ နစ်နာကြေးပေးရန်တာဝန်ရှိသည်ဟု ကောက်ယူခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် ဥပဒေအရ မှန်ကန်ခြင်း ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက ယာဉ်မတော်တဆတိုက်မှု ဖြစ်ပွားခဲ့ရာ၌ တရားလို၏ယာဉ်မောင်းနှင့် တရားပြိုင်တို့နှစ်ဦးစလုံးတွင် မဆင်မခြင်ပေါ့လျော့စွာပြုမှုရှိခဲ့ကြောင်း ပေါ်ပေါက်နေ၍ တောင်းဆိုသည့်လျော်ကြေး၏ ၃ ပုံ ၂ ပုံ သာ ရထိုက်ခွင့်ရှိကြောင်း အမှုစစ်တရားရုံးက ကောက်ယူသုံးသပ်ထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုထားရာ၌ မဆင်မခြင်ပေါ့လျော့မှု

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

( Negligence ) နှင့်စပ်လျဉ်း၍ တရားလိုဘက်၏ပေါ့လျော့မှုကို ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ကြောင်း၊ တရားလိုသည် **တက်တိုးဆန်နှင့်ဆီစက်များ နှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့ အမှု** [၁] နှင့် အဆိုပါ မူလတရားမကြီးမှုအပေါ်တင်သွင်းသည့် အယူခံမှုဖြစ်သော **တက်တိုးဆန်နှင့်ဆီစက်များ (အယူခံတရားလို) နှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့ (အယူခံတရားပြိုင်) အမှု** [၂] တို့တွင် ထုံးဖွဲ့ထားမှုနှင့် ညီညွတ်စွာ တရားပြိုင်တစ်ဦးတည်း၏ပေါ့လျော့မှုသက်သက်ကြောင့် ယာဉ်တိုက်မှုဖြစ်ရကြောင်း တရားလိုဘက်မှသက်သေခံချက် တင်ပြနိုင်ခြင်းမရှိကြောင်း၊ အရှိန်ပြင်းစွာမောင်းနှင်လာသော တရားလို၏ယာဉ်သည် ရှေ့၌သွားနေသောအငှားယာဉ်ကိုကျော်တက်ပြီးမှ တရားပြိုင်၏ မော်တော်ယာဉ် ညာဘက်ပါးခြမ်းကို တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ တရားမနစ်နာမှုတွင် မည်သူ၏မဆင်မခြင်ပေါ့လျော့မှု (Negligence) ကြောင့် တရားလိုတွင် နစ်နာမှုဖြစ်ကြောင်းနှင့် လျော်ကြေးငွေပေးထိုက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ နစ်နာသူလည်း တာဝန်မကင်းသော ပေါ့လျော့မှု ( Contributory Negligence ) ကို ထည့်သွင်းစဉ်းစားရန်ဖြစ်ကြောင်း ၊ Contributory - Negligence ကို Black’s Law Dictionary တွင် “ Doctrine. TORTS. The principle that

---

၁။ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၁၇

၂။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၈

completely bars a plaintiff's recovery if the damage suffered is partly the plaintiff's own fault." ဟု ဖော်ပြထားကြောင်း၊ **ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂ အမှု**[၃] တွင် "( Contributory Negligence ) နှင့်စပ်လျဉ်း၍ **နာနီဘာလာဆင်း နှင့် အေ့ဂကလန်ဂျတ်ကုမ္ပဏီလီမိတက် ( အိုင်၊ အယ်(လ်)၊ အာ(ရ်) ၊ ကာလကတ္တားစီရင်ထုံး၊ အတွဲ ၅၂၊ စာ - ၆၀၂) စီရင်ထုံး** တွင် " Where the negligence of the plaintiff or that of the defendant is the sole cause of an accident, the matter is free from doubt. But difficulty may arise where an accident is caused partly by the negligence of the plaintiff and partly by that of the defendant. In such circumstances it becomes the duty of the Court to endeavour to ascertain whether the negligent act or omission of the plaintiff or that of the defendant was the cause of the accident. If the Court finds itself unable to discover to what extent the negligence of the plaintiff or that of the defendant contributed to bring about the accident, the defendant is entitled to succeed, for *impari de licto*

၃။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၆၆

*potior est conditio defendantis."* (Where both parties are equally to blame, neither can hold the other liable.) ဟူ၍ ဆုံးဖြတ်ထားသည်ကို ရည်ညွှန်းကိုးကားထားကြောင်း၊ အထောက်အကူပြုပေါ့လျော့မှု ( Contributory Negligence ) ဟူသော ပေါ့လျော့မှုမျိုးကို တရားရုံးက မည်သို့ကျင့်သုံးရသည်ကို စီရင်ထုံးပြုထားခြင်းဖြစ်ကြောင်း၊ ယာဉ်လမ်းကြောင်းအခြေအနေပေါ် မူတည်၍ တရားပြိုင်က မှားယွင်းခြင်းသာဖြစ်သည်ဟု ကောက်ယူမည်ဆိုသည့်တိုင် တရားလို၏ ယာဉ်ကိုမောင်းနှင်သည့်အရှိန် အလွန်မပြင်းလျှင် သို့မဟုတ် အချိန်မီဘရိတ်အုပ်နိုင်ခဲ့လျှင် မတော်တဆမှုဖြစ်ပွားနိုင်မည်မဟုတ်ကြောင်း၊ တရားပြိုင်တစ်ဦးတည်း၏ ပေါ့ဆမှုကြောင့်မဟုတ်ဘဲ တရားလို၏ယာဉ်မောင်းပေါ့လျော့မှု၊ မဆင်မခြင်မှုတို့အရလည်း ယာဉ်တိုက်မှုပေါ်ပေါက်ခဲ့ရကြောင်း ထင်ရှားပေါ်ပေါက်နေသဖြင့် နစ်နာသူလည်းတာဝန်မကင်းသောပေါ့လျော့မှု ( Contributory Negligence ) ဖြစ်၍ တရားပြိုင်သည် နစ်နာကြေး ပေးရန်တာဝန်ရှိသည်ဟုမဆိုနိုင်သဖြင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီးထုတ်နုတ်ထားသော အရေးယူလောက်သည့်ပြဿနာကို အယူခံတရားလိုဘက်သို့ အသာပေးဖြေဆိုဆုံးဖြတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

အယူခံတရားပြိုင်၏ရှေ့နေက တရားလို၏မော်တော်ယာဉ်သည် ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနှင်လာခြင်းဖြစ်၍ အင်းယားလိပ်ဟိုတယ်လမ်းသွယ်မှ ကမ္ဘာအေးဘုရားလမ်းပေါ်သို့ တက်လာမည့် တရားပြိုင်၏မော်တော်ယာဉ်သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ တရားလို၏ယာဉ်ကို ဦးစားပေးသွားစေပြီး ယာဉ်ကြောရှင်းမှသာလျှင် လမ်းသွယ်မှလမ်းမပေါ်သို့ တက်လာရမည်ဖြစ်ကြောင်း၊ တရားပြိုင်သည် ထိုက်သင့်သည့်သတိပြုမှုရှိခဲ့ပါက လမ်းမှန်အတိုင်းမောင်းနှင်လာသည့် တရားလိုပိုင်ယာဉ်နှင့် မည်သို့မျှထိခိုက်နိုင်ရန်အကြောင်းမရှိကြောင်း၊ တရားပြိုင်၏ ပေါ့လျော့မှုနှင့် မှားယွင်းမှုကြောင့်သာ ယာဉ်မတော်တဆမှုဖြစ်ပြီး တရားလို၏မော်တော်ယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်၍ တရားပြိုင်တွင်တာဝန်ရှိသည်မှာ ထင်ရှားကြောင်း၊ တရားပြိုင်သည် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ အရပ်ရပ်နစ်နာမှု ကျပ်သိန်းပေါင်း ၁၉၄၁.၈ သိန်းခန့် ဆုံးရှုံးခဲ့ရကြောင်း ချေပသော်လည်း အဆိုပါနစ်နာဆုံးရှုံးမှုအတွက် မည်သူ့ကိုမျှ တရားစွဲဆိုခဲ့ခြင်းမရှိသလို နစ်နာကြေးတောင်းခံခဲ့ခြင်းလည်းမရှိ၍ ၎င်း၏အမှားကိုဝန်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်သာဖြစ်ကြောင်း၊ ယာဉ်မောင်းနှစ်ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၃၇/ ၃၃၈ အရ အရေးယူခဲ့သည့်

အမှုတွင် တရားလို၏ယာဉ်မောင်းကို ပြစ်ဒဏ်ချမှတ်ပြီး တရားပြိုင်ကိုအမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်ဟုဆိုသော်လည်း ရာဇဝတ်မှုနှင့်ပြစ်ဒဏ်လွတ်ကင်းသည်ဆိုရုံမျှဖြင့် နစ်နာကြေးပေးရန် တာဝန်မရှိဟု မှတ်ယူနိုင်မည်မဟုတ်ကြောင်း၊ ယာဉ်မတော်တဆမှုတွင် နှစ်ဖက်လုံး၌တာဝန်ရှိကြောင်း တရားရုံးအဆင့်ဆင့်က သုံးသပ်ခဲ့သည်မှာမှန်သော်လည်း တရားပြိုင်၏မှားယွင်းမှုမှာ အဓိကဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ တရားလိုတောင်းဆိုသည့် နစ်နာကြေးငွေ၏ ၃ ပုံ ၂ ပုံ ကိုခွင့်ပြုခဲ့သည်မှာ ဥပဒေနှင့်အညီဖြစ်ပါသောကြောင့် ဤတရားမအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် ၂၆- ၁- ၂၀၁၄ ရက်နေ့ ညသန်းခေါင်အချိန်ခန့်က တရားလိုပိုင် ယာဉ်အမှတ် ၅င/ ၆၅၉၃ TOYOTA KLUGER ယာဉ်အား တရားလို၏ယာဉ်မောင်းဖြစ်သူ ဦးမြင့်ဇော်လတ်က တရားလို၏ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်များဖြစ်သော ကိုရီးယားနိုင်ငံသားများ စီးနှင်းလိုက်ပါလျက် ကုက္ကိုင်းလမ်းဆုံဘက်မှ (၈) မိုင်လမ်းဆုံဘက်သို့ ကမ္ဘာအေးဘုရားလမ်းမအတိုင်း မောင်းနှင်လာပြီး အင်းယားကန်ဟိုတယ်လမ်းငယ်ထိပ်သို့ ရောက်ရှိစဉ် အင်းယားကန်ဟိုတယ်လမ်းငယ်ထဲမှ ထွက်လာသော တရားပြိုင် မောင်းနှင်လာသည့် ၄ဃ/ ၉၇၂၉ TOYOTA

MARK - X ကားသည် ကမ္ဘာအေးလမ်းမပေါ်သို့ မောင်းထွက်ရာ မိမိဘက်ယာဉ်ကြောများအား အရှိန်ပြင်းစွာနှင့် ကန့်လန့်ဖြတ်မောင်းထွက်ခဲ့သည့်အပြင် တစ်ဖက်ယာဉ်ကြောဖြစ်သည့် (၈) မိုင်ဘက်သို့ ဦးတည်သည့် ကမ္ဘာအေးဘုရားလမ်းမယာဉ်ကြောပေါ်သို့ မဆင်မခြင် အရှိန်ပြင်းစွာဝင်ရောက်ခြင်းနှင့် ကွေ့ထွက်မောင်းနှင်ခြင်းပြုခဲ့သဖြင့် တရားလိုပိုင်ယာဉ်အား ပြင်းထန်စွာဝင်တိုက်မိခဲ့ကြောင်း၊ တရားပြိုင်၏ပြုမူမှုကြောင့် တရားလို၏ယာဉ်တစ်စီးလုံး နေရာတွင်ပင်မီးလောင်ခဲ့ရပြီး လုံးဝသုံးမရတော့၍ တရားလိုအဖို့ မတရားနစ်နာဆုံးရှုံးမှုများပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နစ်နာဆုံးရှုံးမှုများမှာ ယာဉ်တစ်စီးလုံးဆုံးရှုံးမှု ၂၃၀၀၀၀၀၀ ကျပ်၊ ရန်ကုန်ဆေးရုံကြီးတွင် ကုန်ကျစရိတ် ၄၇၃၅၆၂ ကျပ်၊ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အတွက် ဟိုတယ်ခ ၂၀၁၇၂၀ ကျပ်၊ လေယာဉ်ခ ၆၉၅၆၈၈ ကျပ် စုစုပေါင်းဆုံးရှုံးနစ်နာမှု ၂၄၃၇၀၉၇၀ ကျပ် ဖြစ်ကြောင်း၊ ထိုငွေများအား ၁၅- ၃- ၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ပေးလျော်ရန် နို့တစ်စာဖြင့် တောင်းဆိုခဲ့သော်လည်း တရားပြိုင်က ငြင်းဆန်သဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုဖော်ပြထားသည်။

ချေလွှာတွင် အချင်းဖြစ်ချိန်က တရားပြိုင်မောင်းနှင်လာသော ၄ဃ/၉၇၂၉ မော်တော်ယာဉ်သည် အင်းယားလိပ်ဟိုတယ်လမ်းမှ

ကမ္ဘာအေးဘုရားလမ်းမပေါ်သို့ ယာဉ်ကြောအတိုင်း ထွက်လာပြီး (၈) မိုင်ဘက်သို့ ကွေ့ထွက်ရန်အတွက် ကမ္ဘာအေး ဘုရားလမ်းလယ် မျဉ်းထိပ်တွင် ခေတ္တရပ်စောင့်နေစဉ် မြောက်ဥက္ကလာပဘက်မှ ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနှင်လာသော မော်တော်ယာဉ် အမှတ် ၅၈/၆၅၉၃ ယာဉ်သည် ၎င်းရှေ့တွင်ရှိနေသော BB /၂၉၆၆ အဖြူ ရောင်အငှားယာဉ်အား အရှိန်ပြင်းစွာ မောင်းနှင်ကျော်တက်ပြီး တစ်ဖက်လမ်းလယ်ယာဉ်ကွေ့ကြောပေါ်တွင် ရပ်တန့်စောင့်ဆိုင်း နေသည့် ၎င်း၏ယာဉ်ယာဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ ခြင်းဖြစ် ကြောင်း၊ BB/ ၂၉၆၆ အဖြူရောင်အငှားယာဉ်အား မောင်းနှင်သူ ဦးနိုင်ကိုဆိုသူမှ အထက်ပါဖြစ်စဉ်အမှန်အတိုင်း ရန်ကင်းမြို့နယ် တရားရုံး၊ ပြစ်မှုကြီးမှုအမှတ် ၁၈၉/၂၀၁၄ တွင် ကျမ်းကျိန်ထွက်ဆို ခဲ့ကြောင်း၊ ဖြစ်စဉ်အရ ၎င်းအနေဖြင့် ပေါ့လျော့စွာမောင်းနှင်ခြင်း၊ အရမ်းမဆင်မခြင်ပြုလုပ်ခြင်းမရှိကြောင်း၊ ရဲစခန်းက အရေးယူခြင်း မှာ တရားလိုဘက်မှ မမှန်မကန်တိုင်ကြား၍သာဖြစ်ကြောင်း၊ ၎င်းမှာ ဒဏ်ရာများကြောင့် သတိလစ်မေ့မြောနေရာမှ မြောက်ဥက္ကလာပ ဆေးရုံကြီး အရေးပေါ်ဌာနသို့ရောက်ရှိခဲ့ပြီး ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံနေရသဖြင့် အမှုမဖွင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလို တွင် နစ်နာဆုံးရှုံးမှုများပေါ်ပေါက်သည့်တိုင် ၎င်း၏အရမ်းမဆင်

မခြင်ပြုလုပ်မှု ပေါ့လျော့မှုကြောင့် မဟုတ်ဘဲ တရားလိုဘက်၏ ပေါ့လျော့မှု မဆင်မခြင်အရမ်းမောင်းနှင်မှုကြောင့်သာဖြစ်ကြောင်း၊ ၎င်းပိုင်မော်တော်ယာဉ်မှာလည်း သုံး၍မရလောက်အောင်ပျက်စီးခဲ့သဖြင့် ပြုပြင်ရမည့်ကုန်ကျစရိတ်နှင့် လက်ရှိအလုပ်နားရသည့်အတွက် နစ်နာမှု၊ နိုင်ငံခြားတက္ကသိုလ်သင်တန်းများ ရပ်နားရ၍ နစ်နာမှုအပါအဝင် စုစုပေါင်း ကျပ်သိန်း ၁၉၅၀ ခန့် နစ်နာဆုံးရှုံးခဲ့ရကြောင်း၊ အချင်းဖြစ်ကိစ္စမှာ တရားလိုဘက်ပေါ့လျော့မှုကြောင့်သာဖြစ်၍ နစ်နာဆုံးရှုံးမှုအတွက် ပေးလျော်ရန် တရားပြိုင်ပေါ်တွင် တာဝန်မကျရောက်ကြောင်း ချေပသည်။

မူလရုံးဖြစ်သော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ငြင်းချက် ၂ ရပ် ထုတ်နုတ်စစ်ဆေးခဲ့ပြီး ငြင်းချက်အမှတ် (၁) အား တရားပြိုင် ဦးထက်ခိုင်ကြည်လင်က မိမိမောင်းနှင်သောယာဉ်ကို မဆင်မခြင်အရမ်းပေါ့ဆစွာမောင်းနှင်ခဲ့မှုကြောင့် တရားလိုပိုင်ယာဉ်နှင့် တိုက်မိခဲ့ပြီး တရားလိုပိုင်မော်တော်ယာဉ် မီးလောင်ပျက်စီးသွားခဲ့ရသည်ဆိုခြင်းမှာမှန်ကြောင်း ဖြေဆိုပြီး ငြင်းချက်အမှတ် (၂) အား ယာဉ်မောင်းများက ထိုက်သင့်သောသတိမရှိဘဲ မောင်းနှင်ခဲ့ကြခြင်းဖြစ်၍ တရားလို၏နစ်နာဆုံးရှုံးမှုသည် တရားပြိုင်တစ်ဦးတည်းအပေါ်တွင်သာမက တရားလို၏ယာဉ်မောင်းတွင်လည်း တာဝန်ရှိ

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

သောကြောင့် တရားလိုတောင်းဆိုသောနစ်နာကြေးမှ တရားပြိုင်တာဝန်ရှိမှုဖြစ်သည့် ၃ ပုံ ၂ ပုံအတွက်သာ ရထိုက်ခွင့်ရှိကြောင်း သုံးသပ်ပြီး ငွေ ၁၆၂၄၇၃၁၃ ကျပ်ရထိုက်ကြောင်း ဒီကရီချမှတ်သည်။

ပထမအယူခံရုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဖြစ်စဉ်တွင် တရားပြိုင်၏မှားယွင်းမှုသည် အဓိကဖြစ်ပြီး ၎င်း၏မှားယွင်းမှုကြောင့်သာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလို၏နစ်နာဆုံးရှုံးမှုတွင် ပေးလျော်ရန်လုံးဝတာဝန်မရှိဟု ဆုံးဖြတ်ရန်အကြောင်းမရှိကြောင်း သုံးသပ်ပြီး မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုသည်။

ဤတရားမအထူးအယူခံမှုအတောအတွင်း အယူခံတရားပြိုင်ဒေါ်ကေသီခိုင် ကွယ်လွန်သွားသဖြင့် ဦးဇော်မိုးလေးအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။

တရားပြိုင် ဦးထက်ခိုင်ကြည်လင် အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၃၇/ ၃၃၈ အရ အရေးယူသောအမှုတွင် အပြီးအပြတ်

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

တရားသေလွှတ်ခဲ့ကြောင်း၊ တရားလို၏ယာဉ်မောင်းသည် တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရကြောင်း အယူခံတရားလိုဘက်က တင်ပြထားကြောင်း တွေ့ရှိရသည်။

**မင်္ဂလာသုခဆန်စက်ကုမ္ပဏီလီမိတက်နှင့် ဦးသန်းစိန်** အမှု[၄] တွင် သဘော်ဆလင်အား ရာဇဝတ်တရားရုံးက အမှုမှအပြီးအပြတ် လွှတ်ခဲ့သည့် စီရင်ချက်မိတ္တူကိုတင်ပြရာ ရာဇဝတ်တရားရုံး၏ စီရင်ချက်သည် တရားမရုံးအပေါ်အတည်မဖြစ်ကြောင်း၊ သဘော်ဘက်က ပေါ့ဆမှုမရှိဟု သက်သေထင်ရှားစေသည့်အချက်မဟုတ်ကြောင်းပြဆိုသည်။ ရာဇဝတ်ရုံး၏စီရင်ဆုံးဖြတ်ချက်ကို တရားမမှုတွင် ထည့်သွင်းစဉ်းစားရန်မလိုအပ်ကြောင်းမှာ အခြေကျပြီးဖြစ်သော မူတစ်ရပ်ပင်ဖြစ်ပေသည်။

တရားပြိုင်၏ချေလွှာ အပိုဒ် (၃) တွင် ၎င်းမောင်းနှင်လာသောမော်တော်ယာဉ်သည် အင်းယားလိပ်ဟိုတယ်လမ်းမှ ကမ္ဘာအေးဘုရားလမ်းမပေါ်သို့ ယာဉ်ကြောအတိုင်းထွက်လာပြီး ၈ မိုင်ဘက်သို့ ကွေ့ထွက်ရန်အတွက် ကမ္ဘာအေးဘုရားလမ်းလယ်မျဉ်းထိပ်တွင် ခေတ္တရပ်စောင့်နေစဉ် တရားလို၏ကားက ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း ချေပထားသည်။

သို့သော် ရုံးရှေ့တွင် ထွက်ဆိုရာ၌ “ X X X ကျွန်တော်

၄။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၉၄

၂၀၂၂ ခုနှစ်

ဦးထက်ခိုင်ကြည်လင်
နှင့်
ဦးဇော်မိုးလေး
(ကွယ်လွန်သူ
ဒေါ်ကေသီခိုင်၏
တရားဝင်ကိုယ်စားလှယ်)

မောင်းသည့် တိုယိုတာမတ်အိပ်(စ်)ယာဉ်သည် လမ်းသွယ်မှလမ်းမကြီးသို့ထွက်လာသည့်ကား၊ တစ်နည်းအားဖြင့် အင်းယားကန်ဟိုတယ်လမ်းသွယ်မှ ကမ္ဘာအေးဘုရားလမ်းသို့ ထွက်လာသည့်ကားဖြစ်သည်ဆိုလျှင် မှန်ပါသည်။ X X လမ်းမတွင် မောင်းလာသော ကားအား လမ်းသွယ်က ထွက်လာသောကားက ဦးစားပေးမောင်းရသည်ဆိုလျှင် မှန်ပါသည်။ X X ကျွန်တော်၏ တိုယိုတာမတ်အိပ်(စ်)ယာဉ်သည် ခလူကာနှင့်တိုက်ပြီးနောက် ဘီဘီ အငှားကား ဘီဘီ/၂၉၆၆ နှင့်လည်း ထပ်မံတိုက်မိသေးသည်ဆိုလျှင် မှန်ပါသည်။ ကျွန်တော်မောင်းသည့် တိုယိုတာမတ်အိပ်(စ်)နှင့် ခလူကာယာဉ်ကို တိုက်မိပြီးနောက် ခလူကာယာဉ်သည် ညာဘက်သို့ ဂငယ်ကွေ့လည်ထွက်သွားခဲ့သည်ဆိုလျှင် မမှတ်မိပါ။ ခလူကာယာဉ်နှင့်တိုက်မိပြီးနောက် ကျွန်တော်ကားနှင့်ထပ်မံတိုက်မိသော ဘီဘီအငှားယာဉ်သည်လည်း ညာဘက်သို့စွေထွက်သွားကာ ကမ္ဘာအေးဘုရားလမ်းပလက်ဖောင်းနားအထိ ရောက်သွားသည်ဆိုလျှင် မှန်ပါသည်။ ကျွန်တော်မောင်းသည့် မတ်အိပ်(စ်)ယာဉ်နှင့် ခလူကာယာဉ်တိုက်မိခြင်း၊ ကျွန်တော်၏ယာဉ်နှင့် ဘီဘီအငှားယာဉ်တို့ ထပ်မံတိုက်မိခြင်းသည် ကျွန်တော်၏တိုယိုတာမတ်အိပ်(စ်)ယာဉ်သည် ခလူကာယာဉ်နှင့် တိုက်မိပြီးနောက် ရှေ့သို့ဆက်လက်ရွေ့သွား၍သာ ထိုသို့

တိုက်မိခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ X X ခလူကာ ၅င/ ၆၅၉၃ သည်လည်း တစ်စီးလုံးမီးလောင်ပျက်စီးခဲ့သည်ဆိုလျှင် မှန်ပါသည်။ X X အမှုတွဲရှိ သက်သေခံ (ဏ) အချင်းဖြစ် မြေပုံ ကြမ်းအား သက်ဆိုင်ရာယာဉ်ထိန်းရဲအရာရှိက အချင်းဖြစ်ဖြစ်ချင်း ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်များ၊ သက်မဲ့အထောက်အထားများအပေါ် မူတည်၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ သက်သေခံ (ဏ) မြေပုံကြမ်းအရ ကျွန်တော့်ကား ၄ဃ/၉၇၂၉ မှားယွင်း ကြောင်း ပေါ်လွင်နေသည်ဆိုလျှင် မှန်ပါသည်။ X X X " ဟု ထွက်ဆိုသည်။

တရားပြိုင်၏ရုံးရှေ့ထွက်ဆိုချက်အရပင် တရားပြိုင်သည် ယာဉ်ကိုမဆင်မခြင်အရမ်းမောင်းနှင်မှု၊ တရားပြိုင်၏မှားယွင်းမှု ကြောင့် အချင်းဖြစ်ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရကြောင်း ပေါ်ပေါက်နေ ပေသည်။

မူလရုံးနှင့် အယူခံရုံးအဆင့်ဆင့်က အချင်းဖြစ်ယာဉ်တိုက်မှု သည် တရားပြိုင်က ယာဉ်ကိုမဆင်မခြင်အရမ်းမောင်းနှင်မှုကြောင့် ဖြစ်ကြောင်း ၊ တရားပြိုင်၏မှားယွင်းမှုသည် အဓိကဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် တရားလို၏ယာဉ်မောင်းသည် လည်း မိမိယာဉ်ကြောအတိုင်းမောင်းနှင်လာစဉ် ထိုက်သင့်သော

သတိမရှိဘဲ အရှိန်ဖြင့်မောင်းနှင်လာ၍ တရားပြိုင်၏ မှားယွင်းဝင်ရောက်လာသောယာဉ်နှင့် အရှိန်ပြင်းစွာတိုက်မိခြင်းဖြစ်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။

ထိုသုံးသပ်ဆုံးဖြတ်ချက်များသည် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များ၊ တရားပြိုင်ကိုယ်တိုင်၏ထွက်ဆိုချက်တို့အရ မှားယွင်းမှုမရှိပေ။

အယူခံတရားလိုဘက်မှ လျှောက်လဲတင်ပြသည့် ( Contributory Negligence ) ဆိုသော စကားရပ်နှင့်စပ်လျဉ်း၍ Black's Law Dictionary တွင် အယူခံတရားလို၏ရှေ့နေ တင်ပြသကဲ့သို့ ဖွင့်ဆိုဖော်ပြလျက် NEGLIGENCE ကို ကြည့်ရန် ဆက်လက်ညွှန်ပြထားသည်။ NEGLIGENCE အောက်တွင် NEGLIGENCE အမျိုးအစားများစွာကို ဖွင့်ဆိုပြထားရာ Contributory Negligence ကို A plaintiff's own negligence that played a part in causing the plaintiff's injury and that is significant enough (in a few jurisdictions) to bar the plaintiff from recovering damages. In most jurisdictions, this defense has been superseded by the doctrine of comparative negligence. ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

တရားလို၏ ထိခိုက်နစ်နာမှုမှာ တရားလိုကိုယ်တိုင်၏ ပေါ့လျော့မှုလည်း တစ်စိတ်တစ်ဒေသပါဝင်မှုကြောင့် ဖြစ်ပွားပါက တရားလိုနစ်နာကြေးမရနိုင်ခြင်းမှာ စစ်ဆေးစီရင်သောအမှုအနည်းငယ်တွင်သာဖြစ်ပြီး အမှုအများစုတွင် ပေါ့ဆမှုနှိုင်းယှဉ်သည့် comparative negligence မူသဘောက လွှမ်းမိုးအစားထိုးမည်ဖြစ်သည်။ comparative negligence ကို A plaintiff's own negligence that proportionally reduces the damages recoverable from a defendant. ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ အဓိကအားဖြင့် တရားပြိုင်၏မှားယွင်းမှု၊ ပေါ့လျော့မှုကြောင့်ဖြစ်ပွားရသော ယာဉ်မတော်တဆမှုတွင် တရားလိုအား ၎င်းတောင်းဆိုသော နစ်နာမှုလျော်ကြေး၏ ၃ ပုံ ၂ ပုံ ပေးစေရန် ချမှတ်သောအမိန့်သည် ပေါ့လျော့မှု ( negligence ) များတွင် ထည့်သွင်းစဉ်းစားရမည့်မူသဘောတရားများနှင့် မကိုက်ညီဟု မဆိုနိုင်ပေ။

အယူခံတရားလိုဘက်မှတင်ပြသော **ဒေါ်တင့်နှင့် ဒေါ်ခင်တင့် ပါ ၂ အမှု**[၃] တွင် ရည်ညွှန်းကိုးကားပြဆိုချက်အရလည်း မတော်တဆဖြစ်ပွားမှုအတွက် တရားလိုနှင့် တရားပြိုင်၏ ပေါ့လျော့မှုအတိုင်းအတာအညီအမျှပါဝင်နေသည့် ဖြစ်ရပ်မျိုးတွင်သာ တရားပြိုင်က

နစ်နာကြေးပေးရန်တာဝန်မရှိခြင်းဖြစ်သည်။ ထို့အပြင် မြစ်တွင်းသွားလာကြသည့် ရေယာဉ်များတိုက်မိသည့် မတော်တဆမှုမျိုးနှင့် ယခုကဲ့သို့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း လိုက်နာမောင်းနှင်နိုင်သည့် မော်တော်ယာဉ်တိုက်မှုမျိုးတွင် သုံးသပ်ရမည့်အချက်များမှာ တစ်ထပ်တည်းတူညီနိုင်မည်မဟုတ်ပေ။

ယခုအမှုတွင် နစ်ဖက်လုံးအပြစ်မကင်းသည့် အနေအထားဖြစ်သည်ဟု ကောက်ယူသုံးသပ် နိုင်သော်လည်း တရားပြိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အဦးအစချိုးဖောက်ပြီး ယာဉ်ကို မဆင်မခြင်အရမ်းပေါ့ဆစွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရကြောင်းနှင့် တရားပြိုင်၏မှားယွင်းမှုသည် အဓိကဖြစ်ကြောင်းမှာ အမှုတွင် ပေါ်လွင်ထင်ရှားနေပေသည်။ တရားလို၏ယာဉ်မောင်း ပေါ့လျော့မှုပါဝင်ခြင်းရှိသော်လည်း တရားပြိုင်၏ မဆင်မခြင်ပေါ့လျော့မှုနှင့် နှိုင်းယှဉ်သုံးသပ်လျက် တရားပြိုင်မှ နစ်နာကြေးပေးရန်တာဝန်ရှိကြောင်း အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် ထွက်ဆိုချက်များအပေါ် ကောက်ယူသုံးသပ်၍ ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် တရားမျှတပြီး ဥပဒေအရလည်း မှားယွင်းမှုမရှိပေ။

သို့ဖြစ်၍ ကြားနာခဲ့သည့်ပြဿနာကို အောက်ပါအတိုင်း

ဖြေဆိုလိုက်သည်-

" ယာဉ်မတော်တဆမှုတွင် တရားပြိုင်က အဓိကတာဝန်ရှိကြောင်း သုံးသပ်တွေ့ရှိချက်အရ တရားပြိုင်မှ နစ်နာကြေးပေးရန် တာဝန်ရှိသည်ဟု ကောက်ယူခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် ဥပဒေအရ မှန်ကန်ကြောင်း။"

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+ ၂၀၂၂ ခုနှစ်

ဇန်နဝါရီ လ ၁၀ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့် ၊ ဦးကြည်သိန်း၊ ဦးတင်ဟုန် နှင့် ဒေါ်ခင်မေရီ တို့ရှေ့တွင်**

**ဦးမောင်မောင်လှ ပါ ၃**

**နှင့်**

**ဒေါ်ရီတာတင်မောင် (ခ) ဒေါ်နုနုတင် ပါ ၆ ***

**ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ဖြေဆိုဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အယူခံရုံးတွင် တင်ပြခွင့် ရှိ မရှိ- မည်သည့်အခါ အယူခံရုံးက ဆုံးဖြတ်နိုင်ခြင်း၊**

**ဆုံးဖြတ်ချက်။** ။ကာလစည်းကမ်းသတ် ကျော်လွန်သည်မှာ မမှန်ကြောင်း ပဏာမငြင်းချက်အပေါ် ဖြေဆိုချမှတ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သောအမိန့် မဟုတ်ပေ။ အယူခံဝင်ခွင့်ရှိသည့်အမိန့်မဟုတ်သောကြောင့် အမှုသည်

---

* ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၂

+ ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ် ၅၉၄ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

သည် ပြင်ဆင်မှုကိုမလွဲမသွေ လျှောက်ထားရန်လိုအပ်သည် မဟုတ်ပေ။ အမှုတွင်ချမှတ်သည့်ဒီကရီကို အယူခံဝင်ရာ၌ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ (၁) အရ အမှုအဆုံးအဖြတ်ကို ထိခိုက်စေသောအဆိုပါအမိန့်ပါ မှားယွင်းမှု၊ ချွတ်ယွင်းမှု၊ နည်းလမ်းမကျမှု တစ်ရပ်ရပ်ကို အယူခံအကြောင်းပြချက်တစ်ရပ်အဖြစ် ဖော်ပြအယူခံဝင်နိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်ပြဿနာကို မူလရုံးကဆုံးဖြတ်ရန်ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီးအချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်။ **ဦးဝင်းဟန် ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်တင် အမှု**[၁] ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက် - ဦးစိုးသိန်း၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးသိန်းဝင်း၊
တရားလွှတ်တော်ရှေ့နေ(မလာ)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၁ တွင် ဒေါ်ရီတာတင်မောင် (ခ) ဒေါ်နုနုတင် ပါ ၆ ဦးက

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ဦးမောင်မောင်လှ ပါ ၃ ဦး အပေါ် ကျူးကျော်သူအား နှင်ထုတ်ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ အဆိုပါ ဒီကရီကို တရားပြိုင် ဦးမောင်မောင်လှ ပါ ၃ ဦးက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၁၁ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၉၄ ဖြင့်လည်းကောင်း အယူခံသော်လည်း အောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၇၅ တွင် လျှောက်ထားရာ အောက်ပါအရေးယူလောက်သော ပြဿနာများအပေါ် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

“ (၁) တရားလိုစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ။

(၂) ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ဖြေဆိုဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပါသည်ဟု အယူခံရုံးတွင် တင်ပြခွင့်မရှိတော့ပေဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က

ဆုံးဖြတ်ခြင်းသည် မှန်ကန် ခြင်း ရှိ မရှိ။ ”

အယူခံတရားလိုများ၏ရှေ့နေက မူလခရိုင်တရားရုံးက ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း ချမှတ်သည့် ပဏာမငြင်းချက်အမိန့်အပေါ် သီးခြားအယူခံမှုတင်သွင်းနိုင်ခွင့်မရှိကြောင်း၊ သို့ရာတွင် ထိုအမိန့်သည် အမှုအဆုံးအဖြတ်ကိုထိခိုက်သော အမိန့်တစ်ရပ်ဖြစ်သောကြောင့် မူလအမှုကြီး၏ အပြီးသတ်ဒီကရီအပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရာတွင် ကာလစည်းကမ်းသတ်ပြဿနာကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ (၁) ပြဋ္ဌာန်းချက်နှင့်အညီ အယူခံအကြောင်းပြချက်အဖြစ် ထည့်သွင်းတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မူလခရိုင်တရားရုံး၏ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟူသောအမိန့်ကို ဆက်လက် အတည်ပြုသည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှု တင်သွင်းရာတွင် ကာလစည်းကမ်းသတ်ပြဿနာကို အယူခံအကြောင်းပြချက်တစ်ရပ်အဖြစ် ဆက်လက်တင်ပြ အယူခံဝင်ခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပြရခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ (၁) (ဂ) ပြဋ္ဌာန်းချက်ပါအတိုင်း အမှုကို အရည်အသွေးအရ အဆုံးအဖြတ်ပေးရာတွင် မှားယွင်းမှု၊ ချွတ်ယွင်းမှုရှိနေသည်ဟု ယူဆသော

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃ နှင့် ဒေါ်ရီတာတင်မောင်(ခ) ဒေါ်နုနုတင် ပါ ၆

ကြောင့် ဖြစ်ကြောင်း၊ **ဦးဝင်းဟန် ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်တင် အမှု**[၁]၊ **ဦးရန်ကနား နှင့် ဒေါ်ခင်သီ အမှု**[၂] တို့ကို ရည်ညွှန်းကိုးကားကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု အယူခံမှုတွင် တင်ပြခွင့် မရှိတော့ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ် ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်၊ စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်မှုမရှိသဖြင့် အရေးယူလောက်သော ဥပဒေပြဿနာအမှတ် (၂)အပေါ် အယူခံတရားလိုများဘက်သို့ အသာပေးဖြေဆိုဆုံးဖြတ် သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ပြဿနာအမှတ် (၁) နှင့်စပ်လျဉ်း၍ မြေလက်ရောက်ရလိုမှု စွဲဆိုရာ၌ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ် ၁၄၄ အရ မြေလက်ရှိရသူ တရားပြိုင်သည် တရားစွဲဆိုသူ တရားလိုအား ဆန့်ကျင်လက်ရှိထားသည့်နေ့မှစ၍ ၁၂ နှစ် အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ အချင်းဖြစ်မြေကွက်အမည်ပေါက်သူမှာ ဦးအေးမောင်၊ ဒေါ်စိန်လုံဖြစ်ပြီး ၎င်းတို့ကွယ်လွန်ပြီးနောက် ဦးမြသိန်း၊ ဒေါ်တင်လှနှင့် ဦးတင်ရွှေဟု အမွေဆက်ခံသူ သားသမီး ၃ ဦး ကျန်ရစ် ကြောင်း၊ ဒေါ်တင်လှက တရားလိုပြုလုပ်ပြီး မြေပေါ်တွင်ကျူးကျော် နေသူ ဦးမြမောင်၊ ဒေါ်ကျင်သိန်းနှ၏ သားသမီးများဖြစ်သော ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့အား တရားမကြီးမှုအမှတ် ၅၉/ ၁၉၉၆

၁။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၆၆
၂။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၅

၂၀၂၂ ခုနှစ်
ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ဖြင့် ကျူးကျော်သူများအား နှင်ထုတ်ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့သည် အမှုစွဲဆိုခံရသည့် ၁၉၉၆ ခုနှစ်မှစ၍ တရားလို ဒေါ်တင်လှကို ဆန့်ကျင်လက်ရှိထားသည်ဟု ကောက်ယူသုံးသပ်နိုင်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) နှင့် (၈) ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအမှတ် ၅၉/ ၁၉၉၆ အမှု၏ တရားလို ဒေါ်တင်လှသည် မြေကွက်အမည်ပေါက် ဦးအေးမောင်၊ ဒေါ်စိန်လုံတို့၏သမီးအနေဖြင့် အမွေဆက်ခံကာ တရားလိုအဖြစ် သက်ဆင်းစေသူဖြစ်ပြီး တရားပြိုင်များမှာ ကျူးမြေအဖြစ် အခွန်ပြေစာ အမည်ပေါက်သူ ဦးချစ်၊ ဦးကံညွန့်တို့ထံမှ ဝယ်ယူသူ ဦးမြမောင်၊ ဒေါ်ကျင်သိန်းနှင့် ၎င်းတို့ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သည့် ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့သည် မိဘအမွေကိုဆက်ခံကာ တရားပြိုင်များအဖြစ် သက်ဆင်းစေသူများဖြစ်ကြောင်း၊ အလားတူပင် မူလတရားမကြီးမှုအမှတ် ၁၁/ ၂၀၁၃ အမှု တရားလိုများသည်လည်း မူလမြေအမည်ပေါက်သူ၏မြေများအဖြစ် အမွေဆက်ခံကာ တရားလိုများအဖြစ် သက်ဆင်းစေသူများဖြစ်ပြီး တရားပြိုင်များသည်လည်း ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့ထံမှ အရပ်စာချုပ်များ ချုပ်ဆိုဝယ်ယူကာ တရားပြိုင်များအဖြစ် ဆက်ခံကြသူများဖြစ်ကြောင်း၊

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

တရားမကြီးမှုအမှတ် ၁၀/ ၂၀၁၃ အမှုကို စွဲဆိုရာတွင် စည်းကမ်းသတ်ကာလကို ၁၉၉၆ ခုနှစ်မှစ၍ ရေတွက်ခြင်းသည်သာ မှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ မူလခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့က တရားမကြီးမှုအမှတ် ၂၂၇/ ၂၀၀၁ တွင် ရောင်းချရန်ကြော်ငြာကို ကန့်ကွက်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ်ပေါ်ပေါက်သည်ဟု ကောက်ယူခြင်းသည် မှန်ကန်မှုမရှိကြောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၇ နှစ်နီးပါးအကြာ ၁၄ - ၁ - ၂၀၁၃ ရက်နေ့တွင်မှ တရားစွဲဆိုခြင်းဖြစ်၍ သတ်မှတ်စည်းကမ်းသတ်ကာလ ၁၂ နှစ်ထက်များစွာ ကျော်လွန်ပြီးဖြစ်ကြောင်း၊ ၁၉၆၅ ခုနှစ် နောက်ပိုင်းမှစ၍ အချင်းဖြစ်မြေကွက်ကို လက်ရှိထားနိုင်မှုမရှိဘဲ နှစ်ပေါင်း ၅၀ တိုင် လက်လွတ်ဖြစ်နေခဲ့သည်မှာမှန်ကြောင်း မူလရုံးတရားလိုများ၏ကိုယ်စားလှယ် ဦးဇော်ညွန့်ဦး၏ထွက်ချက်တွင် အတိအလင်းပါရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြဿနာအမှတ် (၁) ကို တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု ဖြေဆိုဆုံးဖြတ်သင့်ကြောင်းနှင့် ဤတရားမအထူးအယူခံမှုကိုခွင့်ပြုပြီး မူလတရားမကြီးမှုကို စရိတ်နှင့်တကွပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များဘက်မှ လာရောက် လျှောက်လဲတင်ပြမှုမရှိပေ။

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

အဆိုလွှာတွင် တရားလိုများသည် မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ကျောက်ရေတွင်း၊ အာဇာနည်လမ်း၊ အမှတ် (၉၀) ဟုခေါ်တွင်သော မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၄/ A၊ မြေကွက်အမှတ် ၈၂၊ ဧရိယာ ၀.၇၃ ဧကရှိ မြေ အမည်ပေါက်ပိုင်ရှင်မှမွေးဖွားသော အမွေစား၊ အမွေခံများဖြစ်ကြ ကြောင်း၊ (၁)တရားလိုသည် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂၂၈/ ၂၀၀၀ တွင် အနိုင်ဒီကရီရရှိပြီးနောက် ၂၀၀၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၂၇ ကို ဖွင့်လှစ်၍ အချင်းဖြစ်မြေကွက်ကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သတင်းစာမှ ကြေညာချက် ထုတ်လိုက်သောအခါ တရားပြိုင်များမှ ကန့်ကွက်ခဲ့ရာ ရုံးတော်က စစ်ဆေး၍ တရားပြိုင်များ၏လျှောက်လွှာကို ပယ်ခဲ့ကြောင်း၊ တရားပြိုင်များက ရန်ကုန်မြို့၊ တရားရုံးချုပ်သို့ ၂၀၀၅ ခုနှစ် တရားမ ပြင်ဆင်မှုအမှတ် ၁၀၃၊ ၁၀၄၊ ၁၀၆ ဖြင့် အသီးသီးတင်သွင်းခဲ့ရာ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုပြီး တရားမပြင်ဆင်မှု ၃ မှု ကို ပလပ်ခဲ့ကြောင်း၊ ထိုသို့ ပလပ်ခဲ့သော်လည်း တရားပြိုင်များက အချင်းဖြစ်မြေပေါ်တွင်ခြံခတ်၍ ပိုင်ရှင်ရှိသည်ဟုရေးသားပြီး မြေကို အဓမ္မလက်ရောက်ရယူထားကြောင်း၊ တရားပြိုင်များအားနှင်ထုတ်ဖယ်ရှား စေပြီး အချင်းဖြစ်မြေကွက်လွတ်ကို တရားလိုများသို့ လက်ရောက်

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ပေးအပ်စေသည့် ဒီကရီကို ရယူလိုကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုများ၏အမွေရှင်ဖြစ်သည်ဟု ဆိုသူများ ပိုင်ဆိုင်ခဲ့ကြောင်း မည်သည့်စာချုပ်စာတမ်းမျှမရှိကြောင်း၊ (၁) (၂) တရားပြိုင်တို့သည် ၁ - ၂ - ၁၉၉၇ ရက်စွဲပါ ခြံမြေအပြီးအပိုင် အရောင်း အဝယ်စာချုပ်ဖြင့်လည်းကောင်း၊ (၃)တရားပြိုင်သည် ၃ - ၃ - ၁၉၉၃ ရက်စွဲပါ ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် လည်းကောင်း ဝယ်ယူခဲ့ပြီး ပိုင်ရှင်ကဲ့သို့ ပွင့်ပွင့်လင်းလင်း လက်ရှိနေထိုင်ပိုင်ဆိုင် လျက်ရှိခဲ့ရာ ယနေ့အထိ နှစ်ပေါင်း ၂၀ ကျော် ကြာပြီဖြစ် ကြောင်း၊ မြေအမည်ပေါက် ဦးအေးမောင်၊ ဒေါ်စိန်လုံတို့၏သမီး ဒေါ်တင်လှက စည်ပင်သာယာရေးမြေစာရင်းဌာနတွင် အချင်းဖြစ်မြေကွက်ကို လယ်ယာမြေမှကင်းလွတ်ကြောင်း လ/ န ၃ - ခ လျှောက် ထားခဲ့ရာ ကျူးကျော်နေထိုင်သူများရှိ၍ လ/ န ၃ - ခ မရရှိခဲ့ကြောင်း၊ တရားလို များသည် အချင်းဖြစ်မြေကွက်ကို လက်ရောက်ရခွင့်ရှိကြောင်း မတောင်းဆိုနိုင်ကြောင်း၊ တရားလိုများသည် အချင်းဖြစ်ခြံမြေကွက် ကိုပိုင်ဆိုင်ကြောင်း မည်သည့်စာချုပ်စာတမ်းမျှ တင်ပြနိုင်ခြင်းမရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ စွဲဆိုသောအမှု သည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်ကြောင်း၊ အချင်းဖြစ် ခြံမြေသည်ဥယျာဉ်ခြံမြေဖြစ်၍ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ

မရှိကြောင်း၊ အဆိုလွှာကို စရိတ်နှင့်တကွပလပ်ပေးရန် ချေပသည်။

မူလရုံးဖြစ်သော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ငြင်းချက် ၅ ရပ် ထုတ်နုတ်ပြီး ပဏာမငြင်းချက်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ဟု လည်းကောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်နေသည်မှာ မမှန် ဟုလည်းကောင်း ဖြေဆိုဆုံးဖြတ်သည်။ ထို့နောက် နှစ်ဖက်သက် သေခံချက်များရယူပြီး တရားလိုများ အမွေဆက်ခံပိုင်ဆိုင်သော အချင်းဖြစ်မြေပေါ်တွင် တရားပြိုင်များက ကျူးကျော်ဝင်ရောက်နေ ထိုင်သည်မှာ မှန်ကြောင်း သုံးသပ်ဖြေဆို၍ တရားလိုများသို့ အနိုင် ဒီကရီချမှတ်ပေးခဲ့သည်။ မူလခရိုင်တရားရုံး၏ဒီကရီကို အယူခံရုံး အဆင့်ဆင့်က အတည်ပြုခဲ့သည်။

အရေးယူလောက်သောပြဿနာ အမှတ် (၂) ဖြစ်သည့် ကာလ စည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် ဆုံးဖြတ်ခဲ့ ပြီးဖြစ်၍ အယူခံရုံးတွင် တင်ပြခွင့်မရှိတော့ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဦးစွာစိစစ် သုံးသပ်လိုသည်။

မူလတရားမကြီးမှုတွင် စွဲဆိုသောအမှုသည် ကာလစည်း ကမ်းသတ်ကျော်လွန်မှုမရှိကြောင်း ပဏာမငြင်းချက်အပေါ် ဖြေဆို

ချမှတ်သည့်အမိန့်ကို ယခုအမှု၏ အယူခံ တရားလိုများဖြစ်သော မူလမှုတရားပြိုင်များက အထက်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်း လျှောက်ထားခဲ့မှုမရှိပေ။ အပြီးသတ်ဒီကရီအပေါ် တင်သွင်းသော အယူခံမှုများ၌ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ အယူခံ အကြောင်းပြချက်တစ်ရပ်အဖြစ် ထည့်သွင်းတင်ပြလျှောက်ထားခဲ့ရာ တိုင်းဒေသကြီးတရားလွှတ်တော်က ကာလစည်းကမ်းသတ်ကျော် လွန်ခြင်းမရှိဟု ဆုံးဖြတ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ တင်သွင်းသော အယူခံမှုတွင် ပြည်ထောင်စုတရားလွှတ်တော် ချုပ်က ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပါသည်ဟု ဤအယူခံမှုတွင် တင်ပြခွင့်မရှိတော့ပေဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်။

ကာလစည်းကမ်းသတ်ကျော်လွန်သည်မှာ မမှန်ကြောင်း ပဏာမငြင်းချက်အပေါ် ဖြေဆိုချမှတ်သော အမိန့်သည် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သောအမိန့် မဟုတ် ပေ။ အယူခံဝင်ခွင့်ရှိသည့်အမိန့် မဟုတ်သောကြောင့် အမှုသည် သည် ပြင်ဆင်မှုကိုမလွှဲမသွေ လျှောက်ထားရန်လိုအပ်သည် မဟုတ်ပေ။ အမှုတွင် ချမှတ်သည့်ဒီကရီကို အယူခံဝင်ရာ၌

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ (၁) အရ အမှုအဆုံးအဖြတ်ကို ထိခိုက်စေသော အဆိုပါအမိန့်ပါ မှားယွင်းမှု၊ ချွတ်ယွင်းမှု၊ နည်းလမ်း မကျမှုတစ်ရပ်ရပ်ကို အယူခံအကြောင်းပြချက်တစ်ရပ်အဖြစ် ဖော်ပြ အယူခံဝင်နိုင်ပေသည်။ **ဦးမောင်ကြီး နှင့် ဒေါ်သီတာ ပါ ၅ အမှု** [၃] ကို ကြည့်ပါ။

ကာလစည်းကမ်းသတ်ပြဿနာကို မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင် ဖြစ်စေ အမှုတွင်ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီးအချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်။ **ဦးဝင်းဟန် ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်တင် အမှု** [၄] ကို ကြည့်ပါ။

သို့ဖြစ်ရာ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမ ငြင်းချက်အဖြစ် ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ကာလစည်းကမ်းသတ်ကျော် လွန်ပါသည်ဟု အယူခံရုံးတွင် တင်ပြခွင့်မရှိတော့ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခြင်းသည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားလိုများစွဲဆိုသော မူလတရားမကြီးမှုသည် ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ ဆက်လက်စိစစ်ရန် ဖြစ်သည်။

၃။ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၁

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

အချင်းဖြစ်မြေကွက်၏ အစိတ်အပိုင်းတစ်ခုကို မူလတရားမကြီးမှု၏ အမှတ်(၃)တရားပြိုင် ဦးအောင်ကိုးက ၃ - ၃ - ၁၉၉၃ ရက်စွဲပါ ခြံမြေအရောင်းအဝယ်ကတိစာချုပ် သက်သေခံ (၇) ဖြင့်လည်းကောင်း၊ ကျန်မြေအစိတ်အပိုင်းကို အမှတ် (၁) (၂) တရားပြိုင်များဖြစ်သော ဦးမောင်မောင်လှနှင့် ဦးဇော်ဝင်းဌေးတို့က ၁ - ၂ - ၁၉၉၇ ရက်စွဲပါခြံမြေအရောင်းအဝယ်စာချုပ် သက်သေခံ (၁၉) ဖြင့်လည်းကောင်း ဦးမြမောင်၏ သားသမီးများထံမှ မှတ်ပုံမတင်သောစာချုပ်များဖြင့် အသီးသီးဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင်ကြကြောင်း တရားပြိုင်များက တင်ပြချေပကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဌာနစုမှူး ဦးထွန်းထွန်း (လိုပြ- ၂) က မြို့မြေစာရင်းမှတ်တမ်းတွင် အချင်းဖြစ်မြေကွက်၏ အမည်ပေါက်ပိုင်ရှင်မှာ လက်ရှိအချိန်အထိ မောင်မောင်၊ မစိန်လုံဖြစ်ကြောင်း ထွက်ဆိုထားသည်။

အချင်းဖြစ်မြေကွက်အတွက် ၁၉၆၄- ၆၅ ခုနှစ် မြေခွန်ပြေစာ၊ သက်သေခံ (၁) တွင် စည်းကြပ်သူအမည်၌ ကိုအေးမောင်၊ မစိန်လုံ အမည် ရေးသားထားပြီး ၁၉၆၅- ၆၆ မြေခွန်ပြေစာ၊ သက်သေခံ (၂) တွင် စည်းကြပ်သူအမည် အစိုးရ ကျူး ကိုချစ်၊ ကိုကံညွန့် ဟု ရေးသား

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ထားသည်။

အချင်းဖြစ်မြေကွက်အတွက် ပေးဆောင်ထားသော မြေခွန်ပြေစာများတွင် အဆိုပါ သက်သေခံ (၁) ၊ ၁၉၆၄ - ၆၅ ပြေစာတစ်စောင်တည်းတွင်သာ ကိုအေးမောင်၊ မစိန်လုံအမည်ဖြစ်ကြောင်း တွေ့ရှိရသည်။

တရားပြိုင်များဘက်က အချင်းဖြစ်မြေကွက်ကို ဝယ်ယူစဉ်တွင် ရောင်းသူများက ပေးအပ်သဖြင့် ရရှိသော မြေကွက်နှင့် စပ်လျဉ်းသည့် ၁၉၆၉ - ၇၀ မှ ၁၉၈၂ - ၈၃ အတွင်း မြေခွန် ပြေစာ ၁၁ စောင်ကို သက်သေခံ ( ၈ မှ ၁၈ ထိ ) တင်သွင်းထားရာ ထိုသက်သေခံ မြေခွန်ပြေစာများတွင်လည်း မြေလုပ်ကိုင်သူအမည် နေရာ၌ ကျူး ကိုချစ်၊ ကိုကံညွန့် ဟု ရေးသားထားသည်။ အဆိုပါ ဦးချစ်နှင့် ဦးကံညွန့်ထံမှ ဦးမြမောင်က ဝယ်ယူခဲ့ရာ ဦးမြမောင် ကွယ်လွန်ပြီး ဦးမြမောင်၏သားသမီးများက ဆက်လက်နေထိုင်လုပ်ကိုင်ကြောင်း၊ ထိုဦးမြမောင်၏သားသမီးများထံမှ တရားပြိုင်တို့က ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း တင်ပြခြင်းဖြစ်သည်။

ဦးမြသိန်း၊ ဒေါ်တင်လှ၊ ဦးတင်ရွှေတို့ မောင်နှမသည် အချင်းဖြစ်မြေကွက် အမည်ပေါက်သူ ဦးအေးမောင်၊ ဒေါ်စိန်လုံတို့၏သားသမီးများဖြစ်ပြီး၊ ယခုတရားမကြီးမှု၏ အမှတ် (၁) တရားလို

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ဒေါ်ရီတာတင်မောင် (ခ) ဒေါ်နုနုတင်သည် ဦးမြသိန်း၏ဇနီးဖြစ်ကြောင်း၊ အမှတ် (၂) (၃) တရားလိုတို့သည် ဒေါ်တင်လှ၏ သားနှင့် သမီးဖြစ်ပြီး၊ အမှတ် (၄) (၅) (၆) တရားလိုတို့သည် ဦးတင်ရွှေ၏ သားသမီးများဖြစ်ကြကြောင်း တရားလိုဘက်သက်သေခံချက်များအရ တွေ့ရှိရသည်။

ဦးမြသိန်း ကွယ်လွန်ပြီးနောက် ဒေါ်ရီတာတင်မောင်က ဦးမြသိန်းရရှိမည့် အမွေဝေစုအတွက် ဒေါ်တင်လှနှင့် ဦးတင်ရွှေအပေါ် ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၂၈/ ၂၀၀၀ ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေပစ္စည်းဖြစ်သော ယခု အချင်းဖြစ်မြေကွက်၏ ၃ ပုံ ၁ ပုံကို ရထိုက်ကြောင်း ဒီကရီရရှိ၍ တရားမဇာရီမှုအမှတ် ၂၂၇/ ၂၀၀၁ ဖြင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်ကို လေလံတင်ရောင်းချရန် သတင်းစာတွင် ကြော်ငြာရာ ယခုအမှုမှ တရားပြိုင်များက ကန့်ကွက်လျှောက်ထားရာ၌ ပလပ်ခံရကြောင်း၊ တရားပြိုင်များက အချင်းဖြစ်ခြံမြေကို လက်ရောက်ရယူထားသဖြင့် ယခုတရားမကြီးမှုကို စွဲဆိုကြောင်း နှစ်ဖက်သက်သေခံချက်များအရ ပေါ်ပေါက်သည်။

ဒေါ်ရီတာတင်မောင်က ဒေါ်တင်လှ နှင့် ဦးတင်ရွှေအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု မစွဲဆိုမီ ၁၉၉၆ ခုနှစ်တွင် ဒေါ်တင်လှ

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

က တရားလိုပြုလုပ်ပြီး၊ ဦးမြမောင်၊ ဒေါ်ကျင်သိန်း ၏ သားသမီးများဖြစ်သော ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့အပေါ် ယခုအချင်းဖြစ်မြေပေါ်မှ ဖယ်ရှားပေးရန် ရန်ကုန်တိုင်းတရားရုံး (တရားမ)၌ ၁၉၉၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉ ဖြင့် ကျူးကျော်သူများအားနှင်ထုတ်ဖယ်ရှားပေးစေလိုမှုကို စွဲဆိုခဲ့ကြောင်း အမှုတွဲရှိ အဆိုပါအမှု၏ ငြင်းချက်နှင့် ကြားဖြတ်အမိန့် သက်သေခံ (ဘ) နှင့် (မ) အရ တွေ့ရှိရသည်။

အဆိုပါ ရန်ကုန်တိုင်းတရားရုံး (တရားမ) ၏ ၁၉၉၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉ မှာ မရမ်းကုန်းမြို့နယ်တရားရုံးသို့ လွှဲပြောင်းရောက်ရှိသဖြင့် မရမ်းကုန်းမြို့နယ်တရားရုံး ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၀ အဖြစ် ဖွင့်လှစ်စစ်ဆေးခဲ့ပြီးနောက် အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် တရားလိုက အယူခံတင်သွင်းရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၁၉၉၉ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၅၁ တွင် ၂၆ - ၁၁ - ၁၉၉၉ ရက်နေ့၌ အနိုင်ဒီကရီချမှတ်ခဲ့သည်။ အနိုင်ဒီကရီရရှိသော ဒေါ်တင်လှက မရမ်းကုန်းမြို့နယ်တရားရုံးတွင် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်သောအခါ ယခုတရားမကြီးမှု၏ တရားပြိုင်များက အဆိုပါ မရမ်းကုန်းမြို့နယ်တရားရုံး ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ တွင်

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်းလည်းမရှိ၊ အမှုနှင့်လည်းပတ်သက်ခဲ့ခြင်းမရှိ၍ ခရိုင်တရားရုံးက ၂၆ - ၁၁ - ၁၉၉၉ ရက်နေ့တွင် ချမှတ်သောဒီကရီသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုကိုဒေါ်တင်လှ၊ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညို တို့ ၄ ဦးကို တရားပြိုင်ထားရှိကာ မရမ်းကုန်းမြို့နယ်တရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၂ အဖြစ် တင်သွင်းစွဲဆိုခဲ့ကြောင်း၊ ထိုအမှု၏ အမှတ် (၁) တရားပြိုင် ဒေါ်တင်လှက တရားလိုများသည် မိမိပိုင်မြေအတွင်း ကျူးကျော်နေသူများသာဖြစ်ကြောင်း၊ ၎င်းတို့ပိုင်ဆိုင်မှုမှာ တရားဝင်ပိုင်ဆိုင်မှုများမဟုတ်ကြောင်း၊ ကျူးကျော်သူများဖြစ်၍ မြွက်ဟဒီကရီမရထိုက်ဟု ချေလွှာတင်သွင်းခဲ့ကြောင်း မရမ်းကုန်းမြို့နယ်တရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၂၂ ၏ စီရင်ချက် သက်သေခံ (၂၁) အရ ပေါ်ပေါက်သည်။

တရားနိုင် ဒေါ်တင်လှက ဦးမြင့်စိန်၊ ဦးတင်ဦး၊ ဒေါ်စိမ်းစိမ်းညိုတို့အပေါ် ဖွင့်လှစ်ဆောင်ရွက်သည့် မရမ်းကုန်းမြို့နယ်တရားရုံး တရားမဇာရီမှုအမှတ် ၆/ ၂၀၀၃ အမှုမှာလည်း တရားနိုင်က တရားရုံးသို့မလာရောက်သောကြောင့် ၈ - ၃ - ၂၀၀၄ ရက်နေ့ကပင် အမှုကို ပိတ်သိမ်းပြီးဖြစ်သည်ကို သက်သေခံ (၃) အမိန့်အရ တွေ့ရှိရသည်။

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

အထက်ပါ မရမ်းကုန်းမြို့နယ်တရားရုံး ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၂ တွင်လည်း ထိုအမှု၏တရားလိုများဖြစ်သည့် ယခုတရားမကြီးမှု၏ တရားပြိုင်များသည် သက်သေခံ ( ၇ နှင့် ၁၉ ) ခြံမြေအရောင်းအဝယ်စာချုပ်များကိုပင် သက်သေခံ တင်သွင်းခဲ့ကြကြောင်းလည်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ယခုတရားမကြီးမှု၏ တရားပြိုင်များသည် ထိုကာလကတည်းက သက်သေခံ ( ၇ နှင့် ၁၉ ) ခြံမြေ အရောင်းအဝယ်စာချုပ်များကို အကြောင်းပြု၍ မြေစာရင်း၌ အမည်ပေါက်သူ ဦးအေးမောင်၊ ဒေါ်စိန်လုံ၏ အမွေစားအမွေခံများအား ဆန့်ကျင်ပြီး အချင်းဖြစ်မြေကွက်တွင် ပွင့်ပွင့်လင်းလင်းလက်ရှိထား နေထိုင်ခဲ့ကြကြောင်း ထင်ရှားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၂ (၄) တွင် “ တရားပြိုင်ဆိုရာတွင် ၎င်းကိုယ်တိုင်မှဖြစ်စေ၊ ၎င်းမှတစ်ဆင့်ဖြစ်စေ တရားပြိုင်၏ တရားစွဲဆိုခြင်းခံရမည့်တာဝန် ဖြစ်ပေါ်စေသူ မည်သူမဆိုပါဝင်သည်” ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေပုဒ်မ ၂ (၈) တွင် “ တရားလိုဆိုရာတွင် ၎င်းကိုယ်တိုင်မှဖြစ်စေ၊ ၎င်းမှတစ်ဆင့်ဖြစ်စေ တရားလို၏တရားစွဲဆိုနိုင်သည့် အခွင့်အရေးဖြစ်ပေါ်စေသူ မည်သူမဆိုပါဝင်သည် ” ဟု ပြဋ္ဌာန်းထားသည်။

၂၀၂၂ ခုနှစ်

ဦးမောင်မောင်လှ ပါ ၃
နှင့်
ဒေါ်ရီတာတင်မောင်(ခ)
ဒေါ်နုနုတင် ပါ ၆

ယခုတရားမကြီးမှုတွင် အမှတ် (၂) (၃) တရားလိုများ၏ မိခင် ဒေါ်တင်လှက အချင်းဖြစ်မြေကွက်ပေါ်တွင် ကျူးကျော်နေသူများအား နှင်ထုတ်ဖယ်ရှားပေးရန် ၁၉၉၆ ခုနှစ်တွင် တရားမကြီးမှုအမှတ် ၅၉ ကို စွဲဆိုခဲ့ခြင်းဖြစ်ရာ တရားပြိုင်များသည် ၁၉၉၆ ခုနှစ်မှစ၍ တရားလိုများအား ဆန့်ကျင်လက်ရှိထားနေထိုင်ခဲ့ခြင်းဖြစ်ပေသည်။

ယုတ်စွအဆုံး မရမ်းကုန်းမြို့နယ်တရားရုံး ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၂ တွင် အမှတ် (၁) တရားပြိုင် ဒေါ်တင်လှက ထိုအမှုတရားလိုများဖြစ်သော ယခု တရားမကြီးမှု တရားပြိုင်များသည် အချင်းဖြစ်မြေကွက်တွင် ကျူးကျော်နေထိုင်သူများဖြစ်ကြောင်း ချေပတင်ပြခဲ့သည်ဖြစ်ရာ တရားပြိုင်များ၏ ကျူးကျော်မှုကို အဆိုပါအမှု စွဲဆိုသည့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ စည်းကမ်းသတ်ကာလကို ရေတွက်မည်ဆိုလျှင်ပင် တရားလိုများက ၁၄ - ၁ - ၂၀၁၃ ရက်နေ့တွင် စွဲဆိုသော ယခုတရားမကြီးမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၁၄၄ အရ စည်းကမ်းသတ်ကာလ ၁၂ နှစ် ကို ကျော်လွန်ပြီးဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး (တရားမ) ၁၉၉၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉ ၏ ၁၉- ၈- ၁၉၉၆ ရက်စွဲပါ အမိန့် သက်သေခံ (မ) နှင့် မရမ်းကုန်းမြို့နယ်တရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှု

အမှတ် ၂၂ ၏ ၃၁ - ၇ - ၂၀၀၃ ရက်စွဲပါ စီရင်ချက် သက်သေခံ (၂၁) တို့အရ တရားလိုများစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း သက်သေထင်ရှားပေါ်ပေါက်သည်ဖြစ်ရာ မူလ တရားမကြီးမှုအား ပလပ်ရန်ပင်ဖြစ်သည်။

သို့ဖြစ်၍ ကြားနာခဲ့သောပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" (၁) တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်း သတ်ကျော်လွန်ခြင်းရှိကြောင်း၊

(၂) ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ပဏာမ ငြင်းချက်အဖြစ် သတ်မှတ်ကာ ဖြေဆိုဆုံးဖြတ် ခဲ့ပြီးဖြစ်၍ အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပါသည်ဟု အယူခံရုံးတွင် တင်ပြခွင့်မရှိ တော့ပေဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ် က ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း။"

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကိုခွင့်ပြု၍ တရားရုံး အဆင့်ဆင့်၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်ပြီး မူလရုံး တရားလိုများစွဲဆိုသည့်အမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

# နောက်ဆက်တွဲများ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လွှဲအပ်မှုများ<br>လက်ခံစစ်ဆေးကြားနာစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၁ |
| ၂။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>အမိန့်ကြော်ငြာစာအမှတ် (၆၃၄/ ၂၀၂၃) | ၈ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၂၂ ခုနှစ်၊ မတ် လ ၂၅ ရက် )

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လွှဲအပ်မှုများ

## လက်ခံစစ်ဆေးကြားနာစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေတစ်ရပ်ရပ်အရ တင်ပြသော လွှဲအပ်မှုများကို စစ်ဆေးကြားနာစီရင်ရာတွင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၇၃ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## လွှဲအပ်မှုများကို စိစစ်လက်ခံခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြလာသော လွှဲအပ်မှုလျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုအပ်သည့် ရုံးခွန်တံဆိပ်ခေါင်းများ ပြည့်စုံမှုရှိ-မရှိ တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက ကနဦး စိစစ်ကြည့်ရှုရမည်။

၂။ လွှဲအပ်မှု လျှောက်ထားရာတွင် လျှောက်ထားသူက လွှဲအပ်မှုလျှောက်လွှာ၊ လျှောက်လွှာနှင့်အတူ လွှဲအပ်မှုလျှောက်လွှာ၊ လျှောက်လွှာနှင့်အတူ လွှဲအပ်တင်ပြသည့် ဥပဒေကြောင်းဆိုင်ရာ ပြဿနာရပ်တို့ကို မူရင်းတစ်စောင်၊ မိတ္တူ (၅) စောင် တင်သွင်းရမည်။ လျှောက်ထားခံရသူ တစ်ဦးထက်ပိုပါက ပိုသည့်အရေအတွက်အတိုင်း မိတ္တူများကို ဖြည့်စွက်ပူးတွဲတင်သွင်းရမည်။

၃။ တင်သွင်းလာသော လွှဲအပ်မှုလျှောက်လွှာအား တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက စိစစ်ကြည့်ရှုပြီး ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းလိုအပ်ချက်များကို သတ်မှတ်ရက်အတွင်း တင်ပြစေရန်နှင့် ပြည့်စုံမှုရှိလျှင် သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းအမှုဖွင့်လှစ်၍ ပြည်ထောင်စုတရားစီရင်

ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၄။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေး မှူးချုပ်သည် လွှဲအပ်မှု အမှုတွဲအား စိစစ်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၅။ လျှောက်ထားခံရသူများထံသို့ လွှဲအပ်မှုလျှောက်လွှာ၊ လွှဲအပ်တင်ပြသည့် ဥပဒေကြောင်းဆိုင်ရာ ပြဿနာရပ်များကို မိတ္တူပူးတွဲလျက် အကြောင်းကြားစာ ပေးပို့ရမည်။ လိုအပ်လျှင် သက်ဆိုင်ရာ အမှုတွဲများအား တောင်းခေါ်ရမည်။

၆။ လျှောက်ထားခံရသူ ရောက်ရှိ၍ ရှေ့နေငှားရမ်းလိုလျှင် ရှေ့နေကိုယ်စားလှယ်စာတင်ရန် ရက်ချိန်းပေးရမည်။

၇။ လွှဲအပ်မှုလျှောက်ထားခံရသူများထံပေးပို့သော အကြောင်းကြားစာ အတည်ဖြစ်ပြီး တောင်းခေါ်သည့်အမှုတွဲများ ပြည့်စုံစွာရရှိပါက လွှဲအပ်မှုများအား (ဂ) စာရင်းသို့ ရေးသွင်းရမည်။

၈။ တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးသည် လွှဲအပ်မှုများ စစ်ဆေးကြားနာစီရင်နိုင်ရေးအတွက် ကြိုတင်အမှုခေါ်စာရင်း ရေးသွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

## အခန်း (၂)

## အထူးခုံရုံးဖွဲ့စည်းခြင်း

၉။ ပြည်ထောင်စုတရားသူကြီးချုပ်သည် လွှဲအပ်မှုများ ကြားနာစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦးပါဝင်သော အထူးခုံရုံးကို ဖွဲ့စည်းပေးရမည်။ လိုအပ်လျှင် အထူးခုံရုံးကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၃)

## လွှဲအပ်မှုများ ကြားနာစီရင်ခြင်း

၁၀။ လွှဲအပ်မှုများ ကြားနာစီရင်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကြားနာရန် သတ်မှတ်ထားသော ပြဿနာများနှင့် စပ်လျဉ်း၍သာ နှစ်ဖက်တင်ပြ လျှောက်ထားရမည်။

(ခ) နှစ်ဖက်ကြားနာပြီးနောက် သတ်မှတ်ထားသော ပြဿနာများနှင့်စပ်လျဉ်း၍ လွှဲအပ်မှုကို သင့်သည် ထင်မြင်သည့်အတိုင်း အဆုံးအဖြတ်ပေးရမည်။

## အခန်း (၄)

## အထွေထွေ

၁၁။ စီရင်ချက်ချမှတ်ပြီးသော လွှဲအပ်မှုများကို တရားခွင်စာရေးက လက်ထောက်ညွှန်ကြားရေးမှူးထံ ပေးပို့ရမည်။

၁၂။ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲများကို လက်ခံပြီးနောက် သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်တွင် စီရင်ချက်၏ လိုရင်းအချက်နှင့် မှတ်ပုံတင်စာအုပ်ရှိ စာတိုင်များ၌ ပြည့်စုံစွာရေးသွင်း၍ လက်မှတ်ရေးထိုးရမည်။

၁၃။ လွှဲအပ်မှု၏ စီရင်ချက်မိတ္တူတစ်စောင်ကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ အခွန်အယူခံခုံအဖွဲ့ရုံးသို့ ပေးပို့ရမည်။

၁၄။ လွှဲအပ်မှုနှင့်စပ်လျဉ်းသည့် အမှုတွဲတောင်းခေါ်ခဲ့ခြင်းရှိပါက အဆိုပါအမှုတွဲများကို စီရင်ချက်ချမှတ်ပြီးနောက် ပြန်လည်ပေးပို့ရမည်။

၁၅။ လွှဲအပ်မှုများ စစ်ဆေးစီရင်ရာတွင် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အမှုများ လက်ခံစစ်ဆေးကြားနာစီရင်

ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ”
ကို လိုက်နာရန်ဖြစ်သည်။

( ထွန်းထွန်းဦး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၂၂၅ / ပတခ (၇၀၂/ ၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ် လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

ဥပဒေရေးရာဝန်ကြီးဌာန

အခွန်အယူခံခုံအဖွဲ့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးအားလုံး

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးအားလုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ရုံးလက်ခံ/ မျှော

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး | | ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် |
| ဦးစီးဌာန | | ပေးပို့ပါသည်။ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# အမိန့်ကြော်ငြာစာအမှတ် ( ၆၃၄ / ၂၀၂၃ )

# ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ( ၇ ) ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေများအက် ဥပဒေပုဒ်မ ၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့် နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၂၇ ကို နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (၁) အဖြစ် သတ်မှတ်၍၊ ယင်းနောက်တွင် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**နည်းဥပဒေ ၂၇ (၂)။** **ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူ တစ်ဦးတစ်ယောက်သည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရမည်။ လိုက်နာရန် ပျက်ကွက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါရှေ့နေကို အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းပြုရမည်။**

( သာဌေး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၄၅၄ / ပတခ (၁၃၆၈/ ၂၀၂၃ )

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၇ ရက်